# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၁)၊ အမှတ် (၀၆၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုမျက်နှာစာ ဖြစ်သကဲ့သို့ နိုင်ငံနှင့်လူမျိုး တိုးတက်ဖွံ့ဖြိုးရေးတွင် အရေးပါလှသည့် ယဉ်ကျေးမှုဆိုင်ရာ နယ်ပယ်ကြီးတစ်ခုဖြစ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၄**

၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု နှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို စာဆိုတော်နေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ မြဝတီမီဒီယာစင်တာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုများချီးမြှင့်ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယ ဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊

*စာမျက်နှာ ၃ ကော်လံ ၁*

## ယနေ့ ဖတ်စရာ

**အိုမီခရွန်ကူးစက်မှုပျံ့နှံ့လာသည့်အတွက် အမေရိကန်၌ ကာကွယ်ဆေးထိုးမှုနှုန်းမြင့်မားလာ**

နိုင်ငံတကာသတင်း စာ - ၁၃

**ဗုဒ္ဓအဆုံးအမဖြင့် အောင်မြင်ခြင်း**

ကတညုတာ

ကျေးဇူးတရားကို သိတတ်ခြင်းသည် မင်္ဂလာမည်၏။

ဆောင်းပါး စာ - ၂၀

**ကျူးကျော်စစ်ပွဲများမှ အတိတ်သမိုင်းသင်ခန်းစာများ (၂)**

**အဖြေရှာခက်ဆဲ လစ်ဗျားပြည်တွင်းစစ်ကပေးသော သင်ခန်းစာ**

ဆောင်းပါး စာ - ၂၁

မြန်မာ့အလင်း

# ကလောင်စွမ်းအားဖြင့် နိုင်ငံသားကောင်းများ ပျိုးထောင်

နိုင်ငံတစ်နိုင်ငံ ကောင်းရန်အတွက် နိုင်ငံသားကောင်းများ လိုအပ်သည်။ နိုင်ငံသားတို့ စိတ်ဓာတ်မြင့်မား၊ အရည်အချင်းမြင့်မားမှသာ နိုင်ငံကိုလည်း မြင့်မြင့်မားမား တည်ဆောက်နိုင်မည်။ ဒီမိုကရေစီစနစ် ကျင့်သုံးသည့်နိုင်ငံတွင် နိုင်ငံသားပြည်သူများ၏ ကဏ္ဍမှာ ပိုမိုကြီးမားကျယ်ပြန့်သည့်အလျောက် နိုင်ငံသားတစ်ဦးချင်းစီတွင် အရည်အသွေးပြည့်ဝနေကြရမည်ဖြစ်သည်။ နိုင်ငံသားကောင်း၏ အရည်အသွေးများကို ဉာဏ်အမြော်အမြင် (Intelligence)၊ မိမိကိုယ်ကိုယ် ထိန်းသိမ်းနိုင်စွမ်း (Self–Control)၊ အကောင်းအဆိုး ခွဲခြားနိုင်သည့် အသိတရား (Conscience) ဟူ၍ အရည်အသွေးသုံးရပ် သတ်မှတ်ထားရာအားလုံးသည် ပညာအပေါ်မှာသာ အခြေခံထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ပညာပြည့်ဝနှလုံးလှသော နိုင်ငံသားများကသာ နိုင်ငံကို ဝင့်ထည်မြင့်မားစွာတည်ဆောက်နိုင်မည်ဖြစ်သော်လည်း မိမိတို့နိုင်ငံ၏ နိုင်ငံသားအများစု၏ ပညာရေးအခြေအနေမှာ ပျမ်းမျှအားဖြင့် အခြေခံပညာအလယ်တန်းမျှသာရှိနေသည်။ ကျောင်းသင်ပညာအားနည်းသည့်အပြင် ဗဟုသုတအကြားအမြင်တို့ပါ ချို့တဲ့နေမည်၊ နည်းပါးနေမည်ဆိုပါက တစ်ပါးသူတို့၏ ခြယ်လှယ်မှု၊ လွှမ်းမိုးမှုတို့ကို အလွယ်တကူ ခံရနိုင်သည်ဟူ၍ ယေဘုယျအားဖြင့် သုံးသပ်နိုင်သည်။ လှည့်ဖြားတတ်သူတို့၏ အညာအလိုင်းများအောက်တွင် အမြတ်ထုတ်ခံ၊ အသုံးချခံရသည့်အခြေအနေသို့ ရောက်မှန်းမသိ ရောက်သွားတတ်သည်။ ဒီမိုကရေစီစနစ်အရ နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ရှိနေမည်ဖြစ်ရာ အမျိုးသားအကျိုးစီးပွားထက် ပါတီအကျိုးစီးပွားကိုသာ ကျဉ်းမြောင်းစွာကြည့်တတ်ကြသည့် နိုင်ငံရေးပါတီများ၊ ပြည်သူ့ရေးရာကိစ္စများတွင် မှန်ကန်စွာဖြေရှင်းခြင်း မပြုဘဲ နိုင်ငံရေးအမြတ်ထုတ်တတ်ကြသည့် နိုင်ငံရေးသမားများက ပြည်သူကို တစ်နည်းနည်းဖြင့် နာကြည်းအောင် ဆွပေးကာ ကြမ်းကြမ်းတမ်းတမ်းလှုံ့ဆော်မှုများကြောင့် ပြင်းထန်သည့် ခံစားမှုများမှတစ်ဆင့် နိုင်ငံအတွင်း စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားရသည့်အခြေအနေများမှာ နိုင်ငံသားကောင်းအရည်အသွေးများ နည်းပါးခြင်းကြောင့်ပင်ဖြစ်သည်။

“နိုင်ငံ့သမိုင်းရေစီးကြောင်းတွင် စာပေပညာရှင်ကြီးများသည် နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ခေတ်၏ လိုအပ်ချက်အတိုင်း ကလောင်လက်နက်ဖြင့် အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းခဲ့ကြသည်ကို အထင်အရှားတွေ့ရပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားများ အတွေးအခေါ် မှန်ကန်စေရန်၊ နည်းလမ်းမှန်ကန်သော အသိဉာဏ် ဗဟုသုတတိုးပွားစေရန်၊ အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရား ကောင်းမွန်စေရန်၊ လူသားအရင်းအမြစ်အရည်အသွေး တိုးတက်တောက်ပြောင်စေရန် “စာပေ” အားဖြင့် ထိန်းကျောင်းတည့်မတ်ပေးသွားရမည်ဖြစ်ပါကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၀ ပြည့်နှစ် အမျိုးသား စာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနား၌ ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ရာ စာပေပညာရှင်တို့၏ အခန်းကဏ္ဍကို လေးစားအသိအမှတ်ပြုခြင်းနှင့်အတူ ကလောင်လက်နက်ပိုင်ရှင်တို့၏ တာဝန်တို့ကို မီးမောင်းထိုး ထင်ရှားစေခဲ့ခြင်းလည်းဖြစ်သည်။

စာရေးဆရာ စာပေပညာရှင်တို့၏ မျက်မှောက်ကာလ သမိုင်းပေးတာဝန်များသည် မိမိတို့နိုင်ငံ၏ နိုင်ငံသူ နိုင်ငံသားများ ဉာဏ်အမြော်အမြင် မြင့်မားရေး၊ မိမိကိုယ်ကိုယ် ထိန်းသိမ်းနိုင်စွမ်းမြင့်မားရေး၊ အကောင်းအဆိုး အကျိုးအပြစ်တို့ကို မှန်ကန်စွာ ခွဲခြားသိရှိနိုင်စွမ်းမြင့်မားရေးတို့ကို မြှင့်တင်ပေးရန်ပင် ဖြစ်သည်ဟု ရှုမြင်မိသည်။ နိုင်ငံသားတို့ ပညာပြည့်ဝနှလုံးလှရေးအတွက် ကလောင်ဖြင့် လမ်းညွှန်ကြရန်၊ ကလောင်ဖြင့် ထိန်းကျောင်းကြရန် တစ်နည်းအားဖြင့် နိုင်ငံအတွက် အဓိက လိုအပ်ချက်ဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သော နိုင်ငံသားကောင်းများကို ကလောင်စွမ်းအားဖြင့် ပြုစုပျိုးထောင်ကြိုးပမ်းကြရေး တိုက်တွန်းအပ်ပါကြောင်း။ ။

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ခေတ်မီစံပြကျေးရွာများ အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော်  ဒီဇင်ဘာ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ခေတ်မီစံပြကျေးရွာများ အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၃ ရက်က နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ကျေးလက်နေပြည်သူများ လူနေမှုမြင့်မားရန်**

ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက မြို့ပြနှင့် ကျေးလက် ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းစေရန် မျှော်မှန်း၍ လူနေမှုအဆင့်အတန်းမြင့်မားပြီး စီးပွားရေးခိုင်မာအားကောင်းကာ အစိမ်းရောင်ဖွံ့ဖြိုးမှုဖြစ်စဉ်ကို အားပေးသည့် ခေတ်မီစံပြကျေးရွာများ ထူထောင်နိုင်ရန် ရည်မှန်းချက်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျေးရွာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးစေခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊ သွင်းအားစု၊ ငွေကြေးဝန်ဆောင်မှုနှင့် နည်းပညာများ ပံ့ပိုးပေးခြင်းဖြင့် ကျေးလက်စီးပွားရေး မြင့်မားလာစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသော နေချင့်စဖွယ် စံပြကျေးရွာများ ဖြစ်ပေါ်လာစေရန်၊ ကျေးရွာသူ ကျေးရွာသားများနှင့် ကျေးရွာအသင်းအဖွဲ့များ စွမ်းဆောင်ရည် မြင့်မားလာစေခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို ဖော်ဆောင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာများက မိမိတို့နှင့် သက်ဆိုင်ရာ ကဏ္ဍများကို ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

**ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ရှင်းလင်း**

ထို့နောက် နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမျိုးက နေပြည်တော်အတွင်း ခေတ်မီစံပြကျေးရွာများ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက ဆွေးနွေးချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးသည်။

**ခေတ်မီစံပြကျေးရွာများ ဆောင်ရွက်မည်**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ခေတ်မီစံပြကျေးရွာများအဖြစ် ပျဉ်းမနားမြို့နယ် ကျွန်းဦးကျေးရွာ၊ လယ်ဝေးမြို့နယ် သော်မော်ကုန်းကျေးရွာနှင့် တပ်ကုန်းမြို့နယ် ငွေးပင်ကျေးရွာတို့ကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း (ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၄-၁၂-၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 2 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 3 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| Anti–inflammatory | | | | |
| 4 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 5 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 6 | Injection–Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 7 | P.O Favipiravir 400 mg | 2x10 Tablet | 50000 | AA Medical |
| 8 | Injection – Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 9 | Injection Enoxaprim 40 mg | 1 Pre–Filled Syringe | 7000 | Nyi Lay Naing |
| 10 | Injection Enoxaprim 60 mg | 1 Pre–Filled Syringe | 9000 | Nyi Lay Naing |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccp-md.org)နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်

# ရန်ကုန်မြို့ YBS ယာဉ်များအပေါ် လိုက်ပါစီးနင်းသည့် ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေး

**ရန်ကုန်  ဒီဇင်ဘာ ၄**

ရန်ကုန်မြို့အတွင်း YBS ယာဉ်များဖြင့် မဖြစ်မနေ သွားလာလုပ်ရှားနေသော ခရီးသွားပြည်သူများ ကိုဗစ်-၁၉ ကပ်ရောဂါ ပြန့်ပွားမှု ပိုမိုကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) မှ နှာခေါင်းစည်းများကို ယနေ့ နံနက်ပိုင်းတွင် အခမဲ့ဖြန့်ဝေပေးသည်။

**စတုတ္ထလှိုင်း ပျံ့နှံ့မှုမရှိရေး**

ရန်ကုန်တိုင်း ဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) သည် ယနေ့တွင် ရန်ကုန်မြို့အတွင်း မဖြစ်မနေသွားလာလှုပ်ရှားနေကြရသည့် ခရီးသွားပြည်သူများအား ကိုဗစ်-၁၉ ကပ်ရောဂါ စတုတ္ထလှိုင်း ပျံ့နှံ့မှုမရှိရေး ကြိုတင်ကာကွယ်နိုင်ရန်အတွက် အသိပညာပေးမှုများနှင့်အတူ နှာခေါင်းစည်းများကို ပြည်သူများအကြား အခမဲ့ဖြန့်ဝေပေးခဲ့သည်။ ယင်းသို့ ဖြန့်ဝေပေးရာတွင် ရန်ကုန်မြို့အတွင်း ဆူးလေမှတ်တိုင်နှင့် ကမ္ဘာအေးဘုရားလမ်း နေရာနှစ်ခုခွဲကာ စုစုပေါင်း နှာခေါင်းစည်း ခြောက်သောင်းကျော်ကို ဖြန့်ဝေပေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) သည် ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့မှုကာကွယ်ထိန်းချုပ်ရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ ရန်ကုန်မြို့တွင်း အခမဲ့ ဖြန့်ဝေပေးခြင်းသည် ယခုအကြိမ်တွင် (၁၀) ကြိမ်မြောက် ပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။



ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) က ခရီးသွား ပြည်သူများအား နှာခေါင်းစည်းများ လိုက်လံဝေငှစဉ်။ ဓာတ်ပုံ- မိုးမခ

မြင့်မိုရ်

❊ *ရှေ့ဖုံးမှ*

မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စု ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ် ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရရှိကြသူများနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ကြည့်ရှုလေ့လာ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြပြီး ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် သုတ၊ ရသ၊ အထွေထွေ စာအုပ်များ၊ အထူးထုတ် စာအုပ်များ၊ နှစ်ချုပ်စာအုပ်များ၊ ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုရရှိကြသူများ၏



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသော စာအုပ်များကို စိတ်ဝင်တစား ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆုရရှိသည့် ဆရာကြီး ဦးစိန်လှိုင် (သူရဇော်)အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားစာပေဆု ဂန္ထဝင်ကဗျာဆုရ "မြင်းမိုရ်စိတ်ကူး ကဗျာများ" စာအုပ်ကိုရေးသားသူ ဆရာချစ်စုအောင် အား ဆုပေးအပ်ချီးမြှင့်စဉ်။

အတ္ထုပ္ပတ္တိနှင့် ဆုရစာအုပ်များ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုလေ့လာရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ထို့နောက် အခမ်းအနား စတင်ကျင်းပကြောင်း ကြေညာပြီး စာပေဆုနှင်းသဘင် ဂုဏ်ပြုတေးသီချင်း Video Clip ကိုပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် **"ဂုဏ်ပြုချီးမြှင့်ထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာမည်၏"** ဟူသည့် မြန်မာတို့၏ဆိုရိုးစကားကို လေးလေးမြတ်မြတ် လိုက်နာကျင့်သုံးပြီး မြန်မာ့ယဉ်ကျေးမှု အစဉ်အလာ တစ်ခုဖြစ်သော နတ်တော်လဆန်း ၁ ရက် စာဆိုတော်နေ့တွင် ကျင်းပသည့် ယနေ့ ဆုနှင်းသဘင် အခမ်းအနားတွင် အမှာစကား ပြောကြားခွင့်ရသည့်အတွက် ကြည်နူးဝမ်းမြောက်ရပါကြောင်း။

### အပြန်အလှန် အကျိုးပြု

စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှု မျက်နှာစာဖြစ်သကဲ့သို့ နိုင်ငံနှင့်လူမျိုး တိုးတက်ဖွံ့ဖြိုးရေးတွင် အရေးပါလှသည့် ယဉ်ကျေးမှုဆိုင်ရာ နယ်ပယ်ကြီးတစ်ခုဖြစ်သည်ကို မြန်မာ့သမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုများတွင် အထင်အရှား တွေ့နိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာလူမျိုးနှင့် မြန်မာစာပေသည် ခေတ်အဆက်ဆက် မကင်းမကွာရှိနေခဲ့ပြီး အမျိုးသားရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများတွင် စာပေနှင့်ပြည်သူတို့ အပြန်အလှန် အကျိုးပြုနိုင်ခဲ့သည့် သာဓကများစွာရှိခဲ့ပါကြောင်း။

မိမိတို့ မြန်မာစာပေ၏ သက်တမ်းသည် ပုဂံခေတ် ၁၂ရာစု အစမှ မျက်မှောက်ခေတ်အထိဆိုပါက နှစ်ပေါင်း ၁၀၀၀ နီးပါးရှိပြီဖြစ်ပါကြောင်း၊ မြန်မာဘာသာစကားနှင့် မြန်မာစာပေသည် မြန်မာ့သမိုင်းရေစီးကြောင်းတွင် ခိုင်မာတည်တံ့စွာ ထင်လင်းခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်ပါကြောင်း၊ မိမိနိုင်ငံနှင့် လူမျိုးအတွက် အသိဉာဏ် အမြော်အမြင်နှင့် စိတ်ဓာတ်အင်အားကို ဖွံ့ဖြိုးစေလိုသည့် စေတနာဖြင့် သုတရသ စာပေအဖြာဖြာကို အားထုတ်ရေးဖွဲ့ခဲ့သည့် စာပေကလောင်ရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏ ကျေးဇူးတရားကို အလေးအမြတ် ဂုဏ်ပြုရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆိုကြီးများကို ဂုဏ်ပြုချီးကျူးသောအားဖြင့် မြန်မာနိုင်ငံအဝန်း နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်နေ့တွင် "စာဆိုတော်နေ့"အခမ်းအနားကိုကျင်းပခဲ့ကြခြင်းဖြစ်ပါကြောင်း။

### ၇၇နှစ် ရှိခဲ့ပြီဖြစ်

၁၉၄၄ ခုနှစ်တွင် ပထမအကြိမ် စာဆိုတော်နေ့ကို ကျင်းပခဲ့သည့်အတွက် ယခုနှစ်ဆိုပါက နှစ်ပေါင်း ၇၇နှစ် ရှိခဲ့ပြီဖြစ်ပါကြောင်း၊ စာရေးဆရာများ၊ စာပေချစ်မြတ်နိုးသူများအတွက် မြန်မာနိုင်ငံ တစ်နံ တစ်လျားတွင် နတ်တော်လဆန်း ၁ ရက် စာဆိုတော်နေ့ ဝန်းကျင်အချိန်သည် စာပေဆိုင်ရာ လှုပ်ရှားမှုများဖြင့် ဝေစည်နေသည့် ကာလဖြစ်ပါကြောင်း၊ စာဆိုတော်နေ့အကြိုနှင့် စာဆိုတော်နေ့ နောက်ပိုင်းအချိန်အထိ စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးဝါကြီး စာရေးဆရာကြီးများ ကန်တော့ပွဲများ၊ စာပေဟောပြောပွဲများ၊ စာပေပြိုင်ပွဲများ၊ စာအုပ်စာပေပြပွဲများ ကျင်းပလေ့ရှိပြီး စာဆိုတော်နေ့ အထိမ်းအမှတ် စာစောင်၊ မဂ္ဂဇင်းများလည်း ထုတ်ဝေကြပါကြောင်း။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

နိုင်ငံတော် အစိုးရအနေဖြင့်လည်း မြန်မာ့ယဉ်ကျေးမှုအနုပညာ နယ်ပယ်အသီးသီးဖြာထွက်ရာ ပင်မ မဏ္ဍိုင်ဖြစ်သည့် မြန်မာစာပေနယ်ပယ် ဖွံ့ဖြိုးတိုးတက်ရေးကို ရည်သန်မျှော်မှန်းပြီး စာဆိုတော်ကြီးများ၏ အကောင်းဆုံး စာပေလက်ရာများကို ရွေးချယ်ကာ အမျိုးသားစာပေဆုအဖြစ် နှစ်စဉ် စာဆိုတော်နေ့တွင် ချီးမြှောက် ဂုဏ်ပြုပေးလျက်ရှိပါကြောင်း၊ ဒုတိယကမ္ဘာစစ်အပြီး စစ်ဘေးစစ်ဒဏ်ခံခဲ့ရသည့် မြန်မာနိုင်ငံကို အဘက်ဘက်ကပြန်လည်ထူထောင်ရေးအတွက် ၁၉၄၇ ခုနှစ် ဇွန်လ ၆ ရက်မှ ၇ ရက်နေ့အထိ ရန်ကုန်မြို့ ပြည်လမ်း "ဆိုရန် တိုဗီလာ အဆောက်အအုံ" ၌ "မြန်မာပြည်ပြန်လည်ထူထောင်ရေးလုပ်ငန်းကွန်ဖရင့်" ကို ကျင်းပခဲ့ပါကြောင်း၊ ယင်းကွန်ဖရင့်တွင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက "လူအများအတွက် အရေးကြီးသည့် စာအုပ်တွေ၊ အသုံးကျမည့် စာအုပ်တွေကို ပုံနှိပ်ထုတ်ဝေရမယ်၊ ဘာသာပြန်ဌာနကြီးတစ်ခု ဖွင့်ရမယ်" ဟု မိန့်ခွန်းတွင် ထည့်သွင်းမြွက်ကြားခဲ့ပါကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆု ရရှိကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**○ နိုင်ငံတော်အစိုးရအနေဖြင့်လည်း မြန်မာ့ယဉ်ကျေးမှု အနုပညာ နယ်ပယ်အသီးသီးဖြာထွက်ရာ ပင်မ မဏ္ဍိုင်ဖြစ်သည့် မြန်မာစာပေနယ်ပယ် ဖွံ့ဖြိုးတိုးတက်ရေးကို ရည်သန်မျှော်မှန်းပြီး စာဆိုတော်ကြီးများ၏ အကောင်းဆုံး စာပေလက်ရာများကို ရွေးချယ်ကာ အမျိုးသားစာပေဆုအဖြစ်နှစ်စဉ် စာဆိုတော်နေ့တွင် ချီးမြှောက်ဂုဏ်ပြုပေးလျက်ရှိ**

### အမျိုးမျိုးပြောင်းလဲချီးမြှင့်

ထို့ကြောင့် ၁၉၄၇ ခုနှစ် သြဂုတ်လတွင် "မြန်မာနိုင်ငံ ဘာသာပြန် စာပေအသင်း" နှင့် "စာပေဗိမာန်" ကိုစတင် တည်ထောင်ခဲ့ပါကြောင်း၊ ကမ္ဘာကို မြန်မာကသိအောင် ဘာသာပြန်စာအုပ်များ ထုတ်ဝေခဲ့သကဲ့သို့ ပြည်သူအများ ဗဟုသုတနှင့် ဉာဏ်ပညာဖွံ့ဖြိုးစေမည့် စာအုပ်စာပေများကိုလည်း ထုတ်ဝေခဲ့ပါကြောင်း၊ ထို့ပြင် မြန်မာစာပေဖွံ့ဖြိုးရေးအတွက် စာပေဆုများ ချီးမြှင့်သည့် လုပ်ငန်းကိုပါ ဆောင်ရွက် လာခဲ့ပါကြောင်း၊ ၁၉၄၈ ခုနှစ်တွင် "စာပေဗိမာန် ကာလပေါ်ဝတ္ထုဆု" ကို စတင်ချီးမြှင့်ခဲ့ပါကြောင်း၊ "စာပေဗိမာန်ဆု"၊ "အနုပညာစာပေဆိုင်ရာဆု"၊ "အမျိုးသားစာပေဆု" စသည်ဖြင့် ဆုအမည်ကို ပုံသဏ္ဌာန်အမျိုးမျိုး ပြောင်းလဲ ချီးမြှင့်ခဲ့ပါကြောင်း၊ ဆုချီးမြှင့်မည့် ဘာသာရပ်များကိုလည်း တိုးတက်ချီးမြှင့်ခဲ့သည်မှာ ၂၀၂၀ ပြည့်နှစ်အတွက် အမျိုးသားစာပေဆုတွင် ဆုချီးမြှင့်မည့် ဘာသာရပ် ( ၁၉ )မျိုးအထိ ရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ ထို့အပြင် မြန်မာစာပေအကျိုးကို တစ်သက်တာလုံး အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တစိုက်မတ်မတ် စာပေရေးသားပြုစုခဲ့သည့် စာပေပညာရှင်ကြီးများကို အသိအမှတ်ပြုချီးမြှောက်သည့် အနေဖြင့် "အမျိုးသား စာပေတစ်သက်တာဆု" ကို ၂၀၀၁ ခုနှစ်တွင် စတင်ပြီး ချီးမြှင့်ခဲ့ပါကြောင်း။

ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ပုံနှိပ်ထုတ်ဝေခြင်း မပြုနိုင်သည့် ကလောင်ရှင်များ၏ စာမူကောင်းများကို စာအုပ်ဖြစ်စေရန်ရည်ရွယ်ပြီး ပြိုင်ပွဲဝင်စနစ်ဖြင့် "စာပေဗိမာန်စာမူဆု"အဖြစ် ရွေးချယ်ကာ ဘာသာရပ် ၁၃ မျိုးအထိ ဆုချီးမြှင့်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုနှစ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ စေတနာဖြင့် စာပေပညာရှင်ကြီးများကို ဂုဏ်ပြုချီးမြှောက်လိုမှု၊ စာပေပညာရှင်ကြီးများ၏ လူမှုဘဝ ပိုမိုဖူလုံစေမှုတို့ဖြင့် ဆုချီးမြှင့်ငွေများကို ယနေ့ဆုနှင်းသဘင်တွင် ပိုမိုတိုးမြှင့် ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ ယခင်က အမျိုးသား စာပေတစ်သက်တာဆုကို ငွေကျပ်သိန်း ၅၀ ချီးမြှင့်ခဲ့ရာမှ ယခုနှစ်တွင် ငွေကျပ်သိန်း ၁၀၀ ချီးမြှင့်မည်ဖြစ်ပြီး အမျိုးသားစာပေဆုတွင် ယခင်က ငွေကျပ် ၂၅ သိန်း ချီးမြှင့်ရာမှ ယခုနှစ်တွင် ငွေကျပ်သိန်း ၃၀ အထိ တိုးမြှင့်ပြီးလည်းကောင်း၊ စာပေဗိမာန် စာမူဆုများကိုလည်း ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ၇ သိန်း၊ တတိယဆု ငွေကျပ် ၅ သိန်းမှ ယခုပထမဆု ငွေကျပ် ၁၅ သိန်း၊ ဒုတိယဆု ငွေကျပ် ၁၀ သိန်း၊ တတိယဆု ငွေကျပ် ၇ သိန်း တိုးတက်ချီးမြှင့် သွားမည်ဖြစ်ပါကြောင်း၊ စာပေလောကသားများ အားလုံး ကြည်နူးဝမ်းမြောက်ကြမည်ဟုလည်း မျှော်လင့်ပါကြောင်း။

စာပေဆုများကို ရွေးချယ်ရာတွင်လည်း စာပေအတွေ့အကြုံပြည့်ဝသည့် ပညာရှင်ကြီး ၂၈ဦး ပါဝင်သည့် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီ၊ ပညာရှင် ၂၄ ဦး ပါဝင်သည့် စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့တို့ကို ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ အမှန်တကယ် ထိုက်တန်သော စာအုပ်များ၊ စာမူများကိုရွေးချယ် ချီးမြှင့်နိုင်ရန် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဆိုပြီး ပညာရှင်များက အဆင့်ဆင့် စိစစ်ရွေးချယ်ခဲ့ကြသည်ကို တွေ့ရပါကြောင်း၊

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် အမျိုးသားစာပေဆု စာပဒေသာဆုရ "ပါမောက္ခချုပ် ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ၏ "ဘဝခရီးနှင့် ဓမ္မဆီမီး" စာအုပ်ကို ရေးသားသူ ဆရာမြသန်းစံကိုယ်စား မိသားစုဝင်တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် စာပေဗိမာန်စာမူဆု ဝတ္ထုရှည် တတိယဆုရ "လေဆန်သည့်ငှက်၊ လှိုင်းထက်ကလှေ" စာမူကို ရေးသားသူ ဆရာတင်လင်းဇော် အား ဆုပေးအပ်ချီးမြှင့်စဉ်။

စာမျက်နှာ ၄ မှ

ယနေ့ အခမ်းအနားတွင် အမျိုးသားစာပေဆုအတွက် ၂၀၂၀ ပြည့်နှစ်အတွင်း ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၁၁၂၂ အုပ်အတွင်းမှ ဘာသာရပ် ၁၉ ခုအနက် ဘာသာရပ် ၁၂ခု၊ စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင်စာမူ ၂၅၉ စောင်အတွင်းမှ ဘာသာရပ် ၁၃ ခုအနက် ဆုချီးမြှင့်ရန် ထိုက်တန်သည့် စာမူပေါင်း ၂၇ ခုကို ဆုများ ချီးမြှင့်သွားမည် ဖြစ်ပါကြောင်း။

**နိုင်ငံတိုးတက်ရေးဆောင်ရွက်**

စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် စသည့် အနုပညာအဖွဲ့အစည်းများသည် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက် ပြောင်းလဲခဲ့ချိန်တွင်လည်း အစိုးရ၏ မူဝါဒအပေါ်မူတည်ပြီး နိုင်ငံတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရပါကြောင်း၊ အနုပညာရှင်ဆိုသည်မှာ ပြည်သူများအားလုံး၏ စိတ်ခံစားမှုများကို တက်ကြွအောင် ဆောင်ရွက်ပေးပြီး ခေတ်ရေစီးကြောင်းတွင် ပါဝင်လာအောင် ဆောင်ရွက်ပေးနိုင်ကြသူများ ဖြစ်ပါကြောင်း၊ ပြည်သူလူထုကို အသိပညာပေးခြင်း၊ ဖျော်ဖြေမှု ရသပေးခြင်းများနှင့်အတူ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် အမျိုးသားရေး စရိုက်လက္ခဏာများကို ထိန်းသိမ်းပြီး နိုင်ငံ၏ ရေစီးကြောင်းပေါ်တွင် ပါလာအောင် စည်းရုံးလှုံ့ဆော်နိုင်ခဲ့ကြသူများဖြစ်ပါကြောင်း။

လွန်ခဲ့သည့် နိုဝင်ဘာ ၁ ရက်က စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာ ရပ်ဝန်းအသီးသီးမှ အနုပညာရှင်များနှင့် တွေ့ဆုံအားပေးခဲ့ပြီး စားသောက်ဖွယ်ရာများနှင့် ရန်ပုံငွေကျပ်သိန်း ၄၀၀၀ ကို မတည်ငွေအဖြစ် ပေးအပ်ထောက်ပံ့ခဲ့ပါကြောင်း၊ အနုပညာရှင်များအပေါ် ထားရှိသည့် နိုင်ငံတော်၏ စေတနာနှင့် အလေးထားမှုကို ဖော်ပြခဲ့ခြင်းလည်း ဖြစ်ပါကြောင်း၊ မိမိတို့ ဦးတည်ဆောင်ရွက်နေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးတွင် စွမ်းရည်ထက်မြက်သည့် လူချွန်လူမွန်များ၊ အရည်အချင်းနှင့် အရည်အသွေးပြည့်ဝသည့် လူငယ်များကို မွေးထုတ်ပေးနိုင်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံ၏ မျိုးဆက်သစ်လူငယ်များ၏ နှလုံးရည်၊ ဉာဏ်ရည်များ မှန်ကန်စွာဖွံ့ဖြိုးရေးအတွက် စာပေလေ့လာဖတ်ရှုမှု အလေ့အထကို တိုးမြှင့်ပေးရန် လိုအပ်ပါကြောင်း၊ လူငယ်များ စာပေလေ့လာမှုနှုန်း မြင့်မားလာသည်နှင့်အမျှ ခေတ်မီလူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံကြွယ်ဝလာမည် ဖြစ်ပါကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေဆု ရရှိကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**စာကောင်းပေမွန်များလို**

မိမိတို့၏ နိုင်ငံသူနိုင်ငံသားများ စာပေလေ့လာဖတ်ရှုမှု အရှိန်အဟုန် မြင့်မားလာစေရန်အတွက် စာကြည့်တိုက်များကိုလည်း ခေတ်မီဖွံ့ဖြိုးအောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ စာကြည့်တိုက်မှတစ်ဆင့် သမိုင်းဆိုင်ရာများ၊ ဘာသာရပ်ပိုင်းဆိုင်ရာများ၊ လူမှုအသိုင်းအဝိုင်းဆိုင်ရာ ဗဟုသုတများကို ပေးစွမ်းနိုင်သည့်အတွက် စာကြည့်တိုက်များတွင် စာကောင်းပေမွန်များ ပြည့်စုံအောင်ထားရှိရန် လိုအပ်သကဲ့သို့ စာဖတ်သူများ လွယ်ကူစွာလေ့လာဖတ်ရှုနိုင်ရေး၊ စာအုပ်စာတမ်းများ ရေရှည်တည်တံ့စွာ ထိန်းသိမ်းနိုင်ရေးတို့ကို နည်းပညာအကူအညီနှင့် ဆောင်ရွက်သွားကြရန် သက်ဆိုင်ရာဝန်ကြီးဌာနများက ဖြည့်ဆည်းကူညီဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံ့သမိုင်း ရေစီးကြောင်းတွင် စာပေပညာရှင်ကြီးများသည် နိုင်ငံတိုးတက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ခေတ်၏လိုအပ်ချက်အတိုင်း ကလောင်လက်နက်ဖြင့် အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းခဲ့ကြသည်ကို အထင်အရှားတွေ့ရပါကြောင်း၊ နိုင်ငံသူ/နိုင်ငံသားများ အတွေးအခေါ်မှန်ကန်စေရန်၊ နည်းလမ်းမှန်ကန်သော အသိဉာဏ် ဗဟုသုတတိုးပွားစေရန်၊ အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရား ကောင်းမွန်စေရန်၊ လူသားအရင်းအမြစ် အရည်အသွေး တိုးတက် တောက်ပြောင်စေရန် “စာပေ” အားဖြင့် ထိန်းကျောင်းတည့်မတ်ပေးသွား ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စာပေပညာရှင်များ၊ စာရေးဆရာများကလည်း နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အား ပါဝင်ကြရန် နှိုးဆော်တိုက်တွန်းလိုပါကြောင်း။

ကမ္ဘာပေါ်တွင်ရှိသည့် မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးမဆို စာပေနှင့် ယဉ်ကျေးမှုကို အထူးတန်ဖိုးထားကြရပါကြောင်း၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံကူးလူးဆက်ဆံမှုမှ စာပေယဉ်ကျေးမှုများဖလှယ်နိုင်ပြီး စာပေမှတစ်ဆင့် ဘာသာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုစသည်တို့ ပြန့်ပွားဖလှယ်နိုင်ကြသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း၊ မြန်မာစာဆိုကြီးများသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် ရေးခဲ့သည့် စာပေများ ပေါ်ပေါက်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံသည် ခေတ်ကာလအမျိုးမျိုးကြားက နိုင်ငံရေးစနစ်များ မည်သို့ပင်ပြောင်းစေကာမူ ကမ္ဘာ့အလယ်တွင် စာပေယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ပါကြောင်း၊ မိမိတို့ခေတ်၊ နောင်မျိုးဆက်သစ်များ၏ ခေတ်တွင်လည်း တန်ဖိုးမဖြတ်နိုင်သည့် ဤမွန်မြတ်သည့် အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းရန် တာဝန်ရှိသကဲ့သို့ နှိုးဆော်မှုများ၊ ရေးသားစပ်ဆိုမှုများကို စာပေပညာရှင်များ၊ စာပေသုတေသီများက မျိုးဆက်သစ်ကလောင်ရှင်များကို စေတနာကောင်းနှင့် လက်ဆင့်ကမ်းခဲ့ကြရန် တိုက်တွန်းလိုပါကြောင်း၊ ထပ်မံဖော်ထုတ် ထိန်းသိမ်းရမည့် မြန်မာမှု၊ မြန်မာ့အတွေးအမြင်၊ မြန်မာ့ယဉ်ကျေးမှုများကို ဆက်လက်ဖော်ထုတ် တင်ပြနိုင်ကြပါစေရန်လည်း နှိုးဆော်အပ်ပါကြောင်း။

**နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်**

ယနေ့ဆုချီးမြှင့်ခံခဲ့ကြရသည့် စာပေပညာရှင်ကြီးများကလည်း အမျိုးဘာသာ သာသနာကောင်းကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သည့် နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်ဖော်ပြနိုင်သည့် စာကောင်းပေမွန်များကို ဆက်လက်ရေးသားဖွဲ့ဆိုနိုင်ကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း။

ယနေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများ၊ စာပေဆုရရှိသူများ၊ အထူးသဖြင့် ယခုကဲ့သို့စာပေဆုများ အောင်မြင်စွာ ချီးမြှင့်နိုင်စေရန်အချိန်ကုန်၊ လူအားစိုက်ထုတ်ပြီး စာပေစေတနာ အပြည့်အဝဖြင့် ဆောင်ရွက်ပေးခဲ့ကြသည့် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့တို့မှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ပညာရှင်များအားလုံးကိုအထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာစာပေလောက ခိုင်မြဲစည်ပင်ဖွံ့ဖြိုးရေးအတွက် ဆက်လက်ပါဝင်ကူညီပေးကြရန် မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆု ရရှိသူများဖြစ်သည့် ဆရာကြီး ဦးမောင်မောင်လတ် (နောင်)၊ ဆရာကြီး ဦးစိန်လှိုင် (သူရဇော်)နှင့် ဆရာမကြီး ဒေါ်ချိုချိုတင် (မစန္ဒာ)တို့ကို လည်းကောင်း၊ အမျိုးသား စာပေဆုရရှိသူများဖြစ်ကြသည့် ဝတ္ထုရှည်ဆုရ “ပျောက်ဆုံးသွားသောနှင်းစက်များ (သို့မဟုတ်) နှင်းစက်ပုံပြင်” စာအုပ်ကို ရေးသားသူ ဆရာမ မခြူးပွင့်၊ ဂန္ထဝင်ကဗျာဆုရ “မြင်းမိုရ်စိတ်ကူး ကဗျာများ” စာအုပ်ကိုရေးသားသူ ဆရာချစ်စုအောင်နှင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဆုရ “ရှေးဟောင်းယဉ်ကျေးမှု အစဉ်အလာ *စာမျက်နှာ ၆ သို့*



ပြည်ထောင်စုဝန်ကြီး ဦးကိုကို စာပေဗိမာန်စာမူဆု စာပဒေသာ ပထမဆုရ “ဆိုင်းဂီတဖြင့် တိုင်းပြည်အလှ ဆင်ခြင်း(သို့) အလင်္ကာကျော်စွာ စိန်စတင်း” စာမူကို ရေးသားသူ ဆရာ မြေလတ်မင်းလွင် အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ စာပေဗိမာန်စာမူဆု ကလေးစာပေ ဒုတိယဆုရ “ဖူးစီဝေလန်းရောင်စုံပန်းကလေး ကဗျာများ” စာမူကို ရေးသားသူ ဆရာမ သက်ဦးခင် အား ဆုပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၅ မှ*

အမွေအနှစ် တက္ကသိုလ် ပညာသင်ကြားခဲ့ရာများ” စာအုပ်ကို ရေးသားသူ ဆရာနိုင်ဇော်တို့ကိုလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ရာ ဆုရရှိသူများနှင့် ၎င်းတို့၏ မိသားစုဝင်များက လက်ခံရယူကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အမျိုးသားစာပေဆုရရှိသူများ ဖြစ်ကြသည့် အင်္ဂလိပ်ဘာသာ (ရသ) ဆုရ “A Motley Collection of My Works” စာအုပ်ကို ရေးသားသူ ဆရာမ အေးဖြူ၊ စာပဒေသာဆုရ “ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ၏ ဘဝခရီးနှင့် ဓမ္မဆီမီး” စာအုပ်ကို ရေးသားသူ ဆရာမြသန်းစံ၊ သုတပဒေသာ (အသုံးချသိပ္ပံ)ဆုရ “ကလေးကျန်းမာဖွံ့ဖြိုးရေး၊ နိုင်ငံတိုးတက်မှုနှင့် ခဲဆိပ်အန္တရာယ်” စာအုပ်ကို ရေးသားသူ ဆရာ ဒေါက်တာ ဦးလှကြည် (ကလေးကျန်းမာရေး)၊ ဘာသာပြန်(သုတ) ဆုရ “ပစ်မှတ်” စာအုပ်ကို ရေးသားသူ ဆရာ ရဲမင်းဝင်း၊ နိုင်ငံရေး စာပေဆုရ “ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေး သဘောတရားအမြင်များ” စာအုပ်ကို ရေးသားသူ ဆရာမ မန္တလာရီ (မဟာဝိဇ္ဇာ)နှင့် သုတပဒေသာ(ဝိဇ္ဇာ)ဆုရ “စာပေပင်လယ်ထဲက ကဗျာလှိုင်းကလေး” စာအုပ်ကို ရေးသားသူ ဆရာ ဒေါက်တာ အောင်မြင့်ဦးတို့ကို ဆုများ ပေးအပ်ချီးမြှင့်ရာ ဆုရရှိသူများနှင့် ၎င်းတို့၏ မိသားစုဝင်များက လက်ခံရယူကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ၂၀၂၀ ပြည့်နှစ် စာပေဗိမာန်စာမူဆု ရရှိကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

ရသစာတမ်း (အက်ဆေး) ဆုရ “မြို့ကလေးရဲ့ အော်ပရာ အက်ဆေးများ” စာအုပ်ကို ရေးသားသူ ဆရာ နိုင်ဝင်းသီတို့ကိုလည်းကောင်း၊ စာပေဗိမာန်စာမူဆုရသူများဖြစ်ကြသည့် ဝတ္ထုရှည် ပထမဆုရ “မလင်း ဘယ်ခါရှိပါ့မယ်” စာမူကို ရေးသားသူ ဆရာညိမ်းညို၊ ဝတ္ထုရှည် ဒုတိယဆုရ “မေတ္တာရှိရင်းစွဲမို့ လွဲနိုင်ပါဘူးရှင်” စာမူကို ရေးသားသူ ဆရာကံမြင့်မော်နှင့် ဝတ္ထုရှည် တတိယဆုရ “လေဆန်သည့်ငှက်၊ လှိုင်းထက်ကလှေ” စာမူကို ရေးသားသူ ဆရာတင်လင်းဇော်တို့ကိုလည်းကောင်းဆုများကို ပေးအပ်ချီးမြှင့်ရာ ဆုရရှိသူများနှင့် ၎င်းတို့၏ မိသားစုဝင်များက လက်ခံရယူကြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက စာပေဗိမာန်စာမူဆု ရရှိသူများဖြစ်ကြသည့် ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ “ဖားဝိဇ္ဇာနှင့် ကျေးရွာအလှ ဝတ္ထုတိုများ” စာမူကိုရေးသားသူ ဆရာသိန်းဇော်(ရွှေလီဦး)၊ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ “မိုးယံထက်က အလှပန်းများနှင့် အခြားဝတ္ထုတိုများ” စာမူကို ရေးသားသူ ဆရာမင်းလပြည့်(ဟားခါး)၊ ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ “ပွဲကိုင်ရှင်တို့၏ နှလုံးသားအလှနှင့် ဝတ္ထုတိုများစုစည်းမှု” စာမူကို ရေးသားသူ ဆရာတင်တော်၊ ကဗျာပေါင်းချုပ် ပထမဆုရ “ရာသီမြို့လုံးချင်း ကဗျာများ” စာမူကို ရေးသားသူဆရာကောင်းနွဲ့၊ ကဗျာပေါင်းချုပ် ဒုတိယဆုရ “မြန်မာ့ဂန္ထဝင်ရန့် လက်ရွေးစင်ကဗျာများ” စာမူကို ရေးသားသူ ဆရာကျော်သက်ခိုင် (မုံရွာ)နှင့် ကဗျာပေါင်းချုပ် တတိယဆုရ “နေနှင့် လမင်း အလင်းသစ္စာ ကဗျာများ” စာမူကို ရေးသားသူ ဆရာကနောင်နိုင်နွယ်ဦးတို့ကို ဆုများပေးအပ်ချီးမြှင့်ရာ ဆုရရှိသူများနှင့် ၎င်းတို့၏ မိသားစုဝင်များက လက်ခံရယူကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက စာပေဗိမာန်စာမူဆုရရှိသူများဖြစ်ကြသည့် စာပဒေသာ ပထမဆုရ “ဆိုင်းဂီတဖြင့် တိုင်းပြည်အလှဆင်ခြင်း(သို့)အလင်္ကာကျော်စွာ စိန်စတင်း” စာမူကို ရေးသားသူ ဆရာ မြေလတ်မင်းလွင်၊ စာပဒေသာ ဒုတိယဆုရ “ဆည်းဆာရသ စာတမ်းများ” စာမူကို ရေးသားသူ ဆရာ ဇာတ်ညွှန်းအကယ်ဒမီ ကိုကိုလေး၊ စာပဒေသာ တတိယဆုရ “နာပေါင်းကုဋေ ဆရာမြေဝယ်” စာမူကို ရေးသားသူ ဆရာမ နန္ဒခင် (သက္ကလမြေ)၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေ ပထမဆုရ “မြန်မာနိုင်ငံအတွင်းရှိ အရှေ့ပိုးကရင်လူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့်စာပေ” စာမူကို ရေးသားသူ အရှင်ပညာသာမိ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဒုတိယဆုရ “ကွက်စိပ် ဗေဒသုခုမ” စာမူကိုရေးသားသူ ဆရာမင်းသျှင်အောင် (တွံတေး)နှင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေတတိယဆုရ “မြန်မာ့ယဉ်ကျေးမှု ဆယ့်နှစ်လရာသီ ဓလေ့ထုံးစဉ်လာ” စာမူကို ရေးသားသူ ဆရာအောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်) တို့ကို ဆုများပေးအပ်ချီးမြှင့်ရာ ဆုရရှိသူများနှင့် ၎င်းတို့၏ မိသားစုဝင်များက လက်ခံရယူကြသည်။

ယင်းနောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က စာပေဗိမာန်စာမူဆုရရှိသူများဖြစ်ကြသည့် သုတပဒေသာ(ဝိဇ္ဇာ) ပထမဆုရ “ဒွတ္တပေါင်မင်းကြီးနှင့် ကမ္ဘာ့အမွေအနှစ် စာရင်းဝင် သရေခေတ္တရာ” စာမူကိုရေးသားသူ ဆရာမယဉ်ယဉ်မွန် (ရှေးဟောင်း သုတေသန)၊ သုတပဒေသာ (ဝိဇ္ဇာ) ဒုတိယဆုရ “မြန်မာ့သုတ ပညာရေးမှတ်တိုင်များ” စာမူကို ရေးသားသူ ဆရာဦးညွန့်ဝေ(ဘီအေ ဘီအီးဒီ)၊ သုတပဒေသာ(ဝိဇ္ဇာ) တတိယဆုရ “ပအိုဝ်းရိုးရာ ဒုံးလွှတ်ခြင်း ဓလေ့နှင့် ဗမာဒုံးချင်း ကဗျာများ”စာမူကို ရေးသားသူ ဆရာလွင်မြန်မာ (မန်းတက္ကသိုလ်)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံနှင့် အသုံးချသိပ္ပံ) ပထမဆုရ “အရိပ်ရပင်နှင့် ပန်းအလှပင်များ”စာမူကို ရေးသားသူ ဆရာအောင်စိုး(စိုက်ပျိုး/၁၀၇)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံနှင့် အသုံးချသိပ္ပံ)ဒုတိယဆုရ “သက်စွန့်ဆံဖျားတောင်တက်ခြင်း အားကစား” စာမူကို ရေးသားသူ ဆရာမဆွေဆွေအုန်း (ရန်ကုန်တက္ကသိုလ်)နှင့် သုတပဒေသာ (ရိုးရိုးသိပ္ပံနှင့် အသုံးချသိပ္ပံ) တတိယဆုရ “သားရေခွာရုပ်လုံးသွင်း အတတ်ပညာ မိတ်ဆက်”စာမူကို ရေးသားသူ ဆရာကိုတူး (သာယာမြိုင်) တို့ကို ဆုများ ပေးအပ်ချီးမြှင့်ရာ ဆုရရှိသူများနှင့် ၎င်းတို့၏ မိသားစုဝင်များက လက်ခံရယူကြသည်။

> ❏ **နိုင်ငံသူ/နိုင်ငံသားများ အတွေးအခေါ်မှန်ကန်စေရန်၊ နည်းလမ်းမှန်ကန်သော အသိဉာဏ် ဗဟုသုတတိုးပွားစေရန်၊ အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရား ကောင်းမွန်စေရန်၊ လူသားအရင်းအမြစ် အရည်အသွေး တိုးတက်တောက်ပြောင်စေရန် “စာပေ” အားဖြင့် ထိန်းကျောင်းတည့်မတ်ပေးသွားရမည်**
>
> ❏ **စာပေပညာရှင်များ၊ စာရေးဆရာများကလည်း နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အား ပါဝင်ကြရန် နှိုးဆော်တိုက်တွန်းလို**

**လက်ခံရယူ**

ထို့နောက် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက စာပေဗိမာန်စာမူဆုရရှိသူများဖြစ်ကြသည့် ကလေးစာပေ ပထမဆုရ “မြန်မာ့မေတ္တာစွမ်း ကမ္ဘာကို လွှမ်းစေရမည်နှင့် ကလေးဝတ္ထုတိုများ” စာမူကို ရေးသားသူ ဆရာမ ဝတ်ရည်ခင် (ပဲခူး)၊ ကလေးစာပေ ဒုတိယဆုရ “ဖူးစီဝေလန်းရောင်စုံပန်း ကလေးကဗျာများ” စာမူကိုရေးသားသူ ဆရာမ သက်ဦးခင်၊ ကလေးစာပေ တတိယဆုရ “တို့လေးလေး စားစား သီဆိုမယ်နှင့် အခြားဝတ္ထုတိုများ” စာမူကို ရေးသားသူ ဆရာညွန့်ဝင်း(နတ္တလင်း)၊ လူငယ်စာပေပထမဆုရ “ကြယ်မကြွေသော ထိုကောင်းကင်” စာမူကို ရေးသားသူ ဆရာမ ယဉ်ယဉ်(ဘတ်ရဲ)၊ လူငယ်စာပေ ဒုတိယဆုရ “ပန်းတစ်ပွင့် လန်းစွင့်ခဲ့ပြီ” စာမူကို ရေးသားသူ ဆရာမ သက်ဦးခင်နှင့် လူငယ်စာပေ တတိယဆုရ “သားသို့ ပေးစာများ” စာမူကို ရေးသားသူ ဆရာနွေကံ့ကော်(မြို့လှ) တို့ကို ဆုများပေးအပ်ချီးမြှင့်ရာ ဆုရရှိသူများက လက်ခံရယူကြသည်။

**ကျေးဇူးတင်စကားပြောကြား**

ဆက်လက်ပြီး ဆုရရှိသူများကိုယ်စား အမျိုးသားစာပေတစ်သက်တာစာပေဆုရှင် ဆရာကြီး ဦးစိန်လှိုင် (သူရဇော်)က ကျေးဇူးတင်စကားပြောကြားရာ ယနေ့သည် စာပေသမားများအတွက် ထူးခြားသည့်နေ့တစ်နေ့ဖြစ်သည့် စာဆိုတော်နေ့ဖြစ်ပါကြောင်း၊ ယနေ့ကျင်းပပြုလုပ်သည့် ဆုချီးမြှင့်ပွဲတွင် ဆုရရှိခဲ့သည့် စာရေး ဆရာကြီးများနှင့် ဆရာမကြီးများအနေဖြင့် စာပေရေးသားမှုများကို မိမိတို့တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အတွက် စာပေအသီးအပွင့်များ ဝေဝေဆာဆာဖူးပွင့်လာနိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုအခါတွင် စာပေဆိုင်ရာဆုများချီးမြှင့် ပေးအပ်ရာတွင် ဆုငွေများ တိုးတက်ပေးအပ်ခဲ့သည့်အတွက် စာပေပညာရှင်များအတွက် ချီးမြှင့်ပေးမှုပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆုများကိုပေးအပ်ချီးမြှင့်မှုအတွက် နိုင်ငံတော်အကြီးအကဲများနှင့် တာဝန်ရှိသူများအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ခေတ်အဆက်ဆက် မြန်မာစာပေဖွံ့ဖြိုးတိုးတက်လာမှုနှင့် နိုင်ငံတော်အစိုးရက ကဏ္ဍပေါင်းစုံမှ ပံ့ပိုးဆောင်ရွက်ပေးခဲ့မှု အခြေအနေများနှင့် ပတ်သက်သည့် Video Clip ကို ပြသသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသား စာပေဆုနှင့် စာပေဗိမာန်စာမူဆု ရရှိကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဆုရရှိသည့် စာရေးဆရာကြီးများနှင့် ဆရာမကြီးများ၊ မိသားစုဝင်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမိနိုင်ငံအတွက် အဓိကလိုအပ်သည့် ငြိမ်းချမ်းရေး

“မပြောဘဲနေတာကြာလာတဲ့အခါ မစဉ်းစားဖြစ်ဖို့လည်း ပိုပြီးလွယ်လာတယ်” ဆိုတဲ့စကားရပ်အတိုင်း အမိနိုင်ငံအတွက် အဓိကလိုအပ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် ရပ်တန့်နေ၍မဖြစ်နိုင်ပါ။ ပြောနေ၊ ဆိုနေ၊ ညှိနှိုင်းနေမှ မည်ကဲ့သို့ တိုးတက်အောင်ဆောင်ရွက်မည်ဆိုသည့် စဉ်းစားချက်၊ တွေးခေါ်ချက်များ သက်ဆိုင်ရာ အဖွဲ့အစည်းများ၌ အစဉ်အမြဲ ကိန်းအောင်းနေမည်ဖြစ်ပါသည်။

**(ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း “တူယှဉ်နွဲ့ပျော် ဂီတပွဲတော်” ယှဉ်ပြိုင်ကျင်းပမှု တက်ရောက်အားပေး

ရန်ကုန် ဒီဇင်ဘာ ၄

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးလှစိုးနှင့်အတူ ယမန်နေ့ညပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ကျင်းပသည့် “တူယှဉ်နွဲ့ပျော် ဂီတပွဲတော်” ယှဉ်ပြိုင်ကျင်းပမှုအား တက်ရောက်အားပေးသည်။ (အောက်ပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဂီတပွဲတော်သို့ တက်ရောက်လာကြသည့် အနုပညာရှင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ပြည်သူများ အပန်းပြေစေရန်အတွက် ဖျော်ဖြေရေးလုပ်ငန်းများ ရိုက်ကူးတင်ဆက်နိုင်ရေး ဆွေးနွေးပြောကြားသည်။





ထို့နောက် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ရောက်ရှိမည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်ဖြစ်သည့် “တူယှဉ်နွဲ့ပျော် ဂီတပွဲတော်” အုပ်စု(၁)၊ ဒုတိယပွဲစဉ်တွင် နေပြည်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီးတို့မှ တိုင်းရင်းသားညီအစ်ကိုမောင်နှမ ကိုးဦးတို့၏ ယှဉ်ပြိုင်သီဆိုမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဒိုင်အဖွဲ့ဝင် အနုပညာရှင် သုံးဦးနှင့် ပြိုင်ပွဲဝင် ကိုးဦးတို့အား လိုက်လံနှုတ်ဆက်အားပေးပြီး အမှတ်တရ လက်ဆောင်များပေးအပ်ကာ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရောက်ရှိမည့် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် “တူယှဉ်နွဲ့ပျော် ဂီတပွဲတော်” အစီအစဉ်ကို နေပြည်တော်နှင့် ပြည်နယ်/ တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် သုံးဦးစီဖြင့် ပြိုင်ပွဲဝင် စုစုပေါင်း ၄၅ ဦးတို့က ပြည်ထောင်စုနေ့ဆိုင်ရာ တေးသီချင်းများ၊ စိတ်ကြိုက်တေးသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်မှုကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့မှ စတင်ကာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့အထိ ပွဲစဉ် ၁၂ ပွဲဖြင့် စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံသားတစ်ဦးအတွက် လူမှုဘဝပြည့်စုံနိုင်ရန် မရှိမဖြစ်လိုအပ်သည့် အထောက်အထားတစ်ခုဖြစ်

နေပြည်တော် ဒီဇင်ဘာ ၄

**ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ပျဉ်းမနားမြို့နယ် ကင်မွန်းတန်းကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်း ၅၆၃ စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၁၂၃ ကတ်ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ပျဉ်းမနားမြို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။**



အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ကင်မွန်းတန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပျဉ်းမနားမြို့နယ် ကင်မွန်းတန်းကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများအတွက် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်း ၅၆၃ စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၁၂၃ ကတ် ထုတ်ပေးနိုင်ခဲ့သည့်အတွက် ကတ်ပြားရရှိသူ ပြည်သူများအနေဖြင့် နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိ ခံစားနိုင်တော့မည်ဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံသားတစ်ဦးအတွက် လူမှုဘဝပြည့်စုံနိုင်ရန် မရှိမဖြစ်လိုအပ်သည့် အထောက်အထားတစ်ခုဖြစ်ပါကြောင်း၊ နောင်လာမည့် ရွေးကောက်ပွဲများတွင်လည်း နိုင်ငံသားအဖြစ် အသိအမှတ်ပြုသက်သေခံအထောက်အထား ကတ်ပြားတစ်ခုခု ကိုင်ဆောင်မဲပေးရမည်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးသည် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ရရှိထားရန် လိုအပ်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားကိုလည်း အပိုရယူကိုင်ဆောင်ခြင်း၊ အတုပြုလုပ်ကိုင်ဆောင်ခြင်း မပြုလုပ်ကြရန်နှင့် ယင်းကဲ့သို့ပြုလုပ်ကိုင်ဆောင်ပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်သည် နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားအခွင့်အရေး၊ လူမှုဘဝပြည့်စုံနိုင်ရေးတို့အတွက် မရှိမဖြစ်လိုအပ်သည့် အထောက်အထားဖြစ်သည်နှင့်အညီ ရရှိပြီး ကတ်ပြားကိုလည်း ပျောက်ပျက်ဆုံးရှုံးမှုမရှိစေရေးအတွက် စနစ်တကျကိုင်တွယ် ထိန်းသိမ်းကြရန်လည်း လိုအပ်ပါကြောင်း၊ ယခုကဲ့သို့ ပန်းခင်းစီမံချက်ဖြင့် ရပ်ကွက်ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးရာတွင် မိမိဌာနမှ ဝန်ထမ်းများအား ဆက်စပ်ဌာနများမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရန် လိုအပ်သကဲ့သို့ ပြည်သူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ကတ်ပြားရရှိပြီးသူများကလည်း တစ်ဆင့်စကား၊ တစ်ဆင့်နားဖြင့် ကတ်ပြားမပြုလုပ်ရသေးသူများကို အသိပေးပြောကြားပေးရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်စီမံချက်ဖြစ်သည့် ပန်းခင်းစီမံချက် အောင်မြင်ရေးအတွက်အားလုံးက ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်ပေးရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ပြည်ထောင်စုနယ်မြေ(နေပြည်တော်)အတွင်း ပန်းခင်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ဆက်စပ်ဌာနများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့နယ် ကင်မွန်းတန်းကျေးရွာအုပ်စုအတွင်းရှိ ကင်မွန်းတန်း၊ လဲလူးအိုင်၊ ကန်ဦး၊ ရွာသစ်၊ ယောက်သွားအင်း၊ သစ်တွန်၊ ပျဉ်းမနားဟောင်း၊ စသည့်ကျေးရွာများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များနှင့် စက်ရုံအလုပ်ရုံတို့၌ ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သော အိမ်ထောင်စုလူဦးရေ စာရင်း ၅၆၃ စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၁၂၃ ကတ်တို့ကို ကျေးရွာ ကိုယ်စားလှယ်များနှင့် ကာယကံရှင်ပြည်သူများထံ ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ပန်းခင်းစီမံချက် ဆောင်ရွက်ပေးမှုနှင့် ပတ်သက်၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး စုပေါင်းခန်းမ၌ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဦးစီးမှူးရုံးနှင့် ခရိုင်နှင့်မြို့နယ် ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သမိုင်းသုတေသနလုပ်ငန်းများ၊ သမိုင်းဆိုင်ရာအထောက်အကူပြုစာပေနှင့် အတ္ထုပ္ပတ္တိစာပေပြုစုခြင်းများတွင် ပညာရှင်များက ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် မြန်မာသမိုင်းအဖွဲ့ဝင်များ တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း သီရိမင်္ဂလာရိပ်သာလမ်းသွယ်ရှိ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ပညာဆောင်၌ ကျင်းပသည်။

**◆ ပထမနှင့် ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီးတွင် အင်္ဂလိပ်လက်အောက် ကျရောက်သွားသော ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့် အောက်မြန်မာပြည်တို့တွင် တိုင်းရင်းသားမျိုးချစ်များ၏ နယ်ချဲ့တော်လှန်ရေးတိုက်ပွဲများကို ပြန်လည်ဖော်ထုတ် မှတ်တမ်းတင်၊ ထို့အပြင် လွတ်လပ်ရေးရပြီး(၁၉၄၈) နောက်နှစ်ငါးဆယ် (၁၉၉၈ အထိ) အတွင်း ခေတ်သစ် မြန်မာ့သမိုင်းကိုလည်း (မူကြမ်း) ပြုစုလို**

တွေ့ဆုံစဉ် မြန်မာသမိုင်းအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကို က အမျိုးသားစာကြည့်တိုက် အမှတ်(၂) နေရာရရှိပြီးဖြစ်ကြောင်း၊ သမိုင်းပညာရှင်ရုံးခန်းနှင့် သမိုင်းသုတေသနစာကြည့်တိုက်နေရာ ပါဝင်မည်ဖြစ်ကြောင်း၊ သမိုင်းသုတေသနလုပ်ငန်းများ၊ သမိုင်းဆိုင်ရာ အထောက်အကူပြုစာပေနှင့် အတ္ထုပ္ပတ္တိစာပေပြုစုခြင်းများ၊ သမိုင်းစာတမ်းဖတ်ပွဲများတွင် ပညာရှင်များက ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သမိုင်းသုတေသနလုပ်ငန်းသည် ပြီးပြည့်စုံခြင်း၊ ပြီးဆုံးခြင်း မရှိပါကြောင်း၊ အချက်အလက် အထောက်အထားခိုင်မာရန်၊ ဆန္ဒစွဲမပါရန် လိုအပ်ပါကြောင်း၊ ပထမနှင့် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးတွင် အင်္ဂလိပ်လက်အောက် ကျရောက်သွားသော ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့် အောက်မြန်မာပြည်တို့တွင် တိုင်းရင်းသားမျိုးချစ်များ၏ နယ်ချဲ့တော်လှန်ရေးတိုက်ပွဲများကို ပြန်လည်ဖော်ထုတ် မှတ်တမ်းတင်လိုပါကြောင်း၊ ထို့အပြင် လွတ်လပ်ရေးရပြီး(၁၉၄၈) နောက်နှစ်ငါးဆယ် (၁၉၉၈ အထိ) အတွင်း ခေတ်သစ် မြန်မာ့သမိုင်းကိုလည်း (မူကြမ်း)ပြုစုလိုပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က ဌာနနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များ၊ ဆောင်ရွက်ချက်များကို တင်ပြပြီး မြန်မာသမိုင်းအဖွဲ့ပညာရှင်များက လုပ်ငန်းဆောင်ရွက်ချက်များကို အပြန်အလှန် ဆွေးနွေးခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် လမ်းသစ်လမ်းဒေါင့်တွင် တည်ဆောက်လျက်ရှိသော ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာများ ဖျော်ဖြေတင်ဆက်နိုင်မည့် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ခရီးသွားလုပ်ငန်းသည် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များကိုပါ ထိန်းသိမ်းရာတွင် အရေးပါသော လုပ်ငန်းတစ်ခုဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၄**



မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စနစ်တကျရှိစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ ဖွဲ့စည်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်က ခရီးသွားလုပ်ငန်းသည် အခြေခံအားဖြင့် ဝန်ဆောင်မှုပေးရသော လုပ်ငန်းဖြစ်သည့်အပြင် ကျယ်ပြန့်နက်နဲသော သဘောသဘာဝရှိကြောင်း၊ ထို့ပြင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝအရင်းအမြစ်၊ ယဉ်ကျေးမှုအမွေအနှစ်များကိုပါ ထိန်းသိမ်းရာတွင် အရေးပါသော လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်း လုပ်ကိုင်ခြင်းဖြင့် အကျိုးကျေးဇူးများ ရရှိနိုင်သော်လည်း ဖြစ်ပေါ်လာနိုင်သည့် ဘေးထွက်ဆိုးကျိုးများအတွက်ပါ ကြိုတင်မျှော်တွေးပြီး စီမံကိန်းများ၊ စီမံချက်များ ရေးဆွဲရာတွင် နိုင်ငံအဆင့်၊ နိုင်ငံတကာအဆင့် ရေးဆွဲထားသော လေ့လာချက်များနှင့်အညီ ထည့်သွင်းတွက်ချက်ထားရန် လိုအပ်ပါကြောင်း။

ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဘုတ်အဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ဆွေးနွေးပြင်ဆင်ကြရာ၌ ဝန်ကြီးဌာနနှင့် နိုင်ငံတကာမှ လေ့လာထားရှိသည့် အချက်များကိုပါ ထည့်သွင်းစဉ်းစားပြီး တင်ပြဆွေးနွေးကြရန် ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအပိုင်း ထည့်သွင်းစဉ်းစားကြရာတွင် စီးပွားရေးကဏ္ဍ တစ်ခုတည်းအတွက် သာမက လူမှုအသိုက်အဝန်း တစ်ခုလုံး တိုးတက်ရေးအတွက်ကိုပါ လွှမ်းခြုံနိုင်သော အစီအမံကောင်းများ ပေါ်ထွက်လာရေးအတွက် ခြုံငုံသုံးသပ်ကြရန် လိုအပ်ပါကြောင်း၊ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိက၊ အစိုးရ၊ ပြည်သူအားလုံး ပူးပေါင်း၍ ဟန်ချက်ညီညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ် ဥက္ကဋ္ဌက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဘုတ်အဖွဲ့ ဖွဲ့စည်းနိုင်ရေး အခြေအနေနှင့် ဆက်စပ်သော လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးနောင်နောင်လင်းအောင်က နိုင်ငံတကာတွင် ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့များ ဖွဲ့စည်းထားရှိမှု အခြေအနေများနှင့် ၎င်းဘုတ်အဖွဲ့များမှ ဆောင်ရွက်နေသာ လုပ်ငန်းဆောင်တာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဘုတ်အဖွဲ့ ဖွဲ့စည်းရာတွင် ပုဂ္ဂလိကအခန်းကဏ္ဍပါဝင်မှုနှင့် ဖွဲ့စည်းတည်ထောင်လိုသော ရည်ရွယ်ချက်များ၊ လိုအပ်ချက်များ၊ အကောင်အထည်ဖော်ရန် လျာထားပြင်ဆင်ချက်များကို ဆွေးနွေးတင်ပြပြီးနောက် ဥပဒေနှင့် မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များ၊ ဘုတ်အဖွဲ့၏လုပ်ငန်းတာဝန်များ၊ ဘဏ္ဍာရေးနှင့် ဘုတ်အဖွဲ့ ဖွဲ့စည်းပုံ စသည့် ခေါင်းစဉ် လေးခုကို အဖွဲ့ လေးဖွဲ့ခွဲကာ တက်ရောက်လာကြသူများက စားပွဲဝိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြပြီး အဖွဲ့လေးဖွဲ့မှ ကိုယ်စားလှယ်များက သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် Panel Discussion ပြုလုပ်ကြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသော ရလဒ်များအပေါ် ညွှန်ကြားရေးမှူး၊ ဦးဇေယျာမျိုးအောင်က အကျဉ်းချုပ် ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Asian Ecotourism Network – AEN မှ ကြီးမှူး၍ တည်းခိုနေထိုင်မှုဆိုင်ရာ ကဏ္ဍအတွက် အာရှသဘာဝ အခြေခံ ခရီးသွားလုပ်ငန်း စံနှုန်းဆိုင်ရာ နည်းပြသင်တန်း "Training for the trainers for the Asian Ecotourism Standard for Accommodations – AESA" ဖွင့်လှစ်ခြင်း အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ယခု ဆရာဖြစ်သင်တန်းသို့ နိုင်ငံတကာမှ သင်တန်းသား သင်တန်းသူပေါင်း ၉၈ ဦး တက်ရောက်ကြပြီး ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ အရာထမ်းသင်တန်းသား ၂၉ ဦး ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# ကျောင်းကုန်းမြို့ နယ်စပ်ကျေးရွာများတွင် ကိုဗစ်-၁၉ ရောဂါပိုး ၁၂ ဦး ထပ်မံတွေ့ရှိ

**ကျောင်းကုန်း ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၏ နယ်စပ်ကျေးရွာများတွင် ယခုရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ ၁၂ ဦးရှိပြီ ဖြစ်ကြောင်း ကျန်းမာရေးဌာနမှ သိရသည်။

ပြီးခဲ့သည့် နိုဝင်ဘာ ၂၇ ရက်က သုံးဦးနှင့် ၂၈ ရက် ငါးဦး စုစုပေါင်း ရှစ်ဦးသည် ကျုံပျော်မြို့နယ်နှင့် ကပ်လျက်ရှိသည့် လူသန့်ချောင်အုပ်စု၊ ရောင်ပစ်ကွင်းအုပ်စု၊ ကြံတောကျေးရွာနေမိသားစု တစ်စုတည်းမှ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့ပြီး၊ ဒီဇင်ဘာ ၂ ရက်တွင် အစုကြီးအုပ်စု အစုကြီးကျေးရွာမှ နှစ်ဦးနှင့် ၃ ရက်နေ့တွင် အစုကြီးအုပ်စု အောင်ပန်းချောင်ကျေးရွာမှ နှစ်ဦး ထပ်မံ၍ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့ရာ ၎င်းအစုကြီးကျေးရွာသည် ကျုံပျော်မြို့နယ်နှင့် နယ်စပ်ကျေးရွာတစ်ရွာဖြစ်ကြောင်း သိရသည်။

ယခုအခါ နေအိမ်ပြင်ပနှင့် လူစည်ကားရာနေရာများဖြစ်သည့် ဈေးများ၊ စားသောက်ဆိုင်များသို့ သွားလာပါက နှာခေါင်းစည်းကို မဖြစ်မနေတပ်ဆင်ရန် အရေးကြီးကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော်လည်း ပြည်သူများအနေဖြင့် စည်းကမ်းလိုက်နာမှု အားနည်းနေသေးကြောင်း တွေ့ရသည်။


ဝင်းကြိုင်(ပြန်/ဆက်)



# ငြင်းမရနိုင်သော သက်သေများ

မင်းခန့်

**ခေါင်းစဉ်ကိုဖတ်မိတာနဲ့ ဘာတွေကိုငြင်းနေသလဲဆိုတာကို သိချင်ကြမယ် ထင်ပါတယ်။ ငြင်းမရနိုင်တဲ့သက်သေများလို့ ဆိုတဲ့အတွက် ဒီဆောင်းပါးမှာတင်ပြမယ့် အကြောင်းအရာများသည် ထင်မြင်ချက်တွေ၊ စွပ်စွဲချက်တွေမဟုတ်ကြောင်း လက်တွေ့ ဖြစ်စဉ်များနဲ့တကွ ရှင်းပြသွားမှာဖြစ်ပါတယ်။ ရှင်းပြချက်တွေကို နိုင်ငံရေးအရောင် အသွေးမပါဘဲ ကြားနေပြည်သူတစ်ဦးအနေနဲ့ ပကတိအရှိတရားအတိုင်း မှန်မှန်ကန်ကန် ရှုမြင်ကြည့်ရင်တော့ ငြင်းလို့မရနိုင်တဲ့ သက်သေများရဲ့အဖြေက ပိုမိုရှင်းလင်းမှာ ဖြစ်ပါတယ်။**




**“ဒီလိုဘာသာရေးနဲ့ဆိုင်တဲ့ ပုဂ္ဂိုလ်တွေ၊ ဆရာ ဆရာမတွေနဲ့၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ဆောင်ရွက်နေတဲ့နေရာတွေအပါအဝင် လက်နက်ကိုင်တပ်ဖွဲ့မဟုတ်တဲ့ အရပ်ဘက်ပစ်မှတ်တွေကို NUG ရဲ့ စီစဉ်စေခိုင်းချက်အရ တိုက်ခိုက်သတ်ဖြတ်နေကြတာက အကြမ်းဖက်ဝါဒ (terrorism) မဟုတ်ဘူးလားလို့ မေးခွန်းထုတ်ချင်ပါတယ်။ နေ့စဉ်ဖြစ်ပေါ်နေတဲ့ NUG/PDF နဲ့ အစွန်းရောက် NLD ထောက်ခံသူများရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို မသိတာလား၊ မသိချင်ယောင်ဆောင်နေတာလားဆိုတာကိုလည်း မေးခွန်းထုတ်ရမလို ဖြစ်နေပါတယ်။ ဒါကြောင့် အစဉ်အလာကြီးမားတဲ့ ဒီမိုကရေစီနိုင်ငံတွေနဲ့ လူ့အခွင့်အရေးကို အလေးထားပါတယ်ဆိုတဲ့ နိုင်ငံကြီးသားဆိုသူတွေက အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်မှုတွေကို အားပေးနေကြသလားလို့တောင် ထင်မြင်ယူဆနေသူတွေ ရှိနေပြီဖြစ်ပါတယ်”**

ငြင်းနေတဲ့အကြောင်းအရာကတော့ NUG အဖွဲ့ဟာ အကြမ်းဖက်အဖွဲ့အစည်း ဟုတ်/မဟုတ်ဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ အထူးသဖြင့် အချို့သံတမန်အသိုင်းအဝိုင်းကြားမှာ NUG အဖွဲ့ကို မြန်မာပြည်သူလူထုအများစုက ထောက်ခံနေတဲ့အတွက် အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ဖို့ ခက်ခဲတယ်ဆိုတဲ့ လွဲမှားတဲ့ အကြောင်းပြချက်မျိုးကိုလည်း အံ့သြဖွယ်ရာ ကြားသိနေရပါတယ်။ လက်တွေ့ မြန်မာပြည်သူတွေအကြားမှာတော့ NUG ကို ထောက်ခံနေသူတွေ၊ ပါဝင်လှုပ်ရှားသူတွေဘက်က သူတို့လုပ်ရပ်ဟာ အကြမ်းဖက်လုပ်ရပ်မဟုတ်ကြောင်း ငြင်းဆိုနေကြသလို တစ်ဖက်မှာလည်း NUG အဖွဲ့ရဲ့ လုပ်ရပ်တွေကြောင့် ထိခိုက်ခံစားနေရတဲ့ ပြည်သူအများစုကတော့ ရက်စက်ကြမ်းကြုတ်လွန်းတဲ့ အကြမ်းဖက်လုပ်ရပ်တွေ ဖြစ်တယ်လို့ မြင်နေကြပါတယ်။ ဒါကြောင့်လည်း NUG အဖွဲ့သည် အကြမ်းဖက်အဖွဲ့အစည်း ဟုတ်၊ မဟုတ်ဆိုတဲ့အချက်ကို ခမ္ဘမိဋ္ဌာန်ကျကျ ဆန်းစစ်ကြည့်ဖို့ လိုလာပါတယ်။

**NLD ကို မထောက်ခံသူ ၁၄ သန်းကျော်ရှိ**

NUG/PDF အကြမ်းဖက်အဖွဲ့တွေကို ပြည်သူအများစုက ထောက်ခံနေတယ်ဆိုတဲ့ နိုင်ငံတချို့ရဲ့ ထင်မြင်ချက်က NLD ကို မြန်မာနိုင်ငံက လူအများစုထောက်ခံနေတယ်ဆိုတဲ့ ထင်မြင်ချက်ကနေ ဆင်းသက်လာတာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ NLD ပါတီအနေနဲ့ First-past-the-post (FPTP) ရွေးကောက်ပွဲစနစ်ကြောင့် သောင်ပြိုကမ်းပြိုနိုင်ခဲ့တယ်လို့ ဆိုကြပေမယ့် လက်တွေ့မှာ မဲပေးပိုင်ခွင့်ရှိသူပေါင်း ၃၈,၀၂၀,၂၉၇ ဦး (၃၈ သန်းကျော်)မှာ ၂၆,၃၆၈,၂၀၇ ဦး (၂၆ သန်းကျော်) မဲလာပေးခဲ့ပြီး NLD ပါတီက ရရှိခဲ့တဲ့ ထောက်ခံမဲပေါင်း ၁၂ သန်းသာ ရရှိခဲ့တာဖြစ်ပါတယ်။ ဒီအချက်အလက်တွေကို ကြည့်ရင် မဲလာပေးခဲ့တဲ့ ပြည်သူထဲမှာတောင် NLD ကို မထောက်ခံသူက ၁၄ သန်းကျော်ရှိခဲ့ပါတယ်။ ဒါကြောင့် NLD ကို မြန်မာပြည်သူအားလုံးက ထောက်ခံနေကြတယ်လို့ ပြည်တွင်း/ပြည်ပမှာ ပျံ့နှံ့နေတဲ့ ယူဆချက်က ချဲ့ကားပုံဖော်မှုခံခဲ့ရခြင်းသာ ဖြစ်ပါတယ်လို့ ဆိုရခြင်းဖြစ်ပါတယ်။

၂၀၁၅ ရွေးကောက်ပွဲနောက်ပိုင်းမှာ NLD အစိုးရရဲ့သက်တမ်း ၅ နှစ်တာကာလအတွင်းမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ငြိမ်းချမ်းရေးအဘက်ဘက်မှာ မအောင်မြင်ခဲ့တဲ့အပြင် တိုင်းရင်းသားများနဲ့ အဆင်မပြေဖြစ်ခဲ့ရခြင်းကြောင့် ပြည်သူလူထုရဲ့ ထောက်ခံမှု ထပ်မံကျဆင်းလာခဲ့တာ အားလုံးသိတဲ့ကိစ္စဖြစ်ပါတယ်။ ဒီလိုပြောလို့ NLD ပါတီကို ဆန့်ကျင်စိတ်နဲ့ တစ်ဖက်သတ်စွပ်စွဲတယ်လို့ မထင်စေချင်ပါဘူး။ NLD အစိုးရ ၅ နှစ်တာကာလ စွမ်းဆောင်ရည်ညံ့ဖျင်းခဲ့မှုတွေကတော့ အများသတိထားမိတဲ့ ကိစ္စဖြစ်ပြီး NLD ပါတီကို ထောက်ခံသူများကိုယ်တိုင် ကြုံတွေ့ခဲ့ရတဲ့၊ အားမလိုအားမရဖြစ်ခဲ့ရတဲ့ ဖြစ်ရပ်မှန်များ ဖြစ်ပါတယ်။ NLD ပါတီက တာဝန်ရှိသူတွေ ကိုယ်တိုင်ဝန်ခံ ထုတ်ဖော်ပြောကြားထားတဲ့အထောက်အထားတွေလည်းရှိပါတယ်။

တပ်မတော်က နိုင်ငံတော်တာဝန်ကို အခြေခံဥပဒေအရ ထိန်းသိမ်းလိုက်ရပြီးနောက်ပိုင်းမှာ ငြိမ်းချမ်းစွာဆန္ဒပြမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၂ရက်ကလူဦးရေအများဆုံးဆန္ဒပြခဲ့ကြတဲ့နေ့မှာတောင် လူဦးရေ ငါးသန်းကျော်ခန့်(မြန်မာနိုင်ငံလူဦးရေရဲ့ ၉ ဒသမ ၅၂ ရာခိုင်နှုန်း)သာ ဆန္ဒဖော်ထုတ်ခဲ့ကြတာဖြစ်ပါတယ်။ သို့ပေမယ့်လည်း နိုင်ငံတကာက မွေးမြူထားတဲ့ ပြည်တွင်း/ပြည်ပမီဒီယာတွေ၊ တက်ကြွလှုပ်ရှားသူ (Activitists) တွေနဲ့ လူမှုရေးအရ ဩဇာလွှမ်းမိုးနိုင်သူ (social influencers) တွေပေါင်းပြီး တစ်နိုင်ငံလုံး ဆန္ဒပြနေကြသယောင် ရည်ရွယ်ချက်ရှိရှိ ကမ္ဘာကို ပုံဖော်ပြခဲ့ကြပါတယ်။ ယခုအချိန်ထိလည်း ဒီလိုပုံဖော်ပြနေကြဆဲ ဖြစ်ပါတယ်။

**ကျပ်ငွေသန်းပေါင်း ခြောက်ထောင်ကျော် သုံးစွဲပြီး ထိန်းချုပ်**

NLD ပါတီအနေနဲ့ ၎င်းတို့အာဏာရှိခဲ့စဉ်က Facebook လို ဆိုရှယ်မီဒီယာကို မြန်မာကျပ်ငွေသန်းပေါင်း ခြောက်ထောင်ကျော် သုံးစွဲပြီး ထိန်းချုပ်ခဲ့ပါတယ်။ NLD ပါတီနဲ့ အစိုးရကို မထောက်ခံသူတွေရဲ့ ဆန္ဒနဲ့ အသံတွေကို ဆိုရှယ်မီဒီယာပေါ်မှာ ထိန်းချုပ်ထားပြီး NLD ပါတီကို ထောက်ခံသူများရဲ့ အသံတွေသာ လွှမ်းမိုးအောင် ငွေကြေး အကူအညီ၊ နည်းပညာအကူအညီနဲ့ ဆောင်ရွက်ခဲ့ကြပါတယ်။ အချို့နိုင်ငံတွေရဲ့ ထောက်ပံ့မှုနဲ့ Activitists များ၊ Journalists များ၊ Social Influencers များ မွေးမြူခြင်းကို ဇာတ်တိုက် ဆောင်ရွက်ခဲ့ကြပါတယ်။ ဒါကြောင့် ဆိုရှယ်မီဒီယာပေါ်မှာ မြင်တွေ့နေရတဲ့ ချဲ့ကားထားတဲ့ ဆန္ဒပြမှုတွေနဲ့ NLD ထောက်ခံမှုတွေဆိုတာ ရည်ရွယ်ချက်ရှိရှိ ဖန်တီးထားတဲ့ အတုအယောင် (illusions) တွေသာ ဖြစ်ပါတယ်။ ဒီလိုဆိုရှယ်မီဒီယာကို အသုံးချပြီး ပြည်သူလူထုအားလုံးက ထောက်ခံမှုရှိသယောင် ပုံဖော်တာ၊ ထောက်ခံမှုရအောင် မလိမ့်တပတ် ဆောင်ရွက်တာတွေက NLD ကနေ ပေါက်ဖွားလာတဲ့ NUG အကြမ်းဖက်အဖွဲ့အပေါ်မှာလည်း သက်ရောက်မှုရှိခဲ့ပါတယ်။

**ဒီမိုကရေစီကျင့်စဉ်တွေနဲ့ ကိုက်ညီပါသလား**

နောက်တစ်ချက်က ပြည်သူတချို့ ဆန္ဒပြပွဲတွေမှာ ပါဝင်ခဲ့တယ်ဆိုတာ မှန်ပေမယ့် NLD အစွန်းရောက်ထောက်ခံသူတွေအနေနဲ့ အကြမ်းဖက်မှုတွေကို ပြောင်းလဲလာတဲ့ အချိန်မှာ ပြည်သူအများစု မထောက်ခံကြတော့ပါဘူး။ ဒီလိုမထောက်ခံကြတော့တဲ့အတွက် NLD အစွန်းရောက်တွေက ၎င်းတို့ကိုမထောက်ခံသူ၊ နိုင်ငံရေးလှုပ်ရှားမှုတွေမှာ ဝင်မပါဘဲ ငြိမ်းချမ်းစွာနေလိုတဲ့ သာမန်အပြစ်မဲ့ပြည်သူတွေကို လူမှုရေးအရ အပြစ်ပေးခြင်း (Social Punishment) အမည်ခံပြီး လူမှုရေးအရ အနိုင်ကျင့်ခြင်း (Social Bullying)တွေကို စတင်ဆောင်ရွက်ခဲ့ကြပါတယ်။ ဆိုရှယ်မီဒီယာပေါ်မှာကော၊ ပြင်ပမှာပါ ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ အထောက်အထား များစွာရှိပါတယ်။ ပါတီတစ်ခုရဲ့ လုပ်ရပ်ကို မထောက်ခံလို့ လူမှုရေးအရ အနိုင်ကျင့်တာကို နိုင်ငံတကာမှာ လက်ခံကြပါသလား၊ ဒီမိုကရေစီကျင့်စဉ်တွေ တန်ဖိုးတွေနဲ့ ကိုက်ညီပါသလားဆိုတာကို မေးခွန်းထုတ် ကြည့်သင့်ပါတယ်။

**ဒလန်လို့စွပ်စွဲပြီး သတ်ဖြတ်**

နိုင်ငံတကာကို ယခုလက်ရှိအခြေအနေတွေအရ အထူးသတိပြုသိစေချင်တာက NUG/PDF တွေရဲ့ စစ်ဘက်မဟုတ်တဲ့ အရပ်ဘက်ပစ်မှတ်တွေကို တိုက်ခိုက်နေမှုနဲ့၊ လက်နက်မဲ့ ပြည်သူတွေကို အကြမ်းဖက်သတ်ဖြတ်နေကြတဲ့ကိစ္စရပ်တွေဖြစ်ပါတယ်။ NLD အမတ်တွေနဲ့ အစွန်းရောက်ထောက်ခံသူတွေကနေ CRPH/NUG/PDF အဖွဲ့တွေကို ဖွဲ့စည်းခဲ့ကြပြီး ၎င်းတို့ကို မထောက်ခံသူတွေ၊ အယူအဆမတူတဲ့ အပြစ်မဲ့ပြည်သူတွေ၊ တိုက်ခိုက်ရေး စစ်သည်မဟုတ်တဲ့ အရပ်သား သာမန်ပြည်သူတွေကို ပစ်မှတ်အဖြစ် ဒလန်လို့စွပ်စွဲပြီး ရက်ရက်စက်စက် သတ်ဖြတ်နေကြခြင်း ဖြစ်ပါတယ်။ NUG အဖွဲ့က ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှစပြီး D-Day အမည်ခံပြီး အကြမ်းဖက်လုပ်ရပ်များ အရှိန်မြှင့်တင်ဖို့ လှုံ့ဆော်ခဲ့ကြတာ ကမ္ဘာသိ ဖြစ်ပါတယ်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ နိုဝင်ဘာလ ၂၇ ရက်နေ့အထိ NUG/PDF အကြမ်းဖက်သမားများရဲ့တိုက်ခိုက်မှုနဲ့ ဒလန်လို့စွပ်စွဲပြီး အကြမ်းဖက်သတ်ဖြတ်မှုကြောင့် လက်နက်မရှိတဲ့ အပြစ်မဲ့ပြည်သူ ၁၀၃၁ ဦး သေဆုံးခဲ့ကာ ၁၀၇၆ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ ရဟန်း၊ သံဃာတော် ၁၃ ပါး ပျံလွန်တော်မူခဲ့ရပြီး ငါးပါးကို နှိပ်စက်ညှဉ်းပန်းခဲ့ပါတယ်။ အစိုးရဝန်ထမ်းများ သေဆုံး ၃၈ ဦး၊ ဒဏ်ရာရ ၈၁ ဦးရှိပါတယ်။ အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများနဲ့ သက်ဆိုင်ရာဝန်ထမ်းများ သေဆုံး ၂၀၇ ဦး၊ ဒဏ်ရာရ ၁၅၅ ဦး ရှိခဲ့ပါတယ်။ ကျန်းမာရေးဝန်ထမ်းများ သေဆုံး သုံးဦး၊ ဒဏ်ရာရ ရှစ်ဦးရှိပါတယ်။ ဆရာ ဆရာမများအပါအဝင် ပညာရေးဝန်ထမ်းများ သေဆုံး ၁၂ ဦး၊ ဒဏ်ရာရ ၁၅ ဦးနဲ့ ပျက်စီး/ဆုံးရှုံးခဲ့ရတဲ့ စာသင်ကျောင်းနဲ့ ပညာရေးအဆောက်အဦပေါင်း ၄၄၅ ခု ရှိပါတယ်။ ကိုဗစ်-၁၉ စင်တာများကို အကြမ်းဖက် တိုက်ခိုက်ခဲ့တဲ့ဖြစ်စဉ် ၃၃ ခုမှာ သေဆုံး ၁၃ ဦး၊ ဒဏ်ရာရ ၂၇ ဦးရှိပြီး

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

ဆေးရုံ/ ဆေးခန်းများကို တိုက်ခိုက်ခံရမှု ၂၅ ကြိမ် ရှိပြီဖြစ်ပါတယ်။ အများပြည်သူသုံး လမ်းတံတားများကို ၃၉၇ ကြိမ် ဖျက်ဆီးခံခဲ့ရပါတယ်။ ဒီလိုနေ့စဉ်နဲ့အမျှ အများပြည်သူနဲ့ သက်ဆိုင်တဲ့နေရာများကို အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်ပေါင်း ၄၂၆ ကြိမ် ရှိခဲ့ပြီဖြစ်ပါတယ်။

**အကြမ်းဖက်လုပ်ရပ်များသာဖြစ်**

ဒီလိုစစ်ဘက်နဲ့ မသက်ဆိုင်တဲ့ အရပ်ဘက်ပစ်မှတ်များကို နေ့စဉ်နီးပါး အကြမ်းဖက် တိုက်ခိုက်နေကြတာကို အစိုးရမီဒီယာများက အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးနေသလို ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာသံရုံးများနဲ့ အကြမ်းဖက်မှု တိုက်ဖျက်ရေးအဖွဲ့အစည်းများကိုလည်း သက်သေအထောက်အထားများနဲ့ တကွ အစဉ်မပြတ် အသိပေးနေတယ်လို့ သိရပါတယ်။ ဒီလိုခိုင်မာတဲ့အထောက်အထားတွေရှိပါလျက်နဲ့ NUG/PDF နဲ့ အစွန်းရောက် NLD အဖွဲ့တွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို လျစ်လျူရှုပြီး ပြည်သူအများစုက ထောက်ခံနေတယ်လို့ လွဲမှားစွာ ထင်မြင်ယူဆနေတာကတော့ လုံးဝမဖြစ်သင့်ဘူးလို့ ထင်ပါတယ်။ ဒီအဖွဲ့တွေရဲ့ လုပ်ဆောင်ချက်တွေကို ဒီမိုကရေစီ စံနှုန်းအရပဲဖြစ်ဖြစ်၊ လူ့အခွင့်အရေး ရှုထောင့်ကနေ ကြည့်ကြည့်၊ လူသားချင်းစာနာတဲ့ စိတ်နဲ့ပဲ စဉ်းစားစဉ်းစား၊ ဂျနီဗာကွန်ဗန်းရှင်းလို နိုင်ငံတကာစံနှုန်းများနဲ့ပဲ ချိန်ထိုးချိန်ထိုး ဘယ်လိုရှုထောင့်ကနေပဲ ကြည့်သည် ဖြစ်စေ အကြမ်းဖက်လုပ်ရပ်များသာ ဖြစ်တယ်ဆိုတာ ထင်ရှားပေါ်လွင်ပြီး ငြင်းလို့မရတဲ့ သက်သေများပဲ ဖြစ်ပါတယ်။

ဒီထက်ပိုပြီး ခိုင်မာတဲ့ သက်သေအထောက်အထားများကတော့ မကြာသေးမီကမှ ဖမ်းဆီးရမိတဲ့ NLD ပါတီက ဖြိုးဇေယျာသော်ရဲ့ ထွက်ဆိုချက်တွေနဲ့ သိမ်းဆည်းရမိတဲ့ သက်သေခံပစ္စည်းတွေအရ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ လုပ်ကြံသတ်ဖြတ်မှုတွေနဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကို NUG က ဦးဆောင်ညွှန်ကြားနေတယ်ဆိုတာ ဘယ်လိုမှ ငြင်းလို့မရတဲ့ သက်သေတွေဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကာလမှာ ဖြစ်ပေါ်ခဲ့တဲ့ အောက်ဆီဂျင် အခက်အခဲကို အခွင့်ကောင်းယူပြီး အကြမ်းဖက်မှုတွေ ဆောင်ရွက်ဖို့ လက်နက်ခဲယမ်းတွေကို အောက်ဆီဂျင်အိုးတွေထဲ ထည့်ပြီး တင်ပို့ခဲ့ကြပါတယ်။ EAOs တချို့က ကူညီခဲ့ကြပါတယ်။ NUG ရဲ့ “Hit List” ဆိုတာ အမှန်တကယ်ရှိကြောင်း ၎င်းရဲ့မှတ်စုစာအုပ်က မှတ်တမ်းများက သက်သေခံနေပါတယ်။

**နိုင်ငံကြီးသားဆိုသူတွေက အကြမ်းဖက်မှုကို အားပေးနေကြသလား**

**ဒီလိုဘာသာရေးနဲ့ ဆိုင်တဲ့ပုဂ္ဂိုလ်တွေ၊ ဆရာ ဆရာမတွေနဲ့၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ဆောင်ရွက်နေတဲ့ နေရာတွေအပါအဝင် လက်နက်ကိုင်တပ်ဖွဲ့မဟုတ်တဲ့ အရပ်ဘက်ပစ်မှတ်တွေကို NUG ရဲ့ စီစဉ်စေခိုင်းချက်အရ တိုက်ခိုက်သတ်ဖြတ်နေကြတာက အကြမ်းဖက်ဝါဒ (terrorism) မဟုတ်ဘူးလားလို့ မေးခွန်းထုတ်ချင်ပါတယ်။ နေ့စဉ်ဖြစ်ပေါ်နေတဲ့ NUG/PDF နဲ့ အစွန်းရောက် NLD ထောက်ခံသူများရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို မသိတာလား၊ မသိချင်ယောင်ဆောင်နေတာလား ဆိုတာကိုလည်း မေးခွန်းထုတ်ရမလို ဖြစ်နေပါတယ်။ ဒါကြောင့် အစဉ်အလာကြီးမားတဲ့ ဒီမိုကရေစီနိုင်ငံတွေနဲ့ လူ့အခွင့်အရေးကို အလေးထားပါတယ်ဆိုတဲ့ နိုင်ငံကြီးသားဆိုသူတွေက အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်မှုတွေကို အားပေးနေကြသလားလို့တောင် ထင်မြင်ယူဆနေသူတွေ ရှိနေပြီဖြစ်ပါတယ်။**

> **“နိုင်ငံတကာက NUG/PDF ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို သိသည်ဖြစ်စေ၊ မသိချင်ယောင်ဆောင်နေသည်ဖြစ်စေ ၎င်းအဖွဲ့တွေရဲ့ ပကတိ လုပ်ရပ်များအရ အချုပ်အခြာအာဏာပိုင်တဲ့ မြန်မာနိုင်ငံရဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်အဖွဲ့အစည်းတွေအဖြစ် သတ်မှတ်ထားပြီးဖြစ်ပါတယ်။ NLD ကို မြန်မာပြည်သူ အများစုထောက်ခံနေတယ်ဆိုတဲ့ယူဆချက်က အတိတ်မှာကျန်ခဲ့ပြီဖြစ်ပါတယ်။ NLD ပါတီရဲ့ အရည်အချင်းမပြည့်ဝမှုနဲ့ NUG/PDF ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကြောင့် မြန်မာပြည်သူလူထုရဲ့အမြင်တွေ ပြောင်းလဲသွားခဲ့ပြီဖြစ်သလို NLD က ပေါက်ဖွားလာတဲ့ NUG၊ NUG က မွေးဖွားခဲ့တဲ့ PDF တွေကြောင့် NLD ရဲ့ပုံရိပ်ဟာ သမိုင်းမှာ အမည်းစက်ထင်ခဲ့ပြီဖြစ်ပါတယ်”**

သီအိုရီတွေအရ ထပ်မံထောက်ပြရရင် ကမ္ဘာပေါ်မှာ အကြမ်းဖက်ဝါဒ (Terrorism) နဲ့ ပတ်သက်ပြီး အားလုံး သဘောတူလက်ခံထားတဲ့ တိကျတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိသေးပါဘူး။ သို့ပေမယ့် ဥပမာတစ်ခုအနေနဲ့ အမေရိကန်နိုင်ငံရဲ့ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်အဖွဲ့အစည်းဆိုင်ရာ ပြဋ္ဌာန်းချက်တချို့ကို ဖော်ပြပေးချင်ပါတယ်။ အမေရိကန်နိုင်ငံမှာ ယခုလက်ရှိ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားတဲ့ ကမ္ဘာ့နိုင်ငံအသီးသီးက အဖွဲ့အစည်းပေါင်း ၇၂ ဖွဲ့ ရှိပါတယ်။ အကြမ်းဖက်အဖွဲ့အဖြစ်ကနေ ပယ်ဖျက်ပေးခဲ့တဲ့ အဖွဲ့အစည်းပေါင်း ၁၄ ဖွဲ့ ရှိပါတယ်။ အမေရိကန်နိုင်ငံအနေနဲ့ ဒီလိုအကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ရာမှာ Foreign Relations Authorization Act, Fiscal Years 1988 and 1989 က အကြမ်းဖက်ဝါဒရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက် (Terrorism Definition) ကို အသုံးပြုပြီး Immigration and Nationality Act Section 212 ရဲ့ အကြမ်းဖက်မှုဆောင်ရွက်ချက် (Terrorist Activity) တွေနဲ့ ချိန်ထိုးဆုံးဖြတ်ပါတယ်။

**အမေရိကန်နိုင်ငံက သတ်မှတ်ထားတဲ့ အကြမ်းဖက်မှုတွေနဲ့ အကျုံးဝင်**

**အကြမ်းဖက်ဝါဒဆိုတာကို အမေရိကန်နိုင်ငံရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ “အကြမ်းဖက်ဝါဒဆိုတာ နိုင်ငံတစ်ခုထက် အဆင့်နိမ့်တဲ့အဖွဲ့တွေ (သို့မဟုတ်) လျှို့ဝှက်ပြီး ဖွဲ့စည်းထားတဲ့အဖွဲ့တွေကနေ တိုက်ပွဲဝင်စစ်သည် မဟုတ်တဲ့ ပစ်မှတ်တွေကို ကြိုတင်ကြံရွယ်ပြီး နိုင်ငံရေးအရ အရင်းခံတဲ့ အကြမ်းဖက်မှုများဖြစ်တယ်” “terrorism” as “premeditated, politically motivated violence perpetrated against non-combatant targets by subnational groups or clandestine agents” လို့ အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။ အကြမ်းဖက်မှုဆောင်ရွက်ချက်အဖြစ် သတ်မှတ်ချက်တွေမှာ ပေါက်ကွဲစေနိုင်တဲ့ လက်နက်တွေနဲ့ အန္တရာယ်ရှိစေတဲ့ ပစ္စည်းတွေကို တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်အသုံးပြုမှုတွေနဲ့ မည်သည့်ခြိမ်းခြောက်မှု၊ လျှို့ဝှက်ကြံစည်မှုနဲ့ ကြိုးစားမှုတွေမဆို အကျုံးဝင်ပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတဲ့ NUG/PDF တွေရဲ့ အကြမ်းဖက်လုပ်ရပ်များဟာ မြန်မာ့စံနှုန်းနှင့်သာမက ဒီမိုကရေစီသက်တမ်းနှစ်ပေါင်း ၂၀၀ ကျော်နေပြီဖြစ်တဲ့ အမေရိကန်နိုင်ငံက သတ်မှတ်ထားတဲ့ အကြမ်းဖက်မှု သတ်မှတ်ချက်တွေနဲ့ ချိန်ထိုးကြည့်ရင်လည်း အကျုံးဝင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။**

ဒီလို မြန်မာပြည်သူလူထုကို အကြမ်းဖက်ပြီး အကြောက်တရားလွှမ်းမိုးအောင် လုပ်နေတဲ့ NUG အဖွဲ့ရဲ့ ရည်ရွယ်ချက်က ၎င်းတို့နဲ့ ဆန့်ကျင်ဘက်အသံတွေ ထွက်ပေါ်မလာအောင် ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် သူတို့ကို မထောက်ခံသူတွေကို အကြောက်တရားနဲ့ ထိန်းချုပ်ပြီး ထောက်ခံလာအောင် လုပ်နေသလို မထောက်ခံသူများ မရှိသယောင် ပုံဖော်ခြင်းလည်း ဖြစ်ပါတယ်။ သူတို့ကို ကြောက်လို့ အသံမထွက်ရဲတာကို ပြည်သူအများ ထောက်ခံနေတယ်လို့ ထင်မြင်ယူဆလာအောင် ဆိုရှယ်မီဒီယာတွေကနေတစ်ဆင့် လုပ်ဆောင်နေကြတာဖြစ်ပါတယ်။

အီတလီနိုင်ငံက နိုင်ငံတကာဥပဒေပညာရှင် ပါမောက္ခ Antonio Cassese ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာတော့ လူထုကို အန္တရာယ်ဖြစ်စေဖို့ လူထုကြားထဲမှာ အကြောက်တရားပျံ့နှံ့အောင် လုပ်ဆောင်တဲ့ရည်ရွယ်ချက် (the intent to spread fear among the population which would generally entail the creation of public danger) ကိုတောင် အကြမ်းဖက်ဝါဒရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် မှတ်ယူတာဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း လက်နက်ကိုင်ပဋိပက္ခဥပဒေ “The Law of Armed Conflict” ဆိုတာ ရှိပါတယ်။ ဒီဥပဒေအရ မည်သည့်ပဋိပက္ခအတွင်းမှာမဆို စစ်ဘက်မဟုတ်တဲ့ အရပ်ဘက်ပစ်မှတ်တွေကို ရန်ပြုသတ်ဖြတ်တာတွေကို တားမြစ်ထားပါတယ်။ ဒီလိုတိုက်ခိုက်ရေး ပစ်မှတ်မဟုတ်တဲ့ အရပ်ဘက်ပစ်မှတ်တွေကို အကြမ်းဖက်နေတဲ့ အစွန်းရောက်အဖွဲ့တွေရဲ့ ရာဇဝတ်မှုတွေကို ကာကွယ်နေရတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်များရဲ့ ဆောင်ရွက်ချက်သည် မည်သည့်နိုင်ငံတကာဥပဒေ၊ ပြည်တွင်းဥပဒေနဲ့ပဲ ကြည့်ကြည့် တရားဝင်ဖြစ်ပါတယ်။

**အကြမ်းဖက်မှုတွေကို အားပေးရာရောက်**

**မြန်မာနိုင်ငံမှာဖြစ်ခဲ့တဲ့ ငြိမ်းချမ်းစွာ ဆန္ဒပြမှုအဆင့်တုန်းက လုံခြုံရေးတပ်ဖွဲ့ဝင်များအနေနဲ့ ပစ်ခတ်နှိမ်နင်းတာ မတွေ့ရဘဲ အကြမ်းဖက်ဆန္ဒပြမှုတွေအဖြစ် ပြောင်းလဲလာချိန်မှသာ ဥပဒေနဲ့အညီ အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်နဲ့ ထိန်းသိမ်းဆောင်ရွက်ခဲ့တာကို တွေ့ရပါတယ်။ နိုင်ငံတကာမှာလည်း အလားတူ ဆောင်ရွက်နေကြပါတယ်။ ဒီမိုကရေစီဘိုးအေနိုင်ငံကြီးတွေမှာတောင် ဆူပူဆန္ဒပြမှုများက အကြမ်းဖက်လုပ်ရပ်တွေနဲ့ ယှဉ်တွဲလာရင် လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ လိုအပ်သလို အင်အားသုံးပြီး ထိန်းသိမ်းနေကြတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။**

မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ NUG/PDF အဖွဲ့တွေရဲ့ အစွန်းရောက်အကြမ်းဖက်မှုလမ်းစဉ်နဲ့ လက်တွေ့အကြမ်းဖက်မှုကျူးလွန်နေကြတာတွေကို သိပါလျက်နဲ့ ထိတွေ့ဆက်ဆံနေကြတဲ့ နိုင်ငံတချို့နဲ့ နိုင်ငံတကာအဖွဲ့အစည်းတချို့ ရှိပါတယ်။ ဒီအဖွဲ့တွေအနေနဲ့ NUG နဲ့ ထိတွေ့ဆက်ဆံနေကြတာက အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်မှုတွေကို အားပေးအားမြှောက်ပြုရာ ရောက်နေပြီး အကြမ်းဖက်ဝါဒ ပိုမိုတိုးပွားလာအောင် ဆောင်ရွက်နေကြသလို ဖြစ်နေတယ်ဆိုတာကို သတိပြုမိကြစေချင်ပါတယ်။

လူသားချင်းစာနာထောက်ထားမှုကို အလေးထားပါတယ်ဆိုတဲ့ ဒီမိုကရေစီဘိုးအေ နိုင်ငံကြီးများအနေနဲ့ ဒီလောက်ဆိုးရွားရက်စက်ကြမ်းကြုတ်တဲ့ NUG အဖွဲ့ရဲ့ လုပ်ရပ်တွေကို အကောင်းမြင်စိတ်နဲ့ကြည့်နေရင်တော့ အကြမ်းဖက်အဖွဲ့အနေနဲ့ အသိအမှတ်ပြုဖို့ ခက်ခဲနေလိမ့်မယ်ထင်ပါတယ်။ လက်တွေ့အရှိတရားကို ယထာဘူတကျကျ ရှုမြင်မယ်ဆိုရင်တော့ အကြမ်းဖက်အဖွဲ့အစည်းဖြစ်တယ်ဆိုတာကို လက်ခံရပါလိမ့်မယ်။ ဥပမာ အာဖဂန်နစ္စတန်နိုင်ငံကို ကြည့်မယ်ဆိုရင် တစ်ချိန်က ကမ္ဘာ့အဆိုးဝါးဆုံး အကြမ်းဖက်အဖွဲ့တွေ လက်ခံထားတဲ့ နိုင်ငံအဖြစ် ရှုမြင်ပြီး စစ်ပွဲကြီးတွေ ဆင်နွှဲခဲ့ကြပါတယ်။ ယခုအချိန်မှာတော့ နိုင်ငံတကာက ထိတွေ့ဆက်ဆံမှုတွေ၊ ထောက်ပံ့မှုတွေ ဆောင်ရွက်ပေးနေတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကြည့်ရှုသူရဲ့ ရှုထောင့်ပေါ်မှာ မူတည်ပြီးသာ အမြင်တွေအမျိုးမျိုး ပြောင်းလဲနေတာ ဖြစ်ပါတယ်။ အကြမ်းဖက်သမား NUG/PDF အဖွဲ့တွေကတော့ သူတို့ရဲ့ နိုင်ငံရေး ရည်မှန်းချက်ကို အကြောင်းပြပြီး သူတို့ကို မထောက်ခံသူတွေကို အကြမ်းဖက်သတ်ဖြတ်မှုတွေ ဆက်လက်လုပ်ဆောင်နေကြဆဲ ဖြစ်ပါတယ်။

**အမည်းစက်ထင်ခဲ့ပြီဖြစ်**

နိဂုံးချုပ်ရရင်တော့ **နိုင်ငံတကာက NUG/PDF ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို သိသည်ဖြစ်စေ၊ မသိချင်ယောင်ဆောင်နေသည်ဖြစ်စေ ၎င်းအဖွဲ့တွေရဲ့ ပကတိ လုပ်ရပ်များအရ အချုပ်အခြာအာဏာပိုင်တဲ့ မြန်မာနိုင်ငံရဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်အဖွဲ့အစည်းတွေအဖြစ် သတ်မှတ်ထားပြီးဖြစ်ပါတယ်။ NLD ကို မြန်မာပြည်သူအများစုထောက်ခံနေတယ်ဆိုတဲ့ ယူဆချက်က အတိတ်မှာကျန်ခဲ့ပြီ ဖြစ်ပါတယ်။ NLD ပါတီရဲ့ အရည်အချင်းမပြည့်ဝမှုနဲ့ NUG/PDF ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကြောင့် မြန်မာပြည်သူလူထုရဲ့ အမြင်တွေ ပြောင်းလဲသွားခဲ့ပြီဖြစ်သလို NLD က ပေါက်ဖွားလာတဲ့ NUG၊ NUG က မွေးဖွားခဲ့တဲ့ PDF တွေကြောင့် NLD ရဲ့ ပုံရိပ်ဟာ သမိုင်းမှာ အမည်းစက်ထင်ခဲ့ပြီ ဖြစ်ပါတယ်။** စိတ်ခံစားချက်ပြင်းထန်တဲ့ NLD ပါတီဝင်အချို့နဲ့ အစွန်းရောက်ထောက်ခံသူ အင်အားစုများရှိနိုင်သော်လည်း အေးချမ်းတည်ငြိမ်စွာ နေထိုင်လိုတဲ့ ပြည်သူလူထုအများစုကတော့ NLD၊ NUG၊ PDF အဖွဲ့တွေကို မလိုလားဘဲ ဆန့်ကျင်နေကြပြီဖြစ်ပါတယ်။ အထူးသဖြင့် ဒီလိုအစွန်းရောက်အဖွဲ့တွေကြောင့် ပျက်စီးခဲ့ရတဲ့ မိသားစုဘဝပေါင်းများစွာကို စာနာသနားတတ်တဲ့ မြန်မာပြည်သူအများစုက ရွံရှာကြောက်ရွံ့ မုန်းတီးနေကြပြီဖြစ်ပါတယ်။

ဒါကြောင့် NUG ကို ပြည်သူအများစု လက်ခံထောက်ခံနေတယ်လို့ လွဲမှားစွာ ထင်မြင်ယူဆနေတဲ့ အချို့နိုင်ငံများအနေနဲ့ ဆိုရှယ်မီဒီယာပေါ်က သတင်းအမှားများနဲ့ မြန်မာနိုင်ငံ အကျိုးစီးပွားကို ပျက်ပြားစေလိုတဲ့ ပြည်တွင်း/ပြည်ပ မီဒီယာတချို့ရဲ့ ဖော်ပြချက်တွေမှာပဲ လမ်းဆုံးမနေကြဘဲ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ လက်တွေ့ အရှိတရားတွေကို မြင်အောင်ကြည့်နိုင်ကြဖို့ လိုပါကြောင်း တိုက်တွန်းလိုက်ရပါတယ်။

**ရည်ညွှန်းချက်**

**United States’ Foreign Terrorist Organizations, Definitions of Terrorism and Terrorist Activity**

- https://www.state.gov/foreign-terrorist-organizations/
- https://2001-2009.state.gov/s/ct/rls/fs/08/103399.htm
- https://2001-2009.state.gov/s/ct/rls/fs/08/103401.htm

# ထားဝယ်မြို့၌ စတုတ္ထအကြိမ် ထားဝယ်အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

ထားဝယ်လူမျိုးစုကော်မတီမှ ဦးဆောင်၍ ထားဝယ်လူမျိုးများစုစည်းပြီး ထားဝယ်အမျိုးသားညီလာခံကို အောင်မြင်စွာကျင်းပနိုင်ခဲ့သော နတ်တော်လဆန်း ၁ ရက်ကို ထားဝယ်အမျိုးသားနေ့အဖြစ် သတ်မှတ်ပြီး ကျင်းပလာခဲ့သည်မှာ ယနေ့တွင် (၄)နှစ်ပြည့်မြောက်ခဲ့သည်။

စတုတ္ထအကြိမ် ထားဝယ်အမျိုးသားနေ့ကို ယနေ့ နံနက်ပိုင်းတွင် ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက်၌ပြုလုပ်ရာ အဆိုပါ ကျောင်းတိုက်ဆရာတော်၊ ထားဝယ်လူမျိုးစုစည်းမှုကော်မတီ(ဗဟို)၊ နိုင်ငံတော်သြဝါဒစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သူရိယ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သစ်လွင်ထူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ဇေယျဝတီကျောင်းတိုက် ဆရာတော်နှင့် မေဃဝတီကျောင်းတိုက်ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တ ဣန္ဒောဘာသ တို့က သြဝါဒကထာ မြွက်ကြားတော်မူကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပေးပို့သည့် သဝဏ်လွှာကို ဦးစီးနာယက၊ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ ဦးတင်မြက ဖတ်ကြားသည်။

ယင်းနောက် ထားဝယ်လူမျိုးများပေါ်ပေါက်လာပုံ သမိုင်းကြောင်းနှင့် သြဝါဒစကားများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပေးပို့သော သဝဏ်လွှာကို တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက လည်းကောင်း ဖတ်ကြားကြသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့၌ ရှမ်းမျိုးနွယ်စုများ၏ ၂၁၁၆ ခုနှစ် ရှမ်းနှစ်သစ်ကူးပွဲတော် ကျင်းပ

**မြစ်ကြီးနား ဒီဇင်ဘာ ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရှမ်းမျိုးနွယ်စုများ စာပေနှင့် ယဉ်ကျေးမှုအသင်းက ဦးစီးကျင်းပသည့် ၂၁၁၆ ခုနှစ် ရှမ်းနှစ်သစ်ကူးပွဲကို ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီခွဲတွင် ခေမာသီရပ်ကွက်ရှိ ရှမ်းမျိုးနွယ်စုများ ဓမ္မာရုံတွင် ကျင်းပသည်။

ရှမ်းနှစ်သစ်ကူးပွဲ အခမ်းအနားတွင် ရှမ်းတိုင်းရင်းသား လူငယ်မောင်မယ်များက ရှမ်းရိုးရာတေးသီချင်း သီဆိုဖျော်ဖြေကြပြီး ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က ကိုဗစ်ကာလဖြစ်သော်လည်း စည်းကမ်းချက်များနှင့်အညီ ပြည်နယ်အတွင်းရှိ ရှမ်းမျိုးနွယ်စု ငါးစု၏ စုစည်းညီညွတ်မှုဖြင့် နှစ်သစ်ကူးပွဲတော်ကို ကျင်းပနိုင်သည့်အတွက် ဂုဏ်ယူမိပါကြောင်း၊ ယခုလိုနှစ်သစ်ကူးပွဲတော်မျိုးသာမက ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင်လည်း မိမိတို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် အခြားတိုင်းရင်းသားများနည်းတူ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ရှမ်းနှစ်သစ်ကူးပွဲတော်၌ ရိုးရာတေးသီချင်း အကအလှများဖြင့် ဖျော်ဖြေစဉ်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဗဟိုရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက ကချင်ပြည်နယ်အတွင်းရှိ ရှမ်းတိုင်းရင်းသားများ၏ နှစ်သစ်ကူးပွဲတော်ကျင်းပမှုအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားသည်။ ယင်းနောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ပြည်နယ်တာဝန်ခံ ဒေါ်အိအိအေးက ဦးစီးဌာနမှ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုများ ဖော်ထုတ်ထိန်းသိမ်းနိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်နေမှုများကို လည်းကောင်း၊ ပြည်နယ်ရှမ်းမျိုးနွယ်စုများ စာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဒေါ်နန်းခင်ပြုံးရီက နှစ်သစ်ကူးပွဲတော် ကျင်းပရခြင်းနှင့် ရှမ်းတိုင်းရင်းသားတို့၏ သမိုင်းအစဉ်အလာ ဖြတ်သန်းလာမှုကို လည်းကောင်း ပြောကြားကြသည်။

ယင်းနောက် ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီးက ရှမ်းမျိုးနွယ်စုများ၏ ၂၁၁၆ ခုနှစ် နှစ်သစ်ကူးပွဲအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းကို ထောက်ပံ့ပေးအပ်ရာ အသင်း၏ ဒုတိယဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ရှမ်းတိုင်းရင်းသားတို့၏ နှစ်သစ်ကူးကို သာသနာနှစ် ၄၅၀ (ဘီစီ-၉၄)တွင် မူအန်မောဝ်တိုင်းပြည်ကို ပိဋကတ်သုံးပုံနှင့် အတူ ဗုဒ္ဓသာသနာတော် ပင့်ဆောင်ရောက်ရှိသည့်နေ့တွင် ရှမ်းတို့အတွက် ထူးမြတ်သောနှစ်ဖြစ်သဖြင့် ထိုနှစ်စ၍ ရှမ်းနှစ်ကို စတင်ရေတွက်လာခဲ့ရာမှ ယခုနှစ်တွင် ရှမ်းတိုင်းရင်းသားတို့၏ နှစ်ဟောင်းကုန်ဆုံး၍ ၂၁၁၆ ခုနှစ် မင်္ဂလာနှစ်သစ်သို့ ရောက်ရှိသည့် နှစ်သစ်ကူးပွဲဖြစ်ကြောင်း သိရှိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

○ *ကျောဖုံးမှ*

ပြီးခဲ့သည့်ပွဲစဉ်မှ ပွဲထွက်စာရင်းကို နှစ်ဦးအပြောင်းအလဲပြုလုပ်ပြီး ဘိုဝင်၊ လန်ဇီနီ၊ အန်တိုနီယိုတို့ ဦးဆောင်ကာ ချယ်ဆီးအသင်းကို ရင်ဆိုင်လာခဲ့သည်။ တူချယ်၏ ချယ်ဆီးအသင်းက တိုက်စစ်တွင် မောင့်၊ ဇီယက်၊ ဟာဗက်ဇ်တို့ဦးဆောင်လာပြီး ဝက်စ်ဟမ်းအသင်းကို ရင်ဆိုင်လာခဲ့သည်။ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ရေးအတွက် ချယ်ဆီးအသင်းသည် ပွဲစသည်နှင့်တစ်ပြိုင်နက် ဝက်စ်ဟမ်းအသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်မှု ပြုလုပ်နိုင်ခဲ့သည်။ ယခုပွဲစဉ်တွင် အပြန်အလှန်သွင်းဂိုးများနှင့် အတူ ပြိုင်ဆိုင်မှု မြိုင်ဆိုင်ခဲ့ပြီး ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

ယခုပွဲစဉ်အတွက် ဦးဆောင်ဂိုးကို ချယ်ဆီးအသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် ၂၉ မိနစ်တွင် ခံစစ်ကစားသမား ဆီးလ်ဗားက သွင်းယူပေးခဲ့သည်။ ဝက်စ်ဟမ်းအသင်းကလည်း ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ မိနစ် ၄၀ တွင် ချေပဂိုးရရှိခဲ့ပြီး တိုက်စစ်တွင် ပွဲထွက်လာသည့် လန်ဇီနီက ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးနိုင်ခဲ့သည်။ ထို့ပြင် ပထမပိုင်းပွဲချိန် ပြီးခါနီးတွင် ချယ်ဆီးအသင်း ဒုတိယဂိုးရရှိခဲ့ပြီး မောင့်က သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ချယ်ဆီးအသင်းသည် ကစားကွက်အပြောင်းအလဲအဖြစ် ဟာဗက်ဇ်ကို အနားပေးကာ တိုက်စစ်မှူး လူကာကူကို ထည့်သွင်းအသုံးပြုခဲ့သည်။

ဝက်စ်ဟမ်းအသင်းသည် ပွဲချိန် ၅၆ မိနစ်၌ ရရှိလာသည့်အခွင့်အရေးကို ဘိုဝင်က ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည့်အတွက် တစ်ဖက်နှစ်ဂိုးစီဖြစ်ခဲ့သည်။ တစ်ဖက်နှစ်ဂိုးစီဖြစ်သရေကျပြီးနောက် ပွဲမှာ ပြိုင်ဆိုင်မှု ပြင်းထန်လာခဲ့သည်။ ချယ်ဆီးအသင်းသည် ယခုပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းအပေါ် ဖိအားပေး ထိန်းချုပ်ကစားနိုင်ခဲ့သော်လည်း ဝက်စ်ဟမ်းအသင်း၏ မာကျောသည့် ခံစစ်နှင့် ဂိုးသမား ဖေဘီယန်စကီးတို့ လက်စွမ်းပြကာကွယ်ထားနိုင်မှုတို့ကြောင့် လိုအပ်နေသည့် ဂိုးများနှင့် ဝေးကွာခဲ့ရခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းအတွက် တတိယဂိုးကို ပွဲချိန် ၈၇ မိနစ်တွင် အန်တိုနီယို၏ ဖန်တီးမှုမှ မာဆော့ကာက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက်တွင် တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ဝက်စ်ဟမ်းအသင်းက သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ဝက်စ်ဟမ်းအသင်းသည် ယခုအနိုင်ပွဲကြောင့် အဆင့် (၄) နေရာတွင် ရမှတ် ၂၇ မှတ်ဖြင့် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

**အောင်ဇော်**

# ကာမိုင်းမြို့၌ သျှမ်းနီတိုင်းရင်းသားများ၏ နှစ်သစ်ကူးပွဲတော်နှင့် ကောက်ဦးဆွမ်းကပ်လှူဒါန်းပွဲ ကျင်းပ

**ကာမိုင်း ဒီဇင်ဘာ ၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့ရှိ သျှမ်းနီစာပေနှင့် ရိုးရာယဉ်ကျေးမှုမှ ဦးဆောင်၍ သျှမ်းနှစ် ၂၁၁၅ ခုနှစ်မှ ၂၁၁၆ ခုနှစ်သို့ ကူးပြောင်းမည့် နတ်တော်လဆန်း ၁ ရက်တွင်ကျရောက်သော သျှမ်းနီရိုးရာနှစ်သစ်ကူးပွဲနှင့် ကောက်ဦးဆွမ်းကပ်လှူဒါန်းပွဲအား ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီတွင် မအူပင်စုရပ်ကွက်ရှိ သျှမ်းနီ ဘုန်းတော်ကြီးကျောင်းနှင့် မြစိမ်းရောင်ရပ်ကွက်တို့၌ ပထမအကြိမ် ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြတ်စွာဘုရားအား အမှူးပြု၍ ဆရာတော် သံဃာတော်များအား သျှမ်းနီတိုင်းရင်းသားများက လယ်စိုက်ခင်းများမှ ထွက်ရှိသော ကောက်ဦးဆွမ်းနှင့် သီးနှံများကို အရဏ်ဆွမ်းအဖြစ် စုပေါင်း ဆက်ကပ်ပူဇော်ကာ မန္တလေး မတ္တရာကျောင်းတိုက် ဆရာတော် ဦးကုမာရ ထံမှ တရားနာယူပူဇော်ကြပြီး သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားတွင် သျှမ်းနီတိုင်းရင်းသားများ၏ ရိုးရာအကအလှများဖြင့် ဖျော်ဖြေကြပြီး နှစ်သစ်ကူးပွဲတော်ကို ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ လူငယ်များအား လက်ဆင့်ကမ်းထိန်းသိမ်းကြစေရန် ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။



**လဆိုင်း**

**(ပြန်/ဆက်)**

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာ အပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ် တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm


❖ *ကျော့ဖုံးမှ*

မကြာမီတွင် စီမံကိန်းလုပ်ငန်းများပြီးစီးပါက လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၇၀ အပြည့် ထုတ်လုပ်နိုင်မည်ဖြစ်၍ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ရှိ မြို့နယ်များတွင် ဓာတ်အားများ အပြည့်အဝရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစီမံကိန်း (Minbu Solar Power Plant Project ) ဓာတ်အားထုတ်လုပ်နေမှုကို မင်းဘူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး တင့်ကျော်နှင့် ခရိုင်နှင့်မြို့နယ်မှ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များသည် ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုရာ စီမံကိန်းရှင်းလင်းဆောင်၌ GEP(Myanmar) Co.,Ltd မှ စက်ရုံမှူး ဦးညွန့်အောင်က စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ မင်းဘူး(စကု)မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်မြင့်က စီမံကိန်းလုပ်ငန်းအပိုင်း (၂)၊ (၃)၊ (၄) တို့ တည်ဆောက်ပြီးစီးသွားပါက စီမံကိန်းဧရိယာအနီးအနားရှိ ကျေးရွာများအား မီးလင်းနိုင်ရေးတင်ပြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ပေါင်းစပ်ဆွေးနွေးပေးခဲ့သည်။ ယင်းနောက် GEP (Myanmar) Co.,Ltd ၏ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဓာတ်အားထုတ်လုပ်နေမှုများ၊ ဓာတ်အားသိုလှောင်ပုံ၊ တည်ဆောက်ပုံ၊ ဓာတ်အားလိုင်း ၂၃၀၀၀၀ သို့ ပို့လွှတ်နေမှုများနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဇေယျာထက် (မင်းဘူး)**

❒ *ကျော့ဖုံးမှ*

လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် အကြမ်းဖက်သမားများ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။ အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် စာသင်ကျောင်းဆောင်ရှိ ပြတင်းတံခါးမှန်များ ပျက်စီးခဲ့ကြောင်း သိရသည်။

ထိုသို့ လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များအား နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ကန်ပက်လက်မြို့၌ CDF အမည်ခံ အကြမ်းဖက်သမားများ လာရောက်တိုက်ခိုက်ခဲ့သည့် အထက(၁) တည်နေရာပြမြေပုံ။


## သထုံမြို့နယ်၌ အခြေခံ အပ်ချုပ်သင်တန်းဆင်း

**သထုံ ဒီဇင်ဘာ ၄**

မွန်ပြည်နယ် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေ တိုးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်၍ ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာရေးနှစ်တွင် သရက်တောကျေးရွာ မူလတန်း(လွန်)ကျောင်း၌ဖွင့်လှစ်သော အခြေခံအပ်ချုပ်စက် သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁ ရက်နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်း၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ သင်တန်းနည်းပြဆရာမနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ပြီး အဆိုပါ သင်တန်းကို သင်တန်းသူ ၂၀ ဖြင့် ရက်ပေါင်း ၃၀ ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**မိုးဝင်း(ကျေးလက်)**



## ငပုတောမြို့နယ်ရှိ နွေစပါးစိုက်တောင်သူများအား ဓာတ်မြေဩဇာအိတ်များ ပေးအပ်

**ငပုတော ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် နွေစပါးစိုက်တောင်သူများသို့ ယူရီးယားဓာတ်မြေဩဇာအိတ်များ ဖြန့်ဖြူးပေးအပ်ပွဲကို ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိန်သန်းက ယူရီးယားဓာတ်မြေဩဇာအိတ်များ ဖြန့်ဖြူးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ တောင်သူ ၉၁၄ ဦး၏ နွေစပါးစိုက်ဧက ၇၆၀၇ ဧကအတွက် ဓာတ်မြေဩဇာ ၂၆၇ အိတ် ပေးအပ်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ယနေ့ကစားမည့်ဆူဇူကီးဖလားပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း အပြီးသတ်လူစာရင်း ထုတ်ပြန်

**ရန်ကုန် ဒီဇင်ဘာ ၄**

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် ဒီဇင်ဘာ ၅ ရက် (ယနေ့) စတင်မည့် ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအတွက် အပြီးသတ်ကစားသမား ၂၇ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

ဆူဇူကီးဖလားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းတွင် **ဂိုးသမား–** ပြည့်ဖြိုးအောင်၊ မျိုးမင်းလတ်၊ စိုးအာကာ၊ ပြည့်ဖြိုးသူ၊ **နောက်တန်း–** ဒေးဗစ်ထန်၊ ဇော်ရဲထွန်း၊ ငြိမ်းချမ်း၊ ရဲမင်းသူ၊ ဟိန်းဖြိုးဝင်း၊ ဝင်းမိုးကျော်၊ နေမိုးနိုင်၊ အောင်ဝဏ္ဏစိုး၊ **အလယ်တန်း –** မောင်မောင်လွင်၊ မောင်မောင်ဝင်း၊ လာဒင်မောရာ၊ အောင်နိုင်ဝင်း၊ ရန်နိုင်ဦး၊ လှိုင်းဘိုဘို၊ ကောင်းထက်စိုး၊ လွင်မိုးအောင်၊ ထက်ဖြိုးဝေ၊ မြတ်ကောင်းခန့်၊ ဆွမ်လန်မန်၊ ဟိန်းထက်အောင်၊ **ရှေ့တန်း–** သန်းပိုင်၊ အောင်ကောင်းမာန်နှင့် ဝင်းနိုင်ထွန်းတို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် အန်တွမ်နီဟေးသည် ဒဏ်ရာရကစားသမားများရှိနေသည့်အပြင် ကိုဗစ်-၁၉ ရောဂါစစ်ဆေးရခြင်းများရှိခြင်းတို့ကြောင့် အပြီးသတ်လူစာရင်းကို ပြိုင်ပွဲစတင်ခါနီး တစ်ရက်အလိုမှ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စု (က) တွင် ထိုင်း၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တီမောအသင်းတို့နှင့် ကျရောက်နေပြီး အုပ်စုပထမပွဲအဖြစ် ဒီဇင်ဘာ ၅ ရက် (ယနေ့) မြန်မာစံတော်ချိန် ည ၇ နာရီတွင် အိမ်ရှင်စင်ကာပူအသင်းနှင့် ကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယနေ့ကစားမည့် စင်ကာပူအသင်းနှင့်ပွဲတွင် မပါဝင်နိုင်သည့်ကစားသမားအချို့ရှိကြောင်း သိရသည်။

**ရဲရင့်လွင်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ် -၁၉ ကန့်သတ်ချက်များ ပြန်လည်တင်းကျပ်သွားမည်

**ဆိုးလ် ဒီဇင်ဘာ ၄**

တောင်ကိုရီးယားနိုင်ငံ၌ အိုမီခရွန် ကူးစက်ခံရမှု တွေ့ရှိပြီးနောက် လူမှုဘဝတွင် ဖြေလျှော့ထားသည့် ကန့်သတ်ချက်များကို ပြန်လည်တင်းကျပ်သွားမည်ဟု သိရသည်။

ပြီးခဲ့သည့်လအတွင်းကမှ ဖြေလျှော့ပေးခဲ့သည့် ကန့်သတ်ချက်များကို ပြန်လည်သုံးသပ်နေပြီဖြစ်ကြောင်း ဒီဇင်ဘာ ၃ ရက်တွင် တောင်ကိုရီးယားအစိုးရက ကြေညာခဲ့သည်။

ယခုလအတွင်း နေ့စဉ်ကူးစက်မှုမှာ ၅၀၀၀ ဝန်းကျင်၌ ရှိနေပြီးနောက် ယခုလို ဆုံးဖြတ်ချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ပြင်းပြင်းထန်ထန်ဖျားနာသည့် လူနာဦးရေမှာလည်း ၇၃၆ ဦး ရှိလာခဲ့သည်။ ဒီဇင်ဘာ ၂ ရက်တွင် တောင်ကိုရီးယားနိုင်ငံ၌ ပထမဆုံး အိုမီခရွန်ကူးစက်ခံရသူ တွေ့ရှိခဲ့သည်။

စည်းကမ်းတင်းကျပ်မှုများ အောက်တွင် မြို့တော်ဧရိယာတစ်ဝိုက် သီးသန့်လူစုလူဝေး ပြုလုပ်ရာ၌ ခြောက်ဦးအထိ ကန့်သတ်ထားမည်ဖြစ်သည်။ ယခင်က ၁၀ ဦးအထိ ခွင့်ပြုပေးခဲ့သည်။ စားသောက်ဆိုင်များသို့မဝင်မီ ကာကွယ်ဆေးထိုးပြီးကြောင်း လက်မှတ်ပြသရမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများအပေါ်တွင် ထိခိုက်မည်ကို စိုးရိမ်သည့်အတွက် စီးပွားရေးလုပ်ငန်းများနှင့် စားသောက်ဆိုင်များအပေါ် အချိန်ကန့်သတ်မည် မဟုတ်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**



ဆိုးလ်မြို့ဧရိယာတစ်ဝိုက်တွင် သွားလာလှုပ်ရှားနေကြသူများကို တွေ့ရစဉ်။



အမေရိကန်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

# အိုမီခရွန်ကူးစက်မှုပျံ့နှံ့လာသည့်အတွက် အမေရိကန်၌ ကာကွယ်ဆေးထိုးမှုနှုန်း မြင့်မားလာ

**နယူးယောက် ဒီဇင်ဘာ ၄**

အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ(စီဒီစီ)၏မှတ်တမ်းများအရ မေလမှစတင်ကာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု အများဆုံးနေ့အဖြစ် စံချိန်တင်ခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၂ ရက်တွင် ကာကွယ်ဆေးအလုံးရေ ၂ ဒသမ ၂ သန်း ထိုးနှံပေးခဲ့ရသည်ဟု သိရသည်။ အချို့သော ပြည်နယ်များတွင် အိုမီခရွန်ကူးစက်မှုမှာ ပျံ့နှံ့လာပြီး ကျန်းမာရေးအာဏာပိုင်များကလည်း ပြည်သူများ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် တိုက်တွန်းထားကြသည်။

သတင်းများတွင် အိုမီခရွန်ကူးစက်မှုများအကြောင်း လွှမ်းမိုးနေသော်လည်း ၉၉ ဒသမ ၉ ရာခိုင်နှုန်းမှာ ဒယ်လ်တာကူးစက်မှုများပင်ဖြစ်သည်ဟု စီဒီစီမှ ညွှန်ကြားရေးမှူးဖြစ်သူ ရိုချဲလီ ဝေလ်လန်စကီးက ပြောသည်။

ကိုဗစ်-၁၉ မျိုးကွဲနှင့် ပတ်သက်၍ သုတေသီများက သုတေသနပြုနေကြောင်း အိမ်ဖြူတော်မှ ဆေးဘက်ဆိုင်ရာ အကြံပေးဖြစ်သူ အန်သိုနီဖောင်ချီက ပြောသည်။

နှစ်ပတ်တာအတွင်း မျိုးကွဲ၏ ကူးစက်မှုနှင့် ပြင်းထန်မှုအခြေအနေတို့ကို သိသင့်သည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ လက်ရှိ ကာကွယ်ဆေးများမှာလည်း တစ်စုံတစ်ခုသော ကာကွယ်မှုများ ပေးနိုင်သည်ဟု ယုံကြည်ဖွယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အိုမီခရွန်မျိုးကွဲ ကူးစက်ခံရမှုကြောင့် ဆေးရုံတက်ရသူ အမေရိကန်တွင် မရှိသေးကြောင်း ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**

# တောင်အာဖရိကတွင် အိုမီခရွန် ကူးစက်ခံရသူ များပြားလာ

**ကိတ်တောင်း ဒီဇင်ဘာ ၄**

တောင်အာဖရိကနိုင်ငံသည် ကိုဗစ်-၁၉ မျိုးကွဲ အိုမီခရွန် ကူးစက်မှုများပြားလာခြင်းနှင့် ရင်ဆိုင်နေရပြီး နေ့စဉ်ကူးစက်ခံရသူအရေအတွက်မှာ သုံးလတာအတွင်း ပထမဆုံးအကြိမ်အဖြစ် ၁၀၀၀၀ အထိ ရှိလာခဲ့သည်။

နိုဝင်ဘာလအတွင်း ကိုဗစ်-၁၉ မျိုးကွဲကို တွေ့ရှိရပြီးနောက် တိုင်းပြည်အတွင်း အာဏာပိုင်များက သတိပေးသံများ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာခဲ့သည်။

ဒီဇင်ဘာ ၂ ရက်တွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၁၅၃၅ ဦးရှိခဲ့သည်။ ယခင်ရက်များအတွင်း နေ့စဉ်ကူးစက်မှုမှာ ၃၀၀ အထက်သာ ရှိခဲ့ရာ ကူးစက်ခံရမှုအရေအတွက်မှာ တစ်ရှိန်ထိုးမြင့်မားလာခြင်းပင်ဖြစ်သည်။

တောင်အာဖရိကနိုင်ငံသည် ကိုဗစ် -၁၉ စတုတ္ထအကျော့နှင့် ရင်ဆိုင်နေရသည်ဟု ကျန်းမာရေးဝန်ကြီး ဂျိုးဖာလာက ပြောသည်။ အိုမီခရွန်ကူးစက်မှုကြောင့် ယခုလို ကူးစက်မှုများ တစ်ရှိန်ထိုးမြင့်မားလာခြင်းပင် ဖြစ်သည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

နိုဝင်ဘာလအတွင်း နောက်ထပ်ကူးစက်ခံရသူ ၂၄၉ ဦး၏ နမူနာများကို လေ့လာရာ ဒယ်လ်တာကူးစက်ခံရသူ ၂၂ ရာခိုင်နှုန်းရှိပြီး ၇၄ ရာခိုင်နှုန်းမှာ အိုမီခရွန်ကူးစက်ခံရသူများဖြစ်သည်ဟု ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

တောင်အာဖရိက၌ ၃၀ ရာခိုင်နှုန်းသာ ကာကွယ်ဆေးထိုးရသေးသည်။ အိုမီခရွန်မျိုးကွဲမှာ ကူးစက်မှုအလွန်လျင်မြန်သည်ဟု သုတေသနရလဒ်များအရ သိရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကာကွယ်ဆေးထိုးခြင်းကသာလျှင် ဆိုးဆိုးရွားရွားဖျားနာခြင်းမှ အကာအကွယ်ပေးနိုင်သည်ဟု ၎င်းက တိုက်တွန်းထားသည်။ **အင်န်အိတ်ချ်ကေ**



တောင်အာဖရိကရှိ ကာကွယ်ဆေးထိုးပေးရာစင်တာတွင် ဆေးထိုးမပေးမီပြင်ဆင်နေသည်ကို တွေ့ရစဉ်။

## မာလီနိုင်ငံအလယ်ပိုင်း၌ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူ ၃၃ ဦး အသက်ဆုံးရှုံးခဲ့ရ

**ဘာမာကို ဒီဇင်ဘာ ၄**

မာလီနိုင်ငံအလယ်ပိုင်း ဆဗယ်ရာနှင့်ဗင်ဒိုင်ရာဂရမ်ကြားရှိ ဆောင်းဟိုဂဲမြို့၌ အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ လူများစွာ အသက်ဆုံးရှုံးခဲ့ရသည်ဟု ဒေသခံအရာရှိတစ်ဦးနှင့် မျက်မြင်သက်သေတစ်ဦးက ဒီဇင်ဘာ ၃ ရက်တွင် ဆင်ဟွာသို့ ပြောသည်။

ဗင်ဒိုင်ရာဂရမ်မြို့သို့ ဦးတည်လာသော ကားတစ်စီး အကြမ်းဖက်တိုက်ခိုက်ခံရခြင်းဖြစ်သည်ဟု မျက်မြင်သက်သေက ပြောသည်။ မော်တော်ယာဉ်တစ်စီး မီးရှို့ခံရမှုကြောင့် ၃၃ ဦး အသက်ဆုံးရှုံးခဲ့ရသည်ဟု ဒေသခံအရာရှိတစ်ဦးက ပြောသည်။ ဒဏ်ရာရရှိသူ ခုနစ်ဦးရှိပြီး လေးဦးမှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ပျောက်ဆုံးနေသူများလည်းရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## ကနေဒါနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ဆက်လက်များပြားနေဆဲဖြစ်

**အော့တဝါ ဒီဇင်ဘာ ၄**

ကနေဒါနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက်မှာ ဆက်လက်များပြားနေဆဲဖြစ်ပြီး နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ပျမ်းမျှကူးစက်ခံရသူ ၂၈၂၁ ဦးရှိပြီး ပြီးခဲ့သည့် သီတင်းပတ်နှင့် နှိုင်းယှဉ်လျှင် ၈ ရာခိုင်နှုန်းတိုးလာသည်ဟု ကနေဒါပြည်သူ့ကျန်းမာရေး အေဂျင်စီက ပြောသည်။

ကနေဒါနိုင်ငံ၌ ပြီးခဲ့သည့်သီတင်းပတ်က စတင်ကာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရသူ ပျမ်းမျှအားဖြင့် ၄၆၅ ဦးရှိပြီး ပြီးခဲ့သည့် သီတင်းပတ်ကနှင့် နှိုင်းယှဉ်လျှင် ၁ ရာခိုင်နှုန်း ကျဆင်းသွားသည်။

နေ့စဉ်သေဆုံးမှုနှုန်းမှာမူ ပျမ်းမျှအားဖြင့် ၁၉ ဦးရှိသည်။ အွန်တေရီယိုမြို့၌ ဒီဇင်ဘာ ၃ ရက်က ကလေးငယ်တစ်ဦးတွင် ဗီဇပြောင်းအိုမီခရွန်ကူးစက်ခံထားရကြောင်း တွေ့ရှိရသည်။ ကနေဒါနိုင်ငံ၌ ပထမဆုံး အိုမီခရွန်ကူးစက်ခံရသည့် ကလေးလည်းဖြစ်သည်ဟု သိရသည်။

**ဆင်ဟွာ**

# ကိုဗစ်- ၁၉ မျိုးကွဲအသစ်ကြောင့် ကမ္ဘာတစ်လွှား နယ်စပ်များပြန်ပိတ်

ကေကေစိုး

ကိုဗစ်-၁၉ မျိုးကွဲ ကူးစက်ပျံ့နှံ့နေပြီဆိုသောသတင်းမှာ နိုဝင်ဘာ ၂၈ ရက်တွင် တစ်ကမ္ဘာလုံးပျံ့နှံ့လာခဲ့သည်။ ထိုသတင်းကြောင့် နယ်စပ်များပြန်လည်ပိတ်ဆို့ခြင်း၊ ကန့်သတ်ချက်များကို သက်တမ်းတိုးခြင်းတို့ ပြုလုပ်လာခဲ့သည်။




### ပြဿနာနှင့် ရင်ဆိုင်နေရ

ယခုတွေ့ရှိရသည့် မျိုးကွဲကို သိပ္ပံပညာရှင်များ နားလည်ရန်အတွက် အချိန်ယူရမည့် ပြဿနာနှင့် အစိုးရများ ရင်ဆိုင်နေရသည်ဟု ဥရောပသမဂ္ဂအကြီးအကဲက ပြောသည်။

အင်ဒိုနီးရှားနိုင်ငံသည်လည်း နိုဝင်ဘာ ၂၈ ရက်တွင် ပြည်ဝင်ခွင့်ကန့်သတ်ချက်များ ပြုလုပ်ခဲ့ပြီး အင်ဂိုလာနိုင်ငံသည် ဒေသတွင်း အိမ်နီးချင်း မိုဇမ်ဘစ်၊ နမ်မီးဘီးယားနှင့် တောင်အာဖရိကတို့ကို တိုက်ရိုက်ပြေးဆွဲနေသော လေယာဉ်များဆိုင်းငံ့သည့် ပထမဆုံး အာဖရိကတောင်ပိုင်းနိုင်ငံဖြစ်သည်။

### အဟန့်အတားဖြစ်စေခဲ့

ကိုဗစ်-၁၉ မျိုးကွဲ အိုမီခရွန်သည် တစ်ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကူးစက်မှုတိုက်ဖျက်ရေးအတွက် အဟန့်အတားဖြစ်စေခဲ့သည်။ ထို့ပြင် တိုင်းပြည်အများအပြားသည် အဆိုပါမျိုးကွဲကို ကြောက်ရွံ့သည့်အတွက် ကန့်သတ်မှုများ သက်တမ်းတိုးလာခဲ့သည်။

အချိန်နှင့်ယှဉ်ပြိုင်နေရခြင်းဖြစ်ကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်က ပြောသည်။ ကာကွယ်ဆေးထုတ်လုပ်သူများသည် ဗီဝပြောင်းလဲမှုကို အပြည့်အဝသိရှိနားလည်နိုင်ရန် အချိန်နှစ်ပတ်မှ သုံးပတ်ယူရဦးမည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

### ကာကွယ်ဆေးထိုးမှုအနိမ့်ဆုံးဖြစ်

နယ်သာလန်နိုင်ငံ၌လည်း တောင်အာဖရိကမှ ပြန်လာသည့် ခရီးသည် ၆၁ ဦးအနက် အိုမီခရွန် ကူးစက်ခံထားရသူ ၁၃ ဦးထက်မနည်း တွေ့ရှိခဲ့သည်။

စုံစမ်းစစ်ဆေးမှုများမှာ အပြည့်အဝမလုပ်ဆောင်ရသေးကြောင်း ပြည်သူ့ကျန်းမာရေးအမျိုးသားအင်စတီကျုက သတိပေးထားသည်။ သတိပေးမှုများ ပြုလုပ်ထားသော်လည်း ဩစတြီးယားနိုင်ငံ၌ ထောင်နှင့်ချီသည့် လူစုလူဝေးကြီးသည် အစိုးရ၏မဖြစ်မနေ ကာကွယ်ဆေးထိုးရမည့် အစီအစဉ်ကို ဆန့်ကျင်ရန် ဆန္ဒပြခဲ့ကြသည်။

ဩစတြီးယားနိုင်ငံသည် အနောက်ဥရောပတွင် ကာကွယ်ဆေးထိုးနှံမှုအနိမ့်ဆုံးဖြစ်နေရာ ယင်းပြဿနာနှင့်ယှဉ်လျှင် ယခုကိစ္စမှာ သိပ်မကြီးကျယ်သည့်ကိစ္စဟု ဝန်ကြီးချုပ် အလက်ဇန္ဒြား ရှဲလန်ဘတ်ကပြောသည်။

### ပြန်လည်တင်းကျပ်

ပြင်သစ်နှင့်ဂျာမနီနိုင်ငံတို့အပါအဝင် ဥရောပနိုင်ငံ အများစုမှာ တိုင်းပြည်အတွင်းကူးစက်မှုများ ပြန်လည်များပြားလာသည့်အတွက် စည်းကမ်းချက်များပြန်လည်တင်းကျပ်နေကြပြီဖြစ်သည်။

ဗြိတိန်နိုင်ငံ၌ နိုဝင်ဘာ ၃၀ ရက်မှစတင်ကာ ကိုဗစ် - ၁၉ စည်းမျဉ်းစည်းကမ်းအသစ်များ ပြန်လည်တင်းကျပ်သွားမည်ဟု ကျန်းမာရေးဝန်ကြီး အဗစ်ဂျာဗစ်က ပြောသည်။ အင်္ဂလန်၌ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးနေရာများနှင့် ဈေးဆိုင်များသို့ သွားရောက်သည့်အခါ ပါးစပ်၊ နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရမည်ဖြစ်သည်။

### အပြင်းအထန်ကြိုးပမ်းနေကြ

ထို့ပြင် ဆိုက်ရောက်လာသည့် ခရီးသွားများအားလုံး ပီစီအာစစ်ဆေးမှုပြုလုပ်ရမည်ဖြစ်ပြီး ရောဂါကူးစက်ခံထားရခြင်း မရှိဟု ပြသလျှင်ပင် သီးခြားခွဲနေထိုင်ရမည်ဖြစ်သည်။ ယခုတွေ့ရှိထားသည့် ကိုဗစ်-၁၉ မျိုးကွဲအသစ်၏ ခြိမ်းခြောက်မှုအဆင့်အတန်းကို သိရှိနိုင်ရန်အတွက် သိပ္ပံပညာရှင်များ အပြင်းအထန် ကြိုးပမ်းနေကြသည်။

တောင်အာဖရိကရှိ ဆရာဝန်တစ်ဦးက ၎င်းထံလာရောက် ပြသသည့် အိုမီခရွန်ကူးစက်ခံထားရကြောင်း သံသယရှိသော လူနာများမှာမူ မောပန်းနွမ်းနယ်ခြင်းကဲ့သို့ အပျော့စားလက္ခဏာများကိုသာ တွေ့ရှိရသည်ဟု ပြောသည်။

### ခရီးသွားလာမှုကန့်သတ်ချက်ထုတ်ပြန်

တောင်အာဖရိက ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းအကြီးအကဲဖြစ်သူ အင်ဂျလီကုဇီးက ပြီးခဲ့သည့် ၁၀ ရက်အတွင်း တွေ့ရှိခဲ့သော ကိုဗစ် -၁၉ လူနာ ၃၀ လုံးမှာ ဆေးရုံတက်ဆေးကုသမှု ခံယူစရာမလိုဘဲ ပြန်လည်ကျန်းမာလာသည်ဟု ပြောသည်။

သို့သော်လည်း အိုမီခရွန်မှာ အန္တရာယ်များသည့် မျိုးကွဲဖြစ်ပြီး ယင်း၏အခြေအနေများကို တိတိကျကျ မသိရသေးဟု ၎င်းက ဆက်ပြောသည်။ နိုင်ငံအများအပြားသည် တောင်အာဖရိကနိုင်ငံကို ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များ တသီတတန်းကြီး ထုတ်ပြန်ခဲ့ကြသည်။

> ❋ တောင်အာဖရိက ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းအကြီးအကဲဖြစ်သူ အင်ဂျလီကုဇီးက ပြီးခဲ့သည့် ၁၀ ရက်အတွင်း တွေ့ရှိခဲ့သော ကိုဗစ် -၁၉ လူနာ ၃၀ လုံးမှာ ဆေးရုံတက်ဆေးကုသမှု ခံယူစရာမလိုဘဲ ပြန်လည်ကျန်းမာလာသည်ဟု ပြောသည်
>
> ❋ သို့သော်လည်း အိုမီခရွန်မှာ အန္တရာယ်များသည့် မျိုးကွဲဖြစ်ပြီး ယင်း၏အခြေအနေများကို တိတိကျကျ မသိရသေးဟု ၎င်းက ဆက်ပြောသည်။ နိုင်ငံအများအပြားသည် တောင်အာဖရိကနိုင်ငံကို ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များ တသီတတန်းကြီး ထုတ်ပြန်ခဲ့ကြသည်

### နယ်စပ်တံခါးများပိတ်

မော်ရိုကိုနိုင်ငံသည်လည်း နိုင်ငံအတွင်းသို့ ဝင်ရောက်မည့် လေယာဉ်များကို နိုဝင်ဘာ ၂၉ ရက်မှစတင်ကာ နှစ်ပတ်ကြာရပ်နားထားကြောင်း ပြောသည်။ အစ္စရေးနိုင်ငံသည် စည်းကမ်းချက်များ တင်းကျပ်သည့်နိုင်ငံထဲမှ တစ်နိုင်ငံဖြစ်သည်။ နိုင်ငံခြားသားများအားလုံးကို ရည်ရွယ်ကာ နယ်စပ်တံခါးများ ပိတ်ပစ်ခဲ့သည်။ ခရီးသွားများအတွက် နယ်စပ်တံခါးများကို ပြန်လည်ဖွင့်လှစ်ပေးပြီး လေးပတ်အကြာတွင် ယခုလိုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

### အသွားအလာစောင့်ကြည့်ကန့်သတ်ခံရမည်

အနီရောင်အဆင့် သတိထားမှုများ ဆောင်ရွက်နေကြောင်းနှင့် သန်းနှင့်ချီသည့် ပီစီအာ စစ်ဆေးမှုကိရိယာများကိုလည်း ကပ်ရောဂါတိုက်ဖျက်ရေးအတွက် မှာယူထားကြောင်း အစ္စရေးဝန်ကြီးချုပ် နာ့ဖ်တာလီဘန်းနက်က ပြောသည်။ အစ္စရေးနိုင်ငံသားများအားလုံးသည်လည်း ပီစီအာ စစ်ဆေးမှုခံယူရမည်ဖြစ်ကာ ကာကွယ်ဆေးထိုးထားလျှင် သုံးရက် အသွားအလာစောင့်ကြည့် ကန့်သတ်ခံရမည်ဖြစ်ပြီး ကာကွယ်ဆေးထိုးမထားပါက တစ်ပတ်အသွားအလာစောင့်ကြည့်ကန့်သတ်ခံရမည်ဖြစ်သည်။

### ကန့်သတ်မှုများအောက် ပြန်လည်ရောက်ရှိ

အိုမီခရွန် ကူးစက်ခံရသူများကို နယ်သာလန်၊ ယူကေ၊ ဟောင်ကောင်နှင့် ဩစတြေးလျနိုင်ငံတို့တွင်လည်း တွေ့ရှိရသည်။ ဩစတြေးလျနိုင်ငံ၌ နိုင်ငံခြားခရီးသွားများအတွက် ခရီးသွားလာမှုကန့်သတ်ချက်များ ဖယ်ရှားပေးပြီးနောက် တစ်လအကြာတွင် အိုမီခရွန် ပေါ်ပေါက်လာခြင်းဖြစ်သည်။

ဒိန်းမတ်နိုင်ငံ၌လည်း ပထမဆုံး အိုမီခရွန်ကူးစက်ခံရသူများကို တွေ့ရှိခဲ့သည်။ တောင်အာဖရိကမှ ပြန်လာသည့် လူနှစ်ဦးတွင် ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့သည်။ အိုမီခရွန်ကြောင့် တစ်ကမ္ဘာလုံးဆိုင်ရာ ပြန်လည်နာလန်ထူမှုကို အဟန့်အတားဖြစ်စေသည့်အပြင် လူသန်းပေါင်းများစွာကိုလည်း ကန့်သတ်မှုများအောက် ပြန်လည်ကျရောက်စေသည်။

### ပွင့်လင်းမြင်သာမှုရှိ

သတင်းအချက်အလက်များ မျှဝေရာတွင် ပွင့်လင်းမြင်သာမှုရှိသည့်အတွက် တောင်အာဖရိက အစိုးရကို ချီးကျူးကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က နိုဝင်ဘာ ၂၇ ရက်တွင် ပြောသည်။

တောင်အာဖရိက၌ အိုမီခရွန်ကို စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည့်အတွက် တောင်အာဖရိကနိုင်ငံအပေါ် လေကြောင်းခရီးသွားလာမှုကန့်သတ်ချက်များထားရှိခြင်းမှာ မျှတမှုမရှိဟု တောင်အာဖရိကနိုင်ငံက ပြောကြားခဲ့သည်။ ။ **ကိုးကား- အေအက်ဖ်ပီ**

# ဒီဇင်ဘာ ၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၇၄ ဦးတွေ့ရှိ

## ထပ်မံသေဆုံးသူ ၈ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၁၃၅ ဦးရှိ

### ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုး နိုင်ငံပေါင်း ၃၈ နိုင်ငံ ပျံ့နှံ့ (၄-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၉,၅၀၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၇၄) ဦးတွေ့ရှိ**ရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၉၂) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၆၆၅,၇၆၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၄,၁၂၂) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅၃၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၉၉,၈၀၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၈) ဦး** ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၁၃၅) ဦး ရှိပါသည်။

- **ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၄-၁၂-၂၀၂၁) ရက်နေ့၊ (၀၆:၀၀) နာရီအချိန်အထိ နိုင်ငံပေါင်း (၃၈) နိုင်ငံအထိ ပျံ့နှံ့လျက်ရှိ**ကြောင်းသိရှိရပြီး အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြုတွေ့ရှိရပြီးဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံတွင် အတည်ပြုလူနာ (၂)ဦးနှင့် အရှေ့တောင်အာရှဒေသမှ မလေးရှားနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့တွင် အတည်ပြုလူနာ (၁)ဦးစီ တွေ့ရှိကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ကမ္ဘာတစ်ဝှမ်းဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ အလွန်အမင်း စိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၄-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၁၉၁) ခု | (၂၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၈) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၄၈) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၅၀) ခု | (၁၀) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၈) ခု | (၁၉) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၁၂၅) ခု | (၁၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၀၈) ခု | (၁၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၁၆၂) ခု | (၂၈၆) ဦး |
| **စုစုပေါင်း** | (၁၉,၅၀၀) ခု | (၃၇၄) ဦး |

### ၄-၁၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၉၈၇၈၀၄၉ | ၃၉၄၆၃၂၄၅ | ၈၀၈၁၁၆ |
| ၂။ | အိန္ဒိယ | ၃၄၆၂၄၃၆၀ | ၃၄၀၅၃၈၅၆ | ၄၇၀၅၃၀ |
| ၃။ | ဘရာဇီး | ၂၂၁၂၉၄၀၉ | ၂၁၃၅၇၄၁၂ | ၆၁၅၄၅၄ |
| ၄။ | ဗြိတိန် | ၁၀၃၇၉၆၄၇ | ၉၁၅၆၀၆၆ | ၁၄၅၄၂၄ |
| ၅။ | ရုရှား | ၉၇၆၉၀၁၁ | ၈၄၇၁၈၁၃ | ၂၈၀၀၇၂ |
| ၆။ | တူရကီ | ၈၈၆၁၃၈၆ | ၈၃၉၂၉၇၁ | ၇၇၄၁၇ |
| ၇။ | ပြင်သစ် | ၇၈၂၃၈၈ | ၇၁၆၈၁၈၈ | ၁၁၉၄၅၇ |
| ၈။ | အီရန် | ၆၁၃၁၃၅၆ | ၅၉၁၆၁၉၉ | ၁၃၀၁၂၄ |
| ၉။ | ဂျာမနီ | ၆၀၉၇၄၇၇ | ၅၀၅၈၂၀၀ | ၁၀၃၃၀၈ |
| ၁၀။ | အာဂျင်တီးနား | ၅၃၃၇၆၉၂ | ၅၁၉၈၀၉၉ | ၁၁၆၆၃၉ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၄- ၁၂ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၅၇၄၈၉ | ၄၁၀၅၉၉၄ | ၁၄၃၈၆၃ |
| ဖိလစ်ပိုင် | ၂၈၃၄၂၉၄ | ၂၇၇၀၇၂၆ | ၄၉၂၃၀ |
| မလေးရှား | ၂၆၄၉၅၇၈ | ၂၅၅၆၅၅၄ | ၃၀၅၃၈ |
| ထိုင်း | ၂၁၃၆၅၃၇ | ၂၀၄၂၆၆၆ | ၂၀၉၁၅ |
| ဗီယက်နမ် | ၁၂၉၄၇၇၈ | ၁၀၀၇၅၆၆ | ၂၆၀၆၁ |
| မြန်မာ | ၅၂၄၁၂၂ | ၄၉၉၈၀၀ | ၁၉၁၃၅ |
| စင်ကာပူ | ၂၆၇၉၁၆ | ၂၅၆၅၁၇ | ၇၄၄ |
| ကမ္ဘောဒီးယား | ၁၂၀၂၃၂ | ၁၁၆၅၈၈ | ၂၉၅၆ |
| လာအို | ၇၈၄၆၉ | ၆၆၃၃၆ | ၂၀၁ |
| ဘရူနိုင်း | ၁၅၁၆၄ | ၁၄၇၁၈ | ၉၈ |

# မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်း (Life Expectancy at Birth)နှင့် လွှမ်းမိုးနေသော အချက်များ

## ဆေးဝန်ထမ်းတစ်ဦး

*(ယမန်နေ့မှ အဆက်)*


မျှော်မှန်းသက်တမ်းကို သက်ရောက်စေတဲ့ အခြားအချက်တစ်ခုကတော့ နိုင်ငံအတွင်း လျှပ်စစ်မီးရရှိမှုပါ။ မြန်မာနိုင်ငံရဲ့ လျှပ်စစ်မီးရရှိမှုကိုကြည့်မယ်ဆိုရင် ၂၀၁၇ ခုနှစ်မှာ နိုင်ငံလူဦးရေရဲ့ ၆၉ ဒသမ ၈ ရာခိုင်နှုန်းအထိ လျှပ်စစ်မီးကို လက်လှမ်းမီခဲ့တာကို တွေ့ရှိရမှာဖြစ်တယ်။ နိုင်ငံအတွင်း လျှပ်စစ်မီးရရှိမှုဟာ နိုင်ငံရဲ့မျှော်မှန်းသက်တမ်းအပေါ် တိုက်ရိုက်သက်ရောက်မှု မရှိပေမယ့် လျှပ်စစ်မီးရရှိတဲ့အတွက်ကြောင့် လူတွေရဲ့ ဘဝအရည်အသွေး (Quality of Life) တိုးတက်လာပြီး လူတွေကို အသက်ရှည်ရှည် နေထိုင်စေနိုင်မှာ ဖြစ်တယ်။

မြန်မာနိုင်ငံအနေနဲ့ မျှော်မှန်းသက်တမ်းကို တိုးတက်စေဖို့အတွက် ကနဦးဆောင်ရွက်သင့်တဲ့အချက်ကတော့ မိခင်နဲ့ကလေးကျန်းမာရေးကို တိုးတက်အောင် ပြုစုစောင့်ရှောက်စေဖို့ ဖြစ်ပါတယ်။ ကိုယ်ဝန်ဆောင်မိခင်အားလုံးဟာ စနစ်ကျသော ကိုယ်ဝန်ဆောင်စောင့်ရှောက်ရေးစနစ် (Antenatal Care) ကို လက်လှမ်းမီပြီး စောင့်ရှောက်မှုခံယူနိုင်ရန် လိုအပ်ပါတယ်။ မွေးဖွားတဲ့အချိန်မှာလည်း ကျွမ်းကျင်တဲ့ ကျန်းမာရေးဝန်ထမ်းများနဲ့ စနစ်တကျ မီးဖွားနိုင်ရန် လိုအပ်မှာဖြစ်ပါတယ်။ ဒါမှသာ ကျန်းမာသန်စွမ်းတဲ့ ကလေးငယ်များ မွေးဖွားနိုင်မှာဖြစ်တယ်။ ဒါ့အပြင် မွေးကင်းစမှစပြီး အသက်အရွယ်အလိုက် မဖြစ်မနေထိုးနှံရမယ့် ကာကွယ်ဆေးများကို ထိုးနှံသွားဖို့လည်း လိုအပ်ပါတယ်။ ဒါမှသာ ငါးနှစ်အောက် ကလေးသေနှုန်း လျော့ကျမယ့်အပြင် အရွယ်မတိုင်မီရောဂါကြောင့် အသက်ဆုံးရှုံးရမှုများ လျော့နည်းမှာ ဖြစ်ပါတယ်။

### အရေးကြီးတဲ့ လုပ်ငန်းစဉ်တစ်ရပ်

ကလေးငယ်များအနေနဲ့ မတော်တဆထိခိုက်မှုများနဲ့ လက်နက်ကိုင်ပဋိပက္ခများတွင် သေဆုံးမှုများ မဖြစ်ပွားစေရေးအတွက် အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေဖို့ ပညာရေးကို လက်လှမ်းမီပြီး မဖြစ်မနေ ကျောင်းပညာသင်ကြားခွင့်ရရန်မှာလည်း အရေးကြီးပါတယ်။ ဒါဟာ မျှော်မှန်းသက်တမ်း တိုးမြှင့်စေဖို့ အထူးအရေးကြီးတဲ့ လုပ်ငန်းစဉ်တစ်ရပ်လည်း ဖြစ်ပါတယ်။ ပညာရေးနဲ့ပတ်သက်လို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က **“၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းနဲ့ ၂၀၁၉ ကြားဖြတ်သန်းခေါင်စာရင်းအရ အသက်ငါးနှစ်နှင့် အထက် ၈ ဒသမ ၁ ရာခိုင်နှုန်းခန့်ဟာ ကျောင်းမနေဖူးတာကို တွေ့ရပါတယ်။ ဒါ့အပြင် အသက် ၂၅ နှစ်နှင့်အထက် အရွယ်ရောက်ပြီးသူများထဲမှ အလယ်တန်းအဆင့်နှင့် ၎င်းအဆင့်အောက် ပညာသင်ကြားခဲ့ရသူပေါင်း ၁၈ ဒသမ ၂ သန်း ရှိပါတယ်။ နိုင်ငံ့လူဦးရေရဲ့ သုံးပုံတစ်ပုံလောက် ဖြစ်ပါတယ်။ ဒါဟာ နိုင်ငံရဲ့ပညာရည်မြှင့်တင်ရေး၊ ပြည်သူလူထုရဲ့ ပညာရည်မြှင့်တင်ရေးကို ကျွန်တော်တို့ ကြိုးကြိုးစားစား လုပ်ကိုင်ရမှာဖြစ်ကြောင်း ပြနေပါတယ်။ ဒါကြောင့် ပညာရေးနဲ့ပတ်သက်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်သဖွယ် ဆောင်ရွက်လျက်ရှိပါတယ်”** ဟု ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁ ရက် မိန့်ခွန်းမှာ ထည့်သွင်းပြောကြားခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ယခုကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ပညာရေးတိုးတက်မြင့်မားရေးအတွက် အားသွန်ခွန်စိုက် လုပ်ဆောင်သွားပါက တစ်မျိုးသားလုံး ပညာရည်တိုးတက်မြင့်မားလာပြီး မျှော်မှန်းသက်တမ်း တိုးမြှင့်စေမှာဖြစ်ပါတယ်။

ဒါ့အပြင် ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပတ်သက်လို့ နိုင်ငံတော်ဝန်ကြီးချုပ်က **“အဓိကကတော့ ကျန်းမာရေးပါ။ ကျန်းမာမှ အလုပ်လုပ်နိုင်မှာ၊ ကျန်းမာမှ ပညာသင်ကြားနိုင်မှာ ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူလူထုရဲ့ ကျန်းမာရေးထက် အရေးကြီးတာ မရှိပါဘူး”** ဟု ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ မိန့်ခွန်းမှာ ကျန်းမာရေးကို အလေးထားပြောကြားခဲ့တာကိုလည်း တွေ့ရှိခဲ့ရပါတယ်။




အာဆီယံနိုင်ငံများ၏ ကျား၊ မအလိုက် မျှော်မှန်းသက်တမ်း။

### မျှော်မှန်းသက်တမ်းတိုးမြှင့်စေဖို့


မျှော်မှန်းသက်တမ်းတိုးမြှင့်စေဖို့ဆိုရင် နိုင်ငံတော်ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ကောင်းမွန်ရမှာဖြစ်သလို လူတစ်ဦးချင်းစီတိုင်းကလည်း မိမိတို့ရဲ့ အသက်ဇီဝကို စောင့်ရှောက်နိုင်ရန် လိုအပ်ပါတယ်။ ထိုသို့စောင့်ရှောက်နိုင်ဖို့ဆိုပါက သိပ္ပံနည်းကျ ကျန်းမာရေးအသိရှိပြီး လိုက်နာကျင့်သုံးရန်လည်း လိုအပ်ပါတယ်။ ဒီနေရာမှာ နေထိုင်စားသောက်မှုပုံစံနဲ့ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်မှုများဟာ အရေးကြီးတဲ့အခန်းကဏ္ဍက ပါဝင်နေပါတယ်။ ကိုယ်လက်လှုပ်ရှားမှုဆိုတဲ့နေရာမှာလည်း အားကစားရုံ (Gym) သို့ သွားရောက်လေ့ကျင့်ခြင်းမျိုး တစ်ခုတည်းကို ဆိုလိုတာ မဟုတ်ဘဲ တစ်နေ့လျှင် မိနစ် ၃၀ ခန့် မှန်မှန်လမ်းလျှောက်ရုံဖြင့်လည်း ရေရှည်မှာ ထူးခြားတဲ့ ကျန်းမာရေး အကျိုးကျေးဇူးတွေကို ရရှိစေမှာဖြစ်ပါတယ်။

ဒါ့အပြင် နေ့စဉ်စားသောက်နေထိုင်မှုပုံစံဟာ ကျန်းမာရေးနဲ့ လျော်ညီတဲ့ နေထိုင်စားသောက်မှုပုံစံဖြစ်ရန်လိုအပ်ပါတယ်။ ဒီနေရာမှာလည်း နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်နေ့မှာ **“ဆန်ကို အဓိကထားပြီး စားတဲ့အတွက်ကြောင့် ဆန်ကနေရတဲ့ အာဟာရကတော့ ပိုပြီးရှိပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့က ဗိုက်ဝဖို့ကို အဓိကဆိုပြီး စားတဲ့အတွက်ကြောင့် အချို့နေရာတွေမှာ ခန္ဓာကိုယ်က လိုအပ်တဲ့အာဟာရကို ပြည့်ပြည့်ဝဝ မရတာရှိပါတယ်။ ဒါကြောင့် ဆန်စားသုံးမှုကို အနည်းငယ်လျှော့ချပြီးတော့မှ အခြားလိုအပ်တဲ့ အသားတို့ ငါးတို့ ဟင်းသီးဟင်းရွက်တို့ ဒါတွေကို ထိုက်သင့်သလို ရရှိအောင် ဖြည့်ဆည်းဆောင်ရွက် စားသွားမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ ကျန်းမာရေးအတွက်လည်း များစွာအထောက်အကူရမယ်လို့ ကျွန်တော်တွေ့မိပါတယ်”** ဟု မြန်မာလူမျိုးများရဲ့ နေထိုင်စားသောက်မှုပုံစံနဲ့ ပတ်သက်ပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့ နေထိုင်စားသောက်မှုပုံစံ ပြောင်းလဲနိုင်ရေး လိုအပ်ချက်ကို မီးမောင်းထိုးပြခဲ့ပါတယ်။

ကျန်းမာရေးနဲ့ညီညွတ်တဲ့ နေထိုင်စားသောက်မှုပုံစံလို့ဆိုရာမှာ ခန္ဓာကိုယ်အတွက် နေ့စဉ်လိုအပ်တဲ့ အာဟာရဓာတ်များ လုံလောက်စွာရရှိစေရန် အပြင် အချိုလွန်ကဲ၊ အငန်လွန်ကဲ၊ ဆီလွန်ကဲမှုတို့ကို ရှောင်ကြဉ်ပြီး ညီညွတ်မျှတစွာ စားသောက်ရန် လိုအပ်ပါတယ်။ ဒီနေရာမှာ တန်ဖိုးကြီးတဲ့ ပြည်ပက တင်သွင်းလာတဲ့ အစားအသောက်တွေကိုသာ စားသောက်ရမယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး။ မိမိဒေသမှာပဲ စိုက်ပျိုး၊ မွေးမြူထုတ်လုပ်ထားတဲ့ လတ်ဆတ်တဲ့ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံတွေကို ညီညွတ်မျှတစွာစားသုံးခြင်းဟာလည်း အလားတူ အာဟာရဓာတ်ကြွယ်ဝပြီး နိုင်ငံခြားငွေ သက်သာစေရုံသာမက ဒေသတွင်းမှာ နေထိုင်ကြတဲ့သူတွေရဲ့ လူမှုစီးပွားဘဝ တိုးတက်မှုကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုတယ်ဆိုတာကို သတိမူရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ယခုအခါ ဒေသအချို့မှာ စိုက်ပျိုးနေကြတဲ့ တစ်ရှူးငှက်ပျောသီးဟာ အာဟာရဓာတ်ကြွယ်ဝတဲ့ အသီးအနှံဖြစ်တဲ့အပြင် စိုက်ပျိုးသူတောင်သူများကိုလည်း ဝင်ငွေတိုးတက်ရရှိစေနိုင်မှာဖြစ်ပါတယ်။

ဒါ့အပြင် လူထုအတွင်းမှာ ဆေးလိပ်၊ အရက်နဲ့ မူးယစ်ဆေးဝါးသုံးစွဲမှုဟာလည်း မျှော်မှန်းသက်တမ်းတိုစေတဲ့ အကြောင်းရင်းပဲဖြစ်တယ်။ ၂၀၁၇ ခုနှစ်မှာ မြန်မာနိုင်ငံအတွင်း ဆေးလိပ်ကြောင့် သေဆုံးမှု နှုန်းဟာ လူတစ်သိန်းမှာ ၁၇၅ ဦး၊ အရက်ကြောင့် သေဆုံးမှုဟာ လူတစ်သိန်းမှာ ၂၇ ဦးနဲ့ မူးယစ်ဆေး ကြောင့် သေဆုံးမှုနှုန်းဟာ လူတစ်သိန်းမှာ ၀ ဒသမ ၇ ဦး အသီးသီးရှိခဲ့တာကို တွေ့ရမှာဖြစ်တယ်။ မူးယစ်ဆေးဝါးသုံးစွဲမှုဟာ အခုနှစ်ပိုင်းတွေမှာ လူငယ်ထုအတွင်း အလျင်အမြန် တိုးပွားလာတာကို တွေ့လာရတဲ့အတွက် တိုင်းပြည်ရဲ့ မျှော်မှန်းသက်တမ်းအပေါ်ကို သာမက ရာဇဝတ်မှုများပါ တိုးပွားလာစေမှာဖြစ်တယ်။ ဒါကြောင့် နိုင်ငံသားတစ်ဦးချင်းစီအနေနဲ့ ကျန်းမာရေး သာမက လူမှုစီးပွားဘဝများကိုပါ ထိခိုက်စေနိုင်သော ဆေးလိပ်၊ အရက်နဲ့ မူးယစ်ဆေးသုံးစွဲခြင်းများကို ရှောင်ကြဉ် ရန် အသိ၊ သတိနဲ့ယှဉ်ပြီး နေထိုင်သွားကြဖို့လည်း လိုအပ်ပါတယ်။ ဒါတွေဟာ နိုင်ငံသားတစ်ဦးချင်းစီအတွက် မျှော်မှန်းသက်တမ်းအတိုင်း သို့မဟုတ် မျှော်မှန်းသက်တမ်းထက်ကျော်ပြီး အသက်ရှင်နေထိုင်နိုင်ရေးအတွက် အရေးကြီးတဲ့ အချက်တွေလည်း ဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရရင် ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတွေရဲ့ မျှော်မှန်းသက်တမ်းဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မတူညီတာကို တွေ့ရမှာဖြစ်ပါတယ်။ အကြမ်းဖျင်း သုံးသပ်ရမယ်ဆိုရင် စီးပွားရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေဟာ မျှော်မှန်းသက်တမ်း ကောင်းလေ့ရှိကြတာကို တွေ့ရှိရမှာဖြစ်တယ်။ နိုင်ငံတစ်ခုအနေဖြင့် ပြည်တွင်း ပဋိပက္ခတွေ လျော့နည်းမှသာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီး လူမှုဘဝ တိုးတက်မြင့်မားလာကာ မျှော်မှန်းသက်တမ်းလည်း တိုးမြင့်လာမှာဖြစ်တယ်။ နိုင်ငံတော် အစိုးရအနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရရှိပြီး စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး ကဏ္ဍအသီးသီးမှာ တိုးတက်မှုတွေရရှိအောင် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူတစ်ရပ်လုံး အနေနဲ့လည်း ကျန်းမာရေးကောင်းမွန်စေရန် နေထိုင်ခြင်း၊ အာဟာရမျှတမှု ရှိစေရန် စားသုံးခြင်း စတဲ့အချက်များကို တစ်ဦးချင်းစီ လိုက်နာလုပ်ဆောင်ကြမယ်ဆိုပါက မြန်မာနိုင်ငံရှိ လူတစ်ဦးချင်းစီရဲ့ မျှော်မှန်းသက်တမ်းဟာ လျင်မြန်စွာ တိုးတက်လာမှာဖြစ်ပါကြောင်း သုံးသပ်ရေးသားလိုက်ရပါတယ်။ ။




အာဆီယံနိုင်ငံများ၏ နိုင်ငံအလိုက် ဂျီဒီပီနှင့် မျှော်မှန်းသက်တမ်း ဆက်စပ်ပုံ။

# တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေး၊ အလှူငွေများပေးအပ်လှူဒါန်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၄**

တပ်မတော် (ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ ဘုန်းတော်ကြီးသင်ပညာရေးသဗ္ဗညုကျောင်း၊ မဟာမြတ်မုနိကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကဟန်းကျေးရွာရှိ ကဟန်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တိလောကရပ်ကွက်ရှိ အောင်သုခမ္မရိပ်သာကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ရှိ မဏိရတနာရာမကျောင်းတိုက်(**ယာပုံ**)၊ မြန်အောင်မြို့ရှိ သမိဒ္ဓေါဓယ သုခိတာရာမ သီလရှင်ပရိယတ္တိစာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကံသာယာကျေးရွာရှိ သာသနဝေပုလ္လကျောင်းတိုက်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်ကျောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇယာရာမသရက်ကုန်းကျောင်းတိုက်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၃၆ ကျောင်းတို့မှ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြသည်။



ထို့အပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ ဘုန်းတော်ကြီးသင်ပညာရေးသဗ္ဗညုကျောင်း၊ မဟာမြတ်မုနိကျောင်းတိုက်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု သီလရှင်ကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၄**



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါ အခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်(၁၂)နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နှင့် သီပေါမြို့တို့၌ ဒေသခံပြည်သူ ၁၂၆၀၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၇၀၃၅ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်းရှိမြို့နယ် ၁၅ မြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၂၆၇၅၈ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၂၁၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၃၃၄၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၅၀၀၇ ဦး(**ဝဲပုံ**)၊ စစ်ကိုင်းတိုင်းဒေသကြီးကလေးမြို့နယ်နှင့် တန့်ဆည်မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၄၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၇၈၂၀၀ နှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ဒေသခံပြည်သူ ၅၆၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၃၁၀၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၆၈၉၉ ဦး၊ ရခိုင်ပြည်နယ် မောင်တောမြို့နှင့် ချင်းပြည်နယ် ပလက်ဝမြို့တို့၌ ကျောင်းသား ကျောင်းသူ ၁၇၁၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့် တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တင်သွင်းရာ ကုမ္ပဏီသုံးခုမှ ယာဉ်ငါးစီးဖြင့် နှာခေါင်းစည်း Mask ၃၇ တန် တင်သွင်းခဲ့သည်။

နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၄ ရက်အတွင်း ကုမ္ပဏီ ၈၁ ခုမှ ယာဉ် ၁၆၆ စီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ်ဖြင့် ၄၀၆ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (Bowser) ယာဉ်ဖြင့် ခြောက်တန်၊ အောက်ဆီဂျင် (အိုးခွံ) ၁၀၁၈၈ ခု၊ Oxygen Plant ၄၆ ခု၊ လုပ်ငန်းသုံး အောက်ဆီဂျင်စက် ၁၆ ခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၉၆၂ ခု၊ PPE အစုံ ၈၃၈၄၀၊ လက်အိတ် ၄၃ တန်နှင့် နှာခေါင်းစည်း (Mask) တန် ၈၃၀ တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၄ရက်အတွင်း ပြည်ပမှ တင်သွင်းသည့် အောက်ဆီဂျင်အရည် (Bowser)ယာဉ်စုစုပေါင်း အစီး ၂၀ မှာ ရန်ကုန်မြို့သို့ ၁၇ စီး၊ မော်လမြိုင်မြို့သို့ နှစ်စီးနှင့် နေပြည်တော်သို့ တစ်စီးဖြစ်ပြီး Oxygen Plant စုစုပေါင်း ၄၆ ခုမှာ ရန်ကုန်မြို့သို့ ၃၇ ခု၊ ရေစကြိုမြို့၊ မြို့သစ်မြို့၊ မြစ်ကြီးနားမြို့တို့သို့ နှစ်ခုစီနှင့် မန္တလေးမြို့၊ ဓနုဖြူမြို့၊ ရေနံချောင်းမြို့တို့သို့ တစ်ခုစီ ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့်အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



# ပီတိဖြစ်ခဲ့ရပါသော ကုသိုလ်လေးတစ်ခု

တင်ဝင်းလေး(ကြည့်မြင်တိုင်)



အသက် ၁၀၁ နှစ်ကျော်ပြီဖြစ်သည့် သတင်းထောက်ကြီး အဘ ဦးဆိုက်ကျင်

**ပရိတ်ကြီး(၁၁)သုတ်မှ မင်္ဂလသုတ်၌ "ပူဇာစ ပူဇနေယျာနံ ဧတံမင်္ဂလမုတ္တမံ"ဟုပါရှိသည်။ အဓိပ္ပာယ်မှာ ပူဇော်ထိုက်သူကိုပူဇော်ခြင်းသည် မင်္ဂလာမည်၏ ဆိုပါသည်။ ဤသို့ဆိုရသော် မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့အနေဖြင့် ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၇ ရက်က ကောင်းမြတ်သော မင်္ဂလာတစ်ရပ်ကို ပြုလုပ်နိုင်ခဲ့ပြီဖြစ်ပါသည်။ အဖွဲ့ဝင်အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးသတင်းထောက်ကြီး ၁၆ ဦးတို့အား စတုတ္ထအကြိမ်မြောက် ဂါရဝပြုကန်တော့ပွဲကို စမ်းချောင်းမြို့နယ်ရှိ ကိုးထပ်ကြီးဘုရား သန္တိသုခဓမ္မာရုံအတွင်း အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့သောကြောင့် ဖြစ်ပါသည်။**

### ဂါရဝပြုကန်တော့ပွဲ

ဂါရဝပြုကန်တော့ပွဲကို ၂၀၁၇၊ ၂၀၁၈၊ ၂၀၁၉ ခုနှစ်များက သုံးနှစ်ဆက်တိုက်ပင် လုပ်ဆောင်နိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်- ၁၉ ဝေဒနာဆိုးကြောင့် ရပ်ဆိုင်းထားခဲ့ရသည်။ ပူဇော်ပွဲရပ်ဆိုင်းထားခဲ့ရသော်ငြား ကန်တော့ခံသတင်းထောက်ကြီးများ၏အသက်ကိုကား ရပ်တန့်စေခြင်း မတတ်နိုင်ခဲ့ပေ။ မွေးရက်တစ်ခါရောက်လာတိုင်း အသက်တစ်နှစ်ပို၍ ကြီးသွားကြပြီဖြစ်သည်။ ပို၍ပို၍ အိုမင်းသွားကြပြီဖြစ်သည်။ ကျန်းမာရေးကလည်း ယိုင်နဲ့လာခဲ့ကြပြီကို တွေ့နေရပြီဖြစ်သည်။ သုံးခွမြို့နယ်မှ သက်တော်ရှည်သတင်းထောက်ကြီး အဘဦးဆိုက်ကျင် အသက် ၁၀၀ ပြည့်သည့်နှစ် ၂၀၂၀ ပြည့်နှစ်တွင် ကန်တော့ပွဲကို ပိုမိုစည်စည်ကားကား ပြုလုပ်ကြမည်ဟု အားခဲထားကြသည်။ ကိုဗစ်ကာလကြီးနှင့်ကြုံကြိုက်လာသည့်အတွက် ပွဲပျက်ခဲ့ရသည်။ ယခုအသက် ၁၀၁ နှစ်ကျော်၍ ၁၀၂ နှစ်ထဲသို့ ရောက်ရှိနေပြီဖြစ်သည်။

နောင်နှစ်ဆိုသောအချိန်ကာလ၌ မည်သူမည်ဝါ အကောင်းပကတိ ကျန်းမာစွာရှိနေနိုင်ပါသေးသည်ဟု ဘယ်သူက အာမခံချက်ပေးမည်နည်း။ သို့အတွက် ဂါရဝပြုကန်တော့ပွဲကို သည်နှစ်တွင် မဖြစ်မနေ ပြုလုပ်ရန် စိုင်းပြင်းခဲ့ကြသည်။ မြန်မာ့အလင်းသတင်းစာတိုက်မှ တာဝန်ရှိသူများ၊ ပြင်ပမှ စေတနာဖြင့် ပါဝင်လှူဒါန်းသူများ၊ အဖွဲ့ဝင်မြို့နယ် သတင်းထောက်များ၏ ထည့်ဝင်လှူဒါန်းမှုတို့ ကြောင့် ပွဲလေးကို လှလှပပ အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။

ကန်တော့ခံ မြို့နယ်သတင်းထောက်ကြီး ၁၆ ဦးကို တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီဖြင့် ကန်တော့နိုင်ခဲ့ကြသည်။ ရန်ကုန်မှ ကန်တော့ခံပုဂ္ဂိုလ်တို့အား အခြားသောပစ္စည်းများနှင့်အတူ ကိုယ်တိုင်ရေးသူတို့၏ စာအုပ်များကိုပါ လက်ဆောင်ပေးဂါရဝပြုနိုင်ခဲ့ကြသည်။

သို့သော် ကိုဗစ် – ၁၉ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကျင်းပရခြင်းဖြစ်၍ ရန်ကုန်မြို့မှ ကန်တော့ခံရှစ်ဦးနှင့် အဖွဲ့ဝင်များကိုသာ ကန့်သတ်ဖိတ်ကြားမှုပြုလုပ်နိုင်ခဲ့သည်။ နယ်မှကန်တော့ခံသတင်းထောက်ကြီးများကိုမူ ငွေလွှဲဖြင့်သာ ကန်တော့ရသည့်အတွက် များစွာစိတ်မကောင်းကြီးစွာ ဖြစ်ခဲ့ရသည်ကအမှန်ပင်။ မြန်မာ့အလင်းသတင်းစာတိုက်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားခဲ့ကြသော စာတည်းမှူးချုပ်၊ စာတည်းမှူး၊ သတင်းထောက်ချုပ်တို့ တက်ရောက်ချီးမြှင့်အားပေးခဲ့ကြသည်။ နယ်မှ အချို့သော သတင်းထောက်များကလည်း ရောက်ဖြစ်အောင် ရောက်လာခဲ့ကြသည်။ အခြားသော သတင်းဌာနတို့မှ သတင်းရေးဖော်ရေးဘက် မိတ်ဆွေအချို့ကပါ တက်ရောက်လှူဒါန်းမှုများ ပြုခဲ့ကြသည်။

### ကန်တော့ခံသတင်းထောက်ကြီးများ

သို့သော် ရန်ကုန်မှ ဖိတ်ကြားထားသူ ကန်တော့ခံသတင်းထောက်ကြီး ရှစ်ဦးမှ အဘဦးသန်းမောင်(ရန်ကင်း)၊ အဘဦးစိန်ရွှေ(မ/ ဒဂုံ) အဘဦးမြတ်စိုး(လှိုင်)၊ အဘ ဦးနိုင်ဦး(မ/ဒဂုံ)၊ တို့လေးဦးသာ အခမ်းအနားသို့ ကြွရောက်လာနိုင်ခဲ့သည်။ ကျန်လေးဦးကား အခမ်းအနား တက်ရောက်လာနိုင်ခြင်း မရှိခဲ့ပေ။ ၎င်းတို့၏ ဇရာနှင့် ကျန်းမာရေးက တက်ရောက်ခြင်းကို



ဦးဆိုက်ကျင်(သုံးခွ)၏နေအိမ်၌ အဖွဲ့ဝင်များ သွားရောက်ကန်တော့စဉ်။ ဓာတ်ပုံ – သန်းဝင်း(သန်လျင်)

ဟန့်တားလာခဲ့ပေပြီ။ ခန္ဓာကိုယ်ကြီးက အရောက်မလာနိုင်ကြသော်လည်း သူတို့၏စိတ်သည်ကား အခမ်းအနားအတွင်းသို့ အခြားသောသူတို့ထက် စောစီးစွာ ရောက်နှင့်နေသည်ဟု မိမိစိတ်ထဲဝယ် ထင်နေမိခဲ့သည်။

အခမ်းအနားတွင် အဖွဲ့ကိုစတင်တည်ထောင်သူ ဆရာဦးရဲမြင့်ဖေ၏မုဒိတာစကားက လုပ်ကိုင်နေသူတို့အတွက် အားဆေးများဖြစ်ခဲ့သည်။ ကန်တော့ခံသက်ကြီး ဦးမြတ်စိုး(လှိုင်)နှင့် ဦးစိန်ရွှေ(မ/ဒဂုံ) တို့၏ ဩဝါဒစကားတို့က ကုသိုလ်စိတ်များပို၍ တိုးပွားစေခဲ့သည်။ ဝမ်းသာပီတိတွေဖြစ်ခဲ့ရသည်။ အခမ်းအနားအပြီး ထမင်းလက်ဆုံစားရသည်မှာ မြိန်လွန်းလှသည်။ အခမ်းအနားကျင်းပခွင့်ပေးခဲ့သည့် ကိုးထပ်ကြီးဂေါပကအဖွဲ့နှင့် လုပ်အားပေးခဲ့ကြသည့် ဝန်ထမ်းများကိုလည်း အထူးပင် ကျေးဇူးတွေတင်မိပါ၏။ အခမ်းအနားပြီးသည်နှင့် နာရီမဆိုင်း ရန်ကုန်မှ အဝေးဆုံးမြို့နယ်များရှိ ဥက္ကဋ္ဌ အဘ ဦးစိုးဝင်း(ကျောက်တန်း)၊ သက်တော်ရှည် အဘဦးဆိုက်ကျင်(သုံးခွ)တို့ နေထိုင်ရာ အိမ်များဆီသို့ ဒုတိယဥက္ကဋ္ဌ ဦးသန်းဝင်း၊ အတွင်းရေးမှူး ဦးတင်ဝင်း(ကြည့်မြင်တိုင်)၊ တွဲဖက်အတွင်းရေးမှူး ဦးသိမ်းစိုး (ကိုကြီးစိုး/ဒဂုံ–ဆိပ်ကမ်း)၊ အဖွဲ့ဝင် ဦးကျော်ဆန်း(သုံးခွ)နှင့်အတူ သွားရောက်ကန်တော့ခဲ့ကြသည်။

အဘဦးစိုးဝင်းအိမ် ရောက်ရောက်ချင်းပင် အမောပြေ အအေးအချိုရည်တို့ဖြင့် ဆီးကြိုညှော့ခံသည်။ ဝမ်းသာစကားတွေ တစ်လှေကြီးနားထောင်ခဲ့ရသည်။ ကျောင်းဆရာကြီးလုပ်ခဲ့ဖူးသူမို့ ကန်တော့သည့်အချိန်၌ ပြောခဲ့သည့်ဆုပေးစကားများက တိုက်ကျွေးခဲ့သည့် အအေးများထက်ပင် ရင်ကိုပို၍အေးမြစေခဲ့သည်။ အပြန်တွင် ဒေသထွက်မုန့်များပင် လက်ဆောင်ပါးခဲ့သည်။

သုံးခွမြို့နယ်ရှိ အဘဦးဆိုက်ကျင်အိမ်ရှေ့တွင် အဘ၏ သားကြီးဦးကြည်စိုးလွင် စောင့်ကြိုနေသည်။ အဘဦးဆိုက်ကျင်က သူ့ဘာသာသူ တစ်ဦးတည်း မတ်တတ်ရပ်နိုင်စွမ်း မရှိတော့ပေ။ စတီးထောက်ကို လက်ကိုင်အဖော်ပြုနေရပြီဖြစ်သည်။ အကြားအာရုံများလည်း မကောင်းတော့ပေ။ သတိအသိတော့ဖြင့် ရှိနေသည်။ အဖွဲ့မှ နှုတ်ဆက်မှုကို ပြန်ပြောနှုတ်ဆက်နိုင်ခဲ့သည်။ ကျန်းမာရေးကောင်းလျက်ရှိနေသည်။ ကန်တော့ကြသူများကို ဆုတွေ အရှည်ကြီးပေးခဲ့သည်။

လာကန်တော့သူများကို အိတ်ကလေးအတွင်းမှထုတ်၍ မုန့်ဖိုးလေးတွေပေးလာသည်။ လက်ဖြန့်ယူကြတော့ ဟိုးယခင် ခေတ်က ထုတ်ထားသည့် အကြွေစေ့များနှင့် တစ်ကျပ်တန် အသစ်လေးများ ဖြစ်နေသည်။ အားလုံးပြုံးခဲ့ကြရသည်။ မှတ်မှတ်ရရသိမ်းထားဖို့ဖြစ်လာခဲ့သည်။

သတင်းထောက်လောကတွင် ဤကဲ့သို့ အသက် ၁၀၀ ကျော်ရှိနေသူ တစ်ဦးတစ်ယောက်မျှ မရှိ၊ ထိုသို့သော အသက်ရာကျော် သတင်းထောက်ကြီး တစ်ဦး သက်ရှိထင်ရှားရှိနေခြင်းမှာ သတင်းစာလောကအတွက် ဂုဏ်ယူစရာတစ်ရပ်ပင်ဖြစ်သည်။ ထို့ထက်ဆိုရသော် မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့တွင် ရှိနေခြင်းက အဖွဲ့အတွက် ဂုဏ်ဒြပ်တစ်ခုဟု မှတ်ယူမိခဲ့သည်။

ဤကဲ့သို့သော သတင်းထောက်ကြီးတစ်ဦးအား ကိုယ်တိုင်ကိုယ်ကျ လက်အုပ်ချီမိုးကန်တော့ရခြင်း ကုသိုလ်ကား ဘယ်ကဲ့သို့သော ကုသိုလ်မျိုးနှင့်မျှ မတူနိုင်ဟု ယုံကြည်မိခဲ့သည်။

အဘဦးဆိုက်ကျင်၏ အိမ်ရောက်မှ အဘ၏ ငယ်ဘဝလှုပ်ရှားမှုပုံရိပ်များကို မြင်တွေ့ကြားသိခဲ့ရသည်။ ဦးဆိုက်ကျင်ကို အဖ ဦးဖိုးရှမ်း၊ အမိဒေါ်ဖွားခင်တို့မှ မြန်မာသက္ကရာဇ် ၁၂၈၁ ခုနှစ် တန်ခူးလဆန်း ၁ ရက်တွင် သုံးခွမြို့နယ်၌ ဖွားမြင်ခဲ့သည်။ မွေးချင်းမောင်နှမ ရှစ်ယောက်အနက် အငယ်ဆုံးသား ဖြစ်ခဲ့သည်။ ရန်ကုန်မြို့ မြို့မကျောင်းတွင် သတ္တမတန်းအထိ ပညာသင်ကြားခဲ့သည်။

ငယ်စဉ်ကပင် ပရဟိတလူမှုရေးလုပ်ငန်းများအပေါ်စိတ်ဝင်စားခဲ့သည်။ စာဖတ်ခြင်းကို ကြိုက်နှစ်သက်ခဲ့သည်။ ဘာသာရေးအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

ဂျပန်ခေတ်၌ တော်လှန်ရေးလူငယ်များတွင် တက်ကြွစွာ ပါဝင်ခဲ့သည်။ အင်္ဂလိပ်ခေတ် ရေနံမြေသခင်ဖိုးလှကြီးသပိတ်တွင် အလံကိုင်အဖြစ်လည်းကောင်း၊ မီးတုတ်ကိုင်အဖြစ် လည်းကောင်း ရှေ့တန်းမှ ပါဝင်ခဲ့သည်။ ထိုခေတ်က ဝိုင်အမ်ဘီအေအသင်းတွင်လည်းကောင်း၊ မြို့မကျောင်းသားဟောင်းများအဖွဲ့တွင် လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းဖွဲ့စည်းခဲ့သော စစ်သင်တန်းများတွင်လည်းကောင်း ပါဝင်ခဲ့ဖူးသူတစ်ဦးဟုသိခဲ့ရသည်။ အဘ၏မှတ်တမ်းများအရ ရှေးခေတ်က ထွက်ရှိခဲ့သော ဗမာ့ခေတ်၊ ရန်ကုန်၊ ဟံသာဝတီ၊ နိုင်ငံသစ်၊ သံတော်ဆင့်၊ လုပ်သား၊ ဗိုလ်တထောင်သတင်းစာများတွင် ကော်လံစားသတင်းထောက်တစ်ဦးအဖြစ် သတင်းများ ရေးသားခဲ့သည့်အပြင် ယနေ့တိုင် ခိုင်ခိုင်မြဲမြဲထွက်ရှိလျက်ရှိနေသေးသည့် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများ ရှေ့ဦးပိုင်း၌ ကော်လံစားသတင်းထောက်အပြင် သတင်းစာကိုယ်စားလှယ်အဖြစ် သတင်းစာတိုက်တို့၏ အကျိုးကိုပါ ထမ်းဆောင်လာခဲ့သူတစ်ဦးလည်း ဖြစ်ပေသည်။

အသက်ရာကျော်ရှည်သည့်အပြင် ယနေ့တိုင် မျက်မှန်အကူမပါဘဲ စာကိုကောင်းကောင်းဖတ်နိုင်နေဆဲဖြစ်သည်။ ရှေးဘဝက သီလကောင်းခြင်းတို့၏ အကျိုးကို အားကျဖွယ်ပင်။

### မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ကို ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် မြန်မာ့အလင်းသတင်းစာ စာတည်းမှူးချုပ်(ငြိမ်း)ဆရာဦးရဲမြင့်ဖေက စတင်ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။ ယခုဆိုသော် ၁၃ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ အဖွဲ့ဝင် အင်အားမှာလည်း ၁၀၀ နီးပါးအထိ တိုးတက်လာခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ အဖွဲ့အစည်းမှတ်ပုံတင်ကိုလည်း ရယူနိုင်ခဲ့ပြီဖြစ်သည်။ အဖွဲ့ မှတ်ပုံတင်မှာ ၁/ပြည်တွင်း/၀၆၈၃( ၂၀၁၈ ခုနှစ် ဇွန် ၂၇ ရက်)ဖြစ်သည်။ စတင်ဖွဲ့စည်းစဉ်ကတည်းက ရည်ရွယ်ချက်တွေ ကောင်းခဲ့သည်။ သတင်းစာ၏ တန်ဖိုးကို အလေးထားကြသူများ၊ သတင်းများအပေါ် အမြဲအာရုံပြု၍ ရေးသားနေကြသူများ၊ ဝါသနာကိုအရင်းခံ၍ ကော်လံစား မြို့နယ်သတင်းထောက် ဘဝကို ခံမင်လက်ခံထားကြသူများ၊ မြို့နယ်သတင်းထောက်အချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ရှိနိုင်စေရေး၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အကူအညီပြုနိုင်ရေး၊ အဓိကအားဖြင့် ကျန်းမာရေးနှင့်နာရေးကိစ္စရပ်တို့တွင် စုပေါင်းကူညီထောက်ပံ့နိုင်ရေးအတွက် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းပင် ဖြစ်ပါသည်။

နှစ်စဉ် စုံညီအစည်းအဝေးများကို ကျင်းပနိုင်ခဲ့သည့်အပြင် အဖွဲ့ဝင်တစ်ဦး ဆေးရုံတက်ရောက်ကုသမှုခံယူနေရပါက ငွေကျပ် ၁၀၀၀၀၀၊ အဖွဲ့ဝင်တစ်ဦး ကွယ်လွန်သွားပါက ငွေကျပ် ၁၅၀၀၀၀၊ အဖွဲ့ဝင် တစ်ဦး၏ ဇနီး၊ ခင်ပွန်းကွယ်လွန်ပါက ငွေကျပ် ၇၅၀၀၀ ကို ကာယကံရှင်တို့၏ လက်ဝယ်သို့ အမြန်ဆုံးရောက်အောင် ပေးဆောင်နိုင်ခဲ့သည်။ သတင်းစာတိုက်မှ တာဝန်ရှိသူများ၏ စောင့်ရှောက်ကူညီမှု၊ အဖွဲ့ ဝင်အချင်းချင်း စည်းလုံးညီညွတ်မှု၊အဖွဲ့ဝင်တို့၏ နှစ်စဉ်ကြေးထည့်ဝင်မှု၊ ပြင်ပအလှူရှင်များက စေတနာတရားထက်သန်စွာ ပါဝင်လှူဒါန်းမှုတို့ကြောင့် ယခုကဲ့သို့ ၁၃ နှစ်တိုင်ခိုင်မြဲစွာ ရပ်တည်နိုင်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း မှတ်တမ်းတင်၍ ဖော်ပြလိုက်ရပါသည်။ ။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၁၂-၂၀၂၁ တနင်္ဂနွေနေ့

MRTV HD

၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ မောရ်ပရိတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ တရုတ်ကာတွန်း 'မိုးကောင်းကြီးဥယျာဉ်စွန့်တားခန်း' (အပိုင်း-၄၃)
၀၉:၁၀ အသိပညာနှင့်အမှန်တရား 'ကျန်းမာပို့စိုက်ပျိုးစို့'
၁၀:၂၀ 'တူယှဉ်နှဲပျော်ဂီတပွဲတော်' သီချင်းဆိုပြိုင်ပွဲ (ပွဲစဉ်-၂)
၁၂:၃၀ This Week's Special Interest
၁၃:၀၀ MRTV National News
၁၄:၀၀ မြန်မာဂန္တဝင်ရုပ်ရှင် 'ချစ်တဲ့သူငယ်လေး' (မောင်ရူပ၊ မေဝင်းမောင်)
၁၆:၃၅ ရွှေရောင်လွှမ်းသူများရဲ့ မှတ်တမ်းများစုဝေးရာ
၁၇:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၇:၂၀ ရာဇဝင်ထဲကသမိုင်းအနုပညာ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ သုတဝေဖြာသီရိဂေဟာ
၁၉:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၄၃)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၃၀ ကြွေလည်းဝေမြဲတမ်းတဆဲ
၂၁:၅၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ထပင်းစိုင်း'

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

mitv

07:01 News
07:26 Global Partnership for Brighter Future: Seychelles Pavilion at Expo 2020 Dubai
07:35 Interesting Features of Rakhine
08:01 Myanmar Puppeteers (U Shwe Yoe & Daw Moe Dance)
08:10 Kayah
08:17 Today Myanmar: The Handicraft Businesses in Myinkaba Village
08:26 Products of Myanmar - Velvet Slipper
08:39 Gardener of Royal Thazin Floral
09:01 Moe Ne' Keeps Its Tradition Alive
09:27 History Of Kyaik Wyne Pagoda
09:46 Rakhine Traditional Wedding Ceremony
10:16 Mulberry Art Painting: Muu Muu

MRTV NRC

ပကောကရင် (၀၆:၀၀ မှ ၀၇:၀၀) ဖွားဖွားသက်ရှည်
အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀) သဘာဝအလှတရားများနဲ့ကျောက်ပုထိုးစေတီတော်
အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀) ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည့်အမိမြန်မာပြည် (အပိုင်း-၁)
ချင်း (လိုင်စိုး) (၀၉:၀၀ မှ ၁၀:၀၀) ကျန်းမာရေးအတွက်ကောင်းကျိုးများသည့် မျောက်ငိုသီး
ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀) ချင်းရိုးရာကြိမ်ထိုင်ခုံပြုလုပ်ခြင်း
မွန် (၁၁:၀၀ မှ ၁၃:၀၀) မွန်တို့ရိုးရာအလှမွန်တို့ရိုးရာဝတ်စုံ
ရခိုင် (၁၃:၀၀ မှ ၁၅:၀၀) လခြမ်းမြေမှရိုးရာအလှ (အပိုင်း-၂)
ရှမ်း (၁၅:၀၀ မှ ၁၇:၀၀) ညှော်သည်လာရင်ပြန်မှာစိုးရိမ်သားတဲ့လူမျိုး
ဝ (၁၇:၀၀ မှ ၁၉:၀၀) ကွမ်းစိုက်ပျိုးခြင်းအကြောင်း
ကချင် (၁၉:၀၀ မှ ၂၁:၀၀) စီးပွားဖြစ်တဲ့ငှက်ပျောခင်း
ကယား (၂၁:၀၀ မှ ၂၃:၀၀) ကယားရိုးရာခေါင်ရည်

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၄)
၁၁:၀၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တံစိုးလက်ဆောင်ရယူခြင်း'
၁၁:၃၀ အတွေးအမြင် (အပိုင်း-၄)

MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။


# မုန်တိုင်း "ဂျဝပ်ဒ်" အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဒီဇင်ဘာ ၄**

ယနေ့ ည ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "ဂျဝပ်ဒ်" သည် မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အားကောင်းသော မုန်တိုင်းငယ်အဖြစ် အားလျော့သွားခဲ့ကာ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၅၂၀ ခန့်၊ ပုသိမ်မြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၅၇၀ ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ အရှေ့-အရှေ့တောင်ဘက်ရေမိုင် ၁၀၀ ခန့်၊ ဂိုလ်ပါပူမြို့၏ တောင်ဘက် ရေမိုင် ၁၄၀ ခန့်၊ ပူရီမြို့၏ တောင်-အနောက် တောင်ဘက် ရေမိုင် ၁၈၅ မိုင်ခန့်နှင့် ပါရာဒစ်ရှ်မြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၂၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။ အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေ မရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားပြီး၊ နောက် ၁၈ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားနိုင်သည်။ ထို့နောက် ဒီဇင်ဘာ ၅ ရက်တွင် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေ ပူရီမြို့အနီးသို့ ရောက်ရှိပြီးနောက် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ ဒီဇင်ဘာ ၆ ရက်တွင် လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့ပြီး၊ အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေနှင့် အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေသို့ ရောက်ရှိမည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် နောက် ၇၂ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီး နိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄-၁၂-၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၇၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၇၀၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၇၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၆၇၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၂၀/၁၂၅၀ ကျပ် | ၁၂၅၀/၁၂၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၃၀/၁၂၆၀ ကျပ် | ၁၂၃၀/၁၂၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၂၄၅/၁၂၇၀ ကျပ် | ၁၂၄၅/၁၂၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၂၉၅/၁၃၂၀ ကျပ် | ၁၂၉၅/၁၃၂၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၈၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၀ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၉၈ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၅၈၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၇၀ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၀ . ၇၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၆၉၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၅၀၅ | ၂၄၃၀၆၉၀၀ |
| MTSH | ၃၂၀၀ | ၃၁၅၀ | ၅၄၀ | ၁၇၀၁၇၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၂ | ၁၆၀၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၂၀ | ၅၆၀၀၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၁၂ | ၃၅၄၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၂၈ | ၁၄၀၀၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း

# ကတညုတာ

## ကျေးဇူးတရားကို သိတတ်ခြင်းသည် မင်္ဂလာမည်၏။

ကျော်ကျော်လှိုင်

**ဗုဒ္ဓဘုရားရှင်က ကျေးဇူးတရားကို သိတတ်ခြင်းသည် မင်္ဂလာမည်၏ဟု ဟောပါသည်။ ဗုဒ္ဓဘာသာဝင်တိုင်း အနန္တောအနန္တငါးပါးဝင် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့၏ ကျေးဇူးတရားကို သိတတ်ရပါမည်။ ထိုနည်းတူ လူတိုင်းတွင် အသက်ဘေးမှ ကယ်ဆယ်ခဲ့သည့် ကျေးဇူး၊ ဒုက္ခရောက်စဉ် ကူညီခဲ့သည့်ကျေးဇူး၊ စီးပွားတိုးတက်ရန် ငွေအား၊ အသိပညာအားဖြင့် ကူညီခဲ့သည့်ကျေးဇူး၊ လိမ္မာရေးခြားရှိရန် သွန်သင်ဆုံးမခဲ့သည့်ကျေးဇူး စသည်ဖြင့်ကျေးဇူးတင်ထိုက်သူ များစွာရှိပါသည်။ မိမိအပေါ် ကျေးဇူးရှိသူများအပေါ် ကျေးဇူးသိတတ်ရန်လိုသလို ကျေးဇူးမကန်းရန်လည်း အရေးကြီးပါသည်။**

**အာခေါင်လှံ့စူး**

“ဆရာကာပြန်၊ အာခေါင်လှံ့စူး” ဟူသော စကားပုံသည် ဆရာသမားအပေါ် ကျေးဇူးကန်း၍ ဒုက္ခရောက်ရသည်ကို ဆုံးမပါသည်။

**အဖြစ်အပျက်မှာ –**

ရှေးအခါက ယောက်ျားတစ်ယောက်သည် မြစ်အနီးရှိ ကတွတ်ပေါက်၌ ငါးကို မြှောက်ကစားနေသောဖျိုင်းကို မြင်တွေ့ရာ အတုယူပြီး သစ်ချွန်များကို ကောင်းကင်သို့ ပစ်မြှောက်၍ မြေပေါ်မကျမီ ပါးစပ်ဖြင့် ဖမ်းယူနိုင်အောင် လေ့ကျင့်ပါသည်။ ထိုမှ တစ်ဆင့်ပြီးတစ်ဆင့် သံလက်၊ ဓား၊ လှံတံ စသည်တို့ကို ပစ်မြှောက်ပြီး မြေပေါ်မကျမီ ပါးစပ်ဖြင့် ဖမ်းယူနိုင်အောင် လေ့ကျင့်ပါသည်။ ထိုသူသည် မိမိ၏ကျွမ်းကျင်မှုကို တစ်ရွာဝင် တစ်ရွာထွက် ပြသရာ လူအများ သဘောကျ၍ ဆုလာဘ်များစွာ ရပါသည်။ ထိုယောက်ျား၏သတင်းကို ပြည့်ရှင်မင်းကြားသော် မင်းပွဲသဘင် မင်းရင်ပြင်သို့ ဝင်ရောက်ပြသစေသည်။ ထိုသူ၏ အံ့မခန်းသည့် ပညာစွမ်းကို မင်းကြီး မြင်သည့်အခါ “အသင်၏ဆရာသည် မည်သူနည်း” ဟု မေးပါသည်။ ဖျိုင်းထံမှ သင်ယူရရှိသည်ကို ဝန်မခံလို၍ ဆရာမရှိကြောင်း ဖြေကြားပါသည်။ ထို့နောက် တစ်ဖန် လှံကစားပြန်သော် လှံသွားသည် အာခေါင်၌ စူးဝင်သေဆုံးပါသည်။

အထက်ပါပုံပြင်သည် မြင်ဆရာ၏ ကျေးဇူးကို မသိတတ်၍ အသက်ဆုံးရသည်ကို ပြပါသည်။

**အမ္ဗဇာတ်**

တိရစ္ဆာန်ပင်ဖြစ်လင့်ကစား ကျေးဇူးတရားကို သိတတ်မှုနှင့် ပတ်သက်ပြီး ဗုဒ္ဓဘုရားရှင်က အမ္ဗဇာတ်ကို ဟောပါသည်။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ရသေ့ပြု၍ တပည့် ငါးရာတို့နှင့်အတူ ဟိမဝန္တာတောင်ခြေရင်း၌ နေသည်။ ထိုအချိန်က ဟိမဝန္တာတွင် အပူရှိန်လွန်ကဲသဖြင့် သောက်ရေများ ခန်းခြောက်ကုန်သည်။ ထို့ကြောင့် တိရစ္ဆာန်များ သောက်ရေ မရရှိကြပါ။ ထိုအကြောင်းကို သိသော ရသေ့တစ်ပါးသည် သစ်ပင်ကို ဖြတ်ထွင်းလျက် စားကျင်းပြုလုပ်ကာ ရေများ ထည့်ပြီး တိရစ္ဆာန်များအတွက် သောက်ရေပေးထားသည်။ များစွာသော တိရစ္ဆာန်တို့သည် ထိုစားကျင်းသို့ လာ၍ ရေသောက်ကြသည်။ ရသေ့သည် ရေလျော့နည်းသွားတိုင်း ထပ်ဖြည့်ပေးနေရသဖြင့် သစ်သီးကြီးငယ် ရှာဖွေရန် အချိန်မရပါ။ ထိုအကြောင်းကို သိသော တိရစ္ဆာန်များသည် စုဝေးညှိနှိုင်းတိုင်ပင်၍ ရေသောက်ရန်သွားသော တိရစ္ဆာန်တိုင်း မိမိတို့၏ စွမ်းအားအလျောက် သစ်သီးကြီးငယ်များ ယူဆောင်သွားကြရန် ကတိကဝတ် ပြုကြပါသည်။ ထိုကတိအရ တိရစ္ဆာန်များသည် သစ်သီးကြီးငယ်များကို ယူဆောင်လာခဲ့ကြရာ နေ့စဉ် လှည်းနှစ်ဆယ့်တစ်စီးခွဲတိုက် ပမာဏရှိပါသည်။ ရသေ့ငါးရာတို့သည် ထိုသစ်သီးတို့ကို စားသောက်သော်လည်း နေ့စဉ် ပိုလျှံ၍ နေပါသည်။ ဘုရားလောင်း ရသေ့ကြီးသည် ထိုသစ်သီးများကို ကြည့်၍ “ဝတ်နှင့် ပြည့်စုံသော ရသေ့တစ်ပါးကြောင့် ရသေ့အားလုံးတို့ သစ်သီးများဖြင့် မျှတခြင်း ရှိကြရသည်။ ထို့ကြောင့် ဝီရိယ မည်သည်ကို ပြုရမည်သာ” ဟု ဆုံးမစကား ဆိုပါသည်။

**တိရစ္ဆာန်များပင် ကျေးဇူးသိတတ်လျှင် လူသားများက ကျေးဇူးတရားကို ပိုသိတတ်ရပါမည်။ ကျေးဇူးသိတတ်မှ တန်ဖိုးရှိသည့်လူဖြစ်ပါမည်။**

အိမ်ငှားသည် အိမ်ရှင်အပေါ်တွင် ကျေးဇူးသိတတ်ရပါမည်။ မိမိကို နေစရာအိမ်ပေးသော အိမ်ရှင်သည် ကျေးဇူးရှင် ဖြစ်ပါသည်။ အိမ်ငှားအဖြစ် နေစဉ် မိမိအိမ်ကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အိမ်ငှားရမ်းခကို အချိန်မီပေးခြင်း၊ အိမ်ရှင်က အလိုရှိ၍ အိမ်မှ ဖယ်ပေးရန် ပြောသောအခါ ဖယ်ပေးခြင်းတို့ကို ဆောင်ရွက်လျှင် အိမ်ရှင်ကို ကျေးဇူးဆပ်ရာ ရောက်ပါသည်။ ယနေ့ခေတ်တွင် အိမ်ငှားက အိမ်မှ ဖယ်မပေးလို၍ အိမ်ရှင်ကို တရားပြန်စွဲခြင်း၊ အိမ်လခပေးရန် ပျက်ကွက်ခြင်း စသည်တို့ကို ဝမ်းနည်းဖွယ်ရာ တွေ့နေရပါသည်။ ထိုနည်းတူ အလုပ်သမားများကလည်း မိမိကို အလုပ်ပေးထားသော အလုပ်ရှင်အပေါ် ကျေးဇူးသိတတ်ရန် လိုအပ်ပါသည်။ စားဝတ်နေရေး အဆင်ပြေအောင် မိမိကို အလုပ်ပေးထားသော အလုပ်ရှင်အပေါ် ကျေးဇူးမကန်းရန် အရေးကြီးပါသည်။ အလုပ်သမားက အလုပ်ရှင်ကို ဆန္ဒပြခြင်း၊ အလုပ်ရှင်ကို တရားစွဲခြင်းများသည် ကျေးဇူးကန်းသည့်အပြုအမူများ ဖြစ်ပါသည်။ အလုပ်ရှင်ကလည်း အလုပ်သမားများ၏ ကျေးဇူးကို အသိအမှတ်ပြုရပါမည်။ အလုပ်သမားများသည် မိမိကို စီးပွားတိုးတက်အောင် လုပ်ပေးသူများဖြစ်သည်ဟု အလုပ်ရှင်များက သဘောထား တတ်ရပါမည်။ ဤကဲ့သို့ ကျေးဇူးတရားကို အပြန်ပြန်အလှန်လှန် သိတတ်လျှင် မင်္ဂလာတရားတော်နှင့် ညီသည့်အတွက် ချမ်းသာအောင်မြင်ခြင်းများကို ရပါမည်။

**အလုပ်သမားများကလည်း မိမိကို အလုပ်ပေးထားသော အလုပ်ရှင်အပေါ် ကျေးဇူးသိတတ်ရန် လိုအပ်ပါသည်။ စားဝတ်နေရေး အဆင်ပြေအောင် မိမိကို အလုပ်ပေးထားသော အလုပ်ရှင်အပေါ် ကျေးဇူးမကန်းရန် အရေးကြီးပါသည်။ အလုပ်သမားက အလုပ်ရှင်ကို ဆန္ဒပြခြင်း၊ အလုပ်ရှင်ကို တရားစွဲခြင်းများသည် ကျေးဇူးကန်းသည့်အပြုအမူများ ဖြစ်ပါသည်။ အလုပ်ရှင်ကလည်း အလုပ်သမားများ၏ ကျေးဇူးကို အသိအမှတ်ပြုရပါမည်။ အလုပ်သမားများသည် မိမိကို စီးပွားတိုးတက်အောင် လုပ်ပေးသူများဖြစ်သည်ဟု အလုပ်ရှင်များက သဘောထားတတ်ရပါမည်**

ပြည်သူများကလည်း တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်ရန်နှင့် တရားဥပဒေစိုးမိုးမှု ခိုင်မာပြီး တိုင်းပြည်ငြိမ်းချမ်းသာယာရန် စီမံအုပ်ချုပ်နေသည့် အစိုးရ၏ကျေးဇူးကို သိတတ်ရန် လိုသကဲ့သို့ အစိုးရကလည်း အခွန်မှန်မှန်ပေးဆောင်၍ တရားဥပဒေကို လေးစားလိုက်နာသည့် ပြည်သူများကို ကျေးဇူးတင်ရပါမည်။ အထူးသဖြင့် တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူများသည် ကျေးဇူးတရားကို စောင့်ထိန်းရန် အရေးကြီးပါသည်။

**ကျေးဇူးသိသူ ဘုရင့်နောင်**

ဒုတိယ မြန်မာနိုင်ငံတော်ကို အင်အားကြီးသည့် နိုင်ငံဖြစ်အောင် တည်ထောင်ခဲ့သူ ဘုရင့်နောင်ကျော်ထင်နော်ရထာမင်းတရားကြီးသည် ကျေးဇူးတရားကို အလွန်တန်ဖိုးထားသည်ကို အောက်ပါအဖြစ်အပျက်က ပြပါသည်။

တပင်ရွှေထီးသည် မူးယစ်သောက်စား၍ တိုင်းပြည်၏ အုပ်ချုပ်မှု လျော့ပါးလာသည့်အခါ မှူးမတ်များက ဘုရင့်နောင် ကျော်ထင်နော်ရထာကို ထီးနန်းသိမ်းပိုက်ရန် လျှောက်ထားကြပါသည်။ ထိုအခါ ဘုရင့်နောင်က “အစ်ကိုတို့ ငါတို့ ဘဝရှင် ကျေးဇူးတော်၊ သစ္စာတော် နှစ်ပါးရှိပါသည်။ သည်စကားကို ငါသာကြားစေ၊ အခြား မကြားစေနှင့်၊ သဗ္ဗညုဘုရားတရားတော်မှာလည်း မတော်မမှန်စောင့်ကျင့်သောသူသည် အနှစ်တစ်ရာပင် နေရသော်လည်း၊ တော်မှန်ဖြောင့်မတ်သောသူ တစ်ရက်နေရသည်လောက် မတန်ဟု ဟောတော်မူသည်။ ဘဝရှင်မင်းတရား စိတ်တော်ကို ဖြောင့်၍ အကျိုးအကြောင်းကို လျှောက်ပါဦးမည်” ဟု ပြောပြီး မှူးမတ်တို့၏ အကြံကို လက်မခံခဲ့ပါ။

**ကျေးဇူးတရား**

ကျေးဇူးတရားကို သိတတ်သူသည် ဘုန်းတန်ခိုးကြီးမားမည် ဖြစ်သော်လည်း ကျေးဇူးကန်းသူ၊ ကျေးဇူးတရားတော်ကို မသိတတ်သူသည် တစ်နေ့တခြား စီးပွားချမ်းသာများ ယုတ်လျော့မည်၊ ဒီရေကျသကဲ့သို့ ဘုန်းတန်ခိုးနှင့် တန်ဖိုးများ လျော့ကျမည်ကို ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားက –

> **ဤလူ့ဘဝ၊ လူ့လောက၌၊ ဥဇ္ဇသမ္ဘဇဉ်၊ ကင်းမယှဉ်ဘဲ၊ ကတညုတ၊ ကတဝေဒီ၊ မသိတတ်သူ၊ လူသမာ၊ ထိုများစွာတို့၊ ချမ်းသာစီးပွား၊ လျော့ပါးယိမ်းယိုင်၊ ခိုင်မမြဲဘူး၊ ဓမ္မကရိုဏ် စစ်ရေ၊ ကျဖျားရေသို့၊ သရေမတိုး၊ တန်ခိုးနေ့ညာ၊ ဆုတ်လပမာ၊ ယုတ်တတ်စွာ၏။**

ဟု ဆုံးမခဲ့ပါသည်။

မြန်မာ စကားပုံများတွင်လည်း ကျေးဇူးမသိတတ်သူများနှင့် ပတ်သက်၍ “သားရေပေါ် အိပ်၊ သားရေနားစား” နှင့် “အရိပ်နေနေ၊ အခက်ချိုးချိုး” တို့သည် ထင်ရှားသည့် စကားပုံများ ဖြစ်ပါသည်။ အလုပ်အကိုင်ပေးသူ၊ စားစရာနေစရာ ပေးသူတို့၏ကျေးဇူးကို သိတတ်ရန် သတိပေးပါသည်။ “ကျေးဇူးရှိမှ ကျေးစွပ်သည်” စကားပုံသည် ကျေးဇူးတရားရှိခဲ့သူအပေါ် ပြစ်မှားလျှင် အကုသိုလ် အလွန်ကြီးသည်ကို ဆိုလိုပါသည်။ “တစ်လုတ်စားဖူး သူ့ကျေးဇူး” သည် အစားတစ်လုတ်စားဖူးလျှင်ပင် ကျေးဇူးတရားကို သိတတ်ရမည်” ဟု ဆုံးမပါသည်။

နိဂုံးချုပ်အနေဖြင့် ကျေးဇူးတရားကို သိတတ်မှ တန်ဖိုးရှိသည့် လူသားတစ်ယောက် ဖြစ်ပါမည်။ ပညာရှိသူတော်ကောင်းများက ကျေးဇူးကန်းသူကို လူယုတ်မာအဖြစ် သတ်မှတ်ကြပါသည်။ ကျေးဇူးတရားကို သိတတ်သူသည် မင်္ဂလာတရားတော်နှင့်အညီ ချမ်းသာအောင်မြင်မှုကို ရပါမည်။

**“မှတ်သားစရာ”**

**တိရစ္ဆာန်များပင် ကျေးဇူးသိတတ်လျှင် လူသားများက ကျေးဇူးတရားကို ပိုသိတတ်ရပါမည်။ ကျေးဇူးသိတတ်မှ တန်ဖိုးရှိသည့် လူဖြစ်ပါမည်။**


ကျမ်းကိုး

၁။ ဇာတ်တော် ငါးရာ့ငါးဆယ်။ မာဃဝ ပြုစုသည်။

၂။ မြန်မာစကားပုံ။ မြန်မာစာအဖွဲ့ဦးစီးဌာန။

၃။ မင်္ဂလာသုတ်အဖွင့်။ သုခ။

၄။ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်အရည်အသွေးကို လေ့လာခြင်း။ (ဒုတိယမြန်မာနိုင်ငံတော်) ကျော်ကျော်လှိုင်။


ဗုဒ္ဓအဆုံးအမဖြင့် အောင်မြင်ခြင်းစာအုပ်ပါ အကြောင်းအရာများသည် မင်္ဂလာတရားတော် ၃၈ ပါးအနက်မှ ၃၁ ပါးကို ခေတ်အမြင်ဖြင့် စာရေးသူက တစ်ပါးချင်းလေ့လာပြီး ဘဝအတွေ့အကြုံများပါ ပေါင်းစပ်ရေးသားထားခြင်း ဖြစ်ပါသည်။ စာဖတ်သူပရိသတ်များအနေဖြင့် မင်္ဂလာတရားတော်နှင့်အညီ လောကီအကျိုး၊ လောကုတ္တရာအကျိုးများ ရရှိဆင်ခြင်နိုင်စေရန် စေတနာမွန်ဖြင့် ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

စာတည်းအဖွဲ့

## ကျူးကျော်စစ်ပွဲများမှ အတိတ်သမိုင်းသင်ခန်းစာများ (၂)

# အဖြေရှာခက်ဆဲ လစ်ဗျားပြည်တွင်းစစ်က ပေးသောသင်ခန်းစာ

မြင့်မြတ်

အတိတ်ရဲ့ အရိပ်ဟာ ပစ္စုပ္ပန်အပြောင်းအလဲ အပေါ် ထင်ဟပ်စမြဲ ဖြစ်ပါတယ်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ သုံးပါးစလုံးမှာ နိုင်ငံတော်နဲ့ တိုင်းရင်းသား အကျိုးစီးပွားအတွက် သင်ခန်းစာယူစရာ၊ သုံးသပ်စရာ၊ မျှော်တွေးစရာတွေ အပြည့်နဲ့ ရှိနေပါတယ်။ မနေ့ကဖြစ်ရပ်တွေဟာ ဒီနေ့အတွက် သင်ခန်းစာယူစရာ သမိုင်းဖြစ်သလို ယနေ့ ဖြစ်ရပ်တွေဟာလည်း မနက်ဖန်အတွက် မျှော်တွေးသုံးသပ်ရမယ့်အရာတွေ ဖြစ်သွားပါလိမ့်မယ်။ ကိုယ့်လုပ်ရပ်တိုင်းဟာ နောင်တစ်ချိန် မိမိရဲ့သမိုင်းဖြစ်မှာမို့ ကိုယ်ဘာလုပ်လုပ် သမိုင်းလှပဖို့ လိုပါတယ်။ သမိုင်းကြောင်းကောင်းဖို့ ကိုယ့်ကိုယ်ကိုယ် မညှာမတာ ပြန်လည်သုံးသပ်နေဖို့လိုပါမယ်။

အပြောင်းအလဲကို ဖော်ဆောင်တိုင်းမှာ အခက်အခဲဆိုတာ ရှိတတ်ပါတယ်။ ပြဿနာ ပေါင်းစုံကြုံရတတ်ပါတယ်။ ဒါကို ဒီလိုဖြစ်ရတာဟာ ဟိုလူ့ကြောင့်၊ ဒီလူ့ကြောင့်ဆိုပြီး လက်ညှိုးထိုး၊ ပြဿနာရဲ့ အဓိကရင်းမြစ်ကို မရှာတတ်ခြင်း၊ ရှာနိုင်စွမ်းမရှိခြင်း အကြောင်းတရားများကို ပြန်တူးဆွကြည့်လျှင် အတိတ်ကအဖြစ်အပျက်တွေကနေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ ဖြစ်နေတဲ့ လတ်တလောဖြစ်စဉ်ဖြစ်ရပ်တွေထဲကနေ သင်ခန်းစာ မယူတတ်တာက အဓိကဖြစ်ပါတယ်။ အတိတ်သင်ခန်းစာကို ကောင်းစွာမထုတ်ယူနိုင်တဲ့ နိုင်ငံတစ်နိုင်ငံဟာ collapsed state၊ ထိုမှတစ်ဆင့် failed state အထိ ရောက်ရှိသွားနိုင်ပုံကို လစ်ဗျားနိုင်ငံပြည်တွင်းစစ်ဥပမာနဲ့ လေ့လာကြည့်ကြရအောင်ပါ။

**သမိုင်းထဲကသင်ခန်းစာ**

အတိတ်သမိုင်းသင်ခန်းစာများနဲ့ ပတ်သက်ပြီး အီရတ်စစ်ပွဲနဲ့ ရရှိခဲ့တဲ့ သင်ခန်းစာများကို ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒုတိယအပိုင်းမှာ လစ်ဗျားစစ်ပွဲနဲ့အကျိုးဆက်ရလဒ်များကို ဆက်လက်ဖော်ပြသွားပါမယ်။ လစ်ဗျားလည်း အီရတ်လိုပါပဲ။ ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့က စတင်ခဲ့တဲ့ အမေရိကန်နဲ့ အီးယူအစိုးရတွေ ထောက်ခံတဲ့ ပြည်တွင်းဆူပူအုံကြွမှုတွေနဲ့အတူ လစ်ဗျားနိုင်ငံဟာ ပြည်တွင်းစစ်မီးလျှံအောက်မှာ ရှို့မြိုက်လောင်ကျွမ်းခဲ့ရတာ ယနေ့ထိတိုင်ပါပဲ။

ပြိုင်ဘက်အုပ်စုတွေ ကြမ်းကြ၊ ရမ်းကြတဲ့ အဆင့်ကနေ နိုင်ငံတကာတပ်တွေ ဝင်တိုက်ရတဲ့ အဆင့်ထိရောက်ရလောက်အောင် ထောင်ချောက်ဆင်ခံလိုက်ရတဲ့ လစ်ဗျားခေါင်းဆောင် ကာနယ်မွန်မာကဒါဖီဟာ ဖြုတ်ချခံရပြီး လူမဆန်စွာ အသတ်ခံလိုက်ရတဲ့ အခြေအနေထိ ရောက်သွားခဲ့ရပုံဟာ မေ့ဖျောက်မရတဲ့ သမိုင်းဝင်သင်ခန်းစာ တစ်ခုပါပဲ။ မြောက်အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ လစ်ဗျားနိုင်ငံဟာ ၂၀၁၁ ခုနှစ် လူထုအုံကြွမှုနဲ့ အတူ အမေရိကန်ဦးဆောင်တဲ့ နေတိုး (မြောက်အတ္တလန်တိတ်တပ်) တွေ ဝင်ရောက်တိုက်ခိုက်ခံရပြီး အာဏာရှင်ခေါင်းဆောင် ကဒါဖီ ပြုတ်ကျပြီး ကတည်းက ပြည်တွင်းစစ်နွံနစ်နေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။

ပြည်တွင်းစစ်ကြောင့် ပြည်သူပေါင်း သုံးသောင်းကျော်ခန့် သေဆုံးခဲ့ကာ ငါးသောင်းကျော် ထိခိုက်ဒဏ်ရာရခဲ့ကြပြီးဖြစ်တယ်လို့ သိရပါတယ်။ အရှေ့နဲ့အနောက် နှစ်ပိုင်းပြိုကွဲနေပြီး စင်ပြိုင်အစိုးရနှစ်ရပ်၊ ပါလီမန်နှစ်ရပ်ရဲ့အောက်မှာ



နိုင်ငံတကာ အသိအမှတ်ပြု လစ်ဗျားအစိုးရ၏ တပ်များက နိုင်ငံအရှေ့ပိုင်း၌ စစ်ဆင်ရေးတစ်ခု ဩဂုတ်လအတွင်း ပြုလုပ်စဉ်။ (ဓာတ်ပုံ - ဆင်ဟွာ)

**လစ်ဗျားပဋိပက္ခမှာ ကဒါဖီကျဆုံးပြီးနောက် ၉ နှစ်တာကာလအတွင်းမှာ အချုပ်အခြာအာဏာပျက်သုဉ်းသွားပြီး ပြည်သူတွေရဲ့ လူမှုဘဝတွေ ဆုံးရှုံးနေခဲ့တာ ယခုထိတိုင်ပါပဲ။ ပရမ်းပတာနဲ့ ရေမျောကမ်းတင်ဘဝမှာ နိစ္စဓူဝ စိတ်ပျက်စရာအတိများနဲ့သာ ပြည့်နေပါတယ်။ ပြည်သူအတော်များများဟာ ကဒါဖီခေတ်အုပ်ချုပ်မှုထက်ဆိုးရွားတဲ့ ယနေ့ဘဝတွေကို ငြီးငွေ့နေကြပြီဖြစ်ပါတယ်။ ပုံးကြဲတိုက်ခိုက်မှုတွေနဲ့ အစဉ်မပြတ်တဲ့ ပဋိပက္ခများကြားမှာ ပြည်သူတွေဟာ ကဒါဖီလက်ထက်က တည်ငြိမ်ခဲ့တဲ့ လူမှုစီးပွားဘဝမျိုးကို ပြန်လည်တမ်းတနေကြပြီလို့ ဆိုပါတယ်။ ယခုလိုနောက်ဆက်တွဲဆိုးကျိုးအားလုံးဟာ အမေရိကန်ဦးဆောင်တဲ့ နေတိုးတပ်တွေကြောင့်ပဲ ဖြစ်ပါတယ်**

အုပ်ချုပ်ခံဘဝနဲ့ နေထိုင်နေကြရတဲ့ နိုင်ငံဖြစ်နေပါတယ်။ နိုင်ငံအနောက်ပိုင်း မြို့တော်ထရီပိုလီမှာ ဗဟိုအစိုးရတစ်ခု၊ နိုင်ငံအရှေ့ပိုင်း တိုဘရွတ်မြို့မှာ အတိုက်အခံအစိုးရကတစ်ခုနဲ့ အစိုးရနှစ်ခုဟာ စင်ပြိုင်စစ်တပ်တစ်ခုစီနဲ့ အဆုံးမသတ်နိုင်တဲ့ ပြည်တွင်းစစ်ကို ဆင်နွှဲနေကြဆဲဖြစ်ပါတယ်။ ကုလသမဂ္ဂကထောက်ခံတဲ့ ထရီပိုလီ ဗဟိုအစိုးရရယ်လို့ ရှိပေမယ့် တစ်နိုင်ငံလုံး အာဏာ မသက်ရောက်ဘူးဆိုတဲ့အချက်ကို နှစ်ပိုင်းကွဲနိုင်ငံဘဝနဲ့ သင်းကွဲပြိုင်ဘက် စစ်သွေးကြွအုပ်စု ဂိုဏ်းဂဏကွဲ စစ်နယ်ရှင်တွေရဲ့မပြီးဆုံးနိုင်တဲ့စစ်ပွဲတွေက သက်သေပြနေပါတယ်။

**ဆုတ်ယုတ်မှုအဆုံး တိုးတက်မှုအစ ကဒါဖီလက်ထက်မှာ**

လစ်ဗျားနိုင်ငံဟာ ကမ္ဘာပေါ်မှာ ဧရိယာအားဖြင့် ၁၆ နိုင်ငံမြောက် ကြီးမားကျယ်ပြန့်ပြီး သမ္မတကဒါဖီလက်ထက်မှာ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပါတယ်။ နိုင်ငံရဲ့ မြောက်ဘက်နယ်နိမိတ်ကို မြေထဲပင်လယ်က စိုးမိုးထားပြီး နိုင်ငံအရှေ့ကနေ အနောက်ဘက်နယ်နိမိတ်အထိ ထိစပ်နေတဲ့ အီဂျစ်၊ ဆူဒန်၊ ချဒ်၊ နိုင်ဂျာ၊ အယ်လ်ဂျီးရီးယားနဲ့ တူနီးရှားစတဲ့ အိမ်နီးချင်းနိုင်ငံတွေကတော့ လစ်ဗျားအရေးမှာ အပြန်အလှန် ဝင်ရောက်စွက်ဖက်လေ့ရှိကြတဲ့ နိုင်ငံတွေဖြစ်ကြပါတယ်။ နေတိုးတပ်ဖွဲ့တွေ လစ်ဗျားကို ကျူးကျော်မသိမ်းပိုက်ခင်အထိ လစ်ဗျားဟာ ရေနံသိုက်ကြီးဖင်ခုထိုင်ပြီး အာဖရိကတိုက်မှာ အချမ်းသာအကြွယ်ဝဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပါတယ်။ ကဒါဖီအုပ်ချုပ်ခဲ့တဲ့ ၄၂ နှစ်တာကာလအတွင်း အစိုးရဟာ ပြည်သူတွေအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အားလုံးမှာ ဖွံ့ဖြိုးတိုးတက်အောင်ပြုလုပ်နိုင်ခဲ့လို့ အာဖရိကနဲ့ အာရပ်နိုင်ငံများရဲ့ ခေါင်းဆောင်အဖြစ် အသိအမှတ်ပြု ချီးကျူးဂုဏ်ပြုခံရတဲ့ နိုင်ငံလည်း ဖြစ်ပါတယ်။

အတိတ်၊ ပစ္စုပ္ပန် ၊ အနာဂတ်ဟာ လက်ဆင့်ကမ်းဆက်စပ်နေလေတော့ လစ်ဗျားရဲ့ သမိုင်းကို ပြန်ကြည့်ရင် ဒုတိယကမ္ဘာစစ်အပြီး ပြင်သစ်နဲ့ ဗြိတိန်တို့ရဲ့ ကိုလိုနီလက်အောက်ခံအဖြစ် နေခဲ့ရတဲ့ဘဝက စတင်ရပါလိမ့်မယ်။ ဗြိတိန်နိုင်ငံရဲ့ အားပေးထောက်ခံမှု၊ ကုလသမဂ္ဂရဲ့သဘောတူညီမှုတို့နဲ့အတူ ဆော်ဒီဘုရင်ရဲ့ ထိန်းချုပ်မှုအောက်မှာ သက်ဦးဆံပိုင်ဘုရင်စနစ်နဲ့ အုပ်ချုပ်စိုးစံခဲ့တဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ၁၉၅၁ ခုနှစ် လွတ်လပ်ရေးရသည်အထိ ဘုရင် အိုင်ဒရစ်ရဲ့ အုပ်ချုပ်မှုအောက်မှာ ပြည်သူတွေဟာ မျက်စိပိတ်၊ နားပိတ်ဖြစ်ခဲ့ကြရပါတယ်။ ပင်ရင်းနိုင်ငံသားတွေရဲ့ အကျိုးထက် ဗြိတိန်ရဲ့ စစ်ရေးစီးပွားရေး အကျိုးစီးပွားအားလုံးအတွက် အခွင့်သာစေမယ့် လမ်းအားလုံးကိုသာ ဖွင့်ထားပေးခဲ့ရတယ်လို့ ဆိုရပါမယ်။

ရေနံအရင်းအမြစ်ကို စတွေ့တာက ၁၉၅၉ ခုနှစ်။ ဒါပေမယ့် ပြည်သူတွေအနေနဲ့ ကိုယ့်ပြည်တွင်းက ထွက်တဲ့ သယံဇာတအကျိုးကျေးဇူးမခံစားရဘဲ နိုင်ငံခြားသား အရင်းရှင်တွေရဲ့ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းကိုသာ ခံခဲ့ကြရပါတယ်။ ပြည်သူ့မျက်နှာမကြည့်တဲ့ ဘုရင်စနစ်အောက်မှာ ပညာရေး၊ ကျန်းမာရေး၊ အိမ်ရာ လူမှုဖူလုံရေးစတဲ့ ပြည်သူ့ရေးရာကဏ္ဍအားလုံးဟာ မတိုးတက်ဘဲ ဆုတ်ယုတ်ကျဆင်းသွားခဲ့ပါတယ်။ လူဦးရေ ၄ သန်းမှာ စာရေးနိုင်ဖတ်နိုင်သူ ၂ သိန်း ၅ သောင်းလောက်ပဲရှိသည်အထိ စာတတ်မြောက်မှုနှုန်းဟာ အဆိုးဆုံးအနေအထားမှာ ရှိခဲ့တယ်။ ဒီအကျိုးဆက်တွေကြောင့်ပဲ ၁၉၆၉ ခုနှစ်မှာ ငယ်ရွယ်တဲ့စစ်အရာရှိတွေနဲ့ စုဖွဲ့ထားတဲ့ ဗိုလ်မှူးကြီး ကဒါဖီ ဦးဆောင်တဲ့ စစ်တပ်ရဲ့အာဏာသိမ်းခြင်းခံခဲ့ရပြီး အမေရိကန်နဲ့ ဗြိတိန်တို့ ထောက်ခံတဲ့ ဘုရင်စနစ်ဟာလည်း နိဋ္ဌိတံအဆုံးသတ်သွားခဲ့ရပါတယ်။

**ကဒါဖီလက်ထက် စွမ်းဆောင်နိုင်ခဲ့တဲ့ လူမှုဘဝဖွံ့ဖြိုးမှု**

ဗိုလ်မှူးကြီးကဒါဖီရဲ့ အစကောင်းခြင်းနဲ့အတူ လစ်ဗျားပြည်သူတွေရဲ့လွတ်လပ်မှု အစစ်အမှန်ကို တွေ့မြင်ခဲ့ရပြီး နိုင်ငံကို ထိန်းချုပ်ထားတဲ့ အနောက်အုပ်စု နိုင်ငံခြားသားတွေနဲ့ တပ်ဖွဲ့တွေကတော့ နိုင်ငံကနေ ရုပ်သိမ်းထွက်ခွာခဲ့ကြရပါတယ်။ နိုင်ငံစီးပွားရေးက ရလာတဲ့ အကျိုးအမြတ်နဲ့ ချမ်းသာကြွယ်ဝမှုကို လစ်ဗျားပြည်သူတွေ အညီအမျှ ခွဲဝေခံစားနိုင်ဖို့သည် ကဒါဖီရဲ့ မူဝါဒပဲဖြစ်ပါတယ်။ ကဒါဖီက အာဏာကို ခိုင်ခိုင်မာမာ ထိန်းချုပ်ထားနိုင်တာနဲ့အမျှ ရေနံလုပ်ငန်းဟာ နိုင်ငံပိုင်ဖြစ်လာခဲ့တယ်။

တိုးတက်တဲ့အပြောင်းအလဲတွေ၊ အရွေ့တွေကို ကဒါဖီလက်ထက်မှာ စတင်မြင်တွေ့ခဲ့ရပါတယ်။ သယံဇာတရေနံရဲ့ အကျိုးအမြတ်ကို ပြည်သူတွေ အညီအမျှ ခံစားရခြင်းနဲ့အတူ လူမှုစီးပွားဘဝ ပုံစံအသစ်ကိုလည်း ချမှတ်နိုင်ခဲ့ပါတယ်။ အနောက်နိုင်ငံတွေရဲ့ ရေနံကုမ္ပဏီအားလုံး နိုင်ငံပိုင်အသိမ်းခံလိုက်ရပြီးတဲ့နောက်မှာတော့ လစ်ဗျားပြည်သူအများစုဟာ ဆိုရှယ်လစ်စနစ်မော်ဒယ်လ်တစ်ခုရဲ့ အရသာကို စတင်မြည်းစမ်းခွင့် ရရှိခဲ့ပါပြီ။

အထူးသဖြင့် ပညာရေး၊ ကျန်းမာရေး၊ အိမ်ရာစတဲ့ ပြည်သူ့ရေးရာအားလုံးကို ဆိုရှယ်လစ်စနစ်စီမံကိန်းများနဲ့အညီ အကောင်အထည်ဖော်နိုင်ခဲ့တယ်။ လျှပ်စစ်နဲ့ အခြေခံစားကုန်သောက်ကုန် ကိစ္စတွေမှာလည်း ကဒါဖီအစိုးရက အရှုံးခံဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် ပြည်သူတွေရဲ့ နေထိုင်မှုအဆင့်အတန်းဟာ အလွန်မြင့်မားလာခဲ့ပါတယ်။ ခေါင်းဆောင် ကဒါဖီ အသတ်ခံရတဲ့အချိန် ၂၀၁၁ ခုနှစ်ကာလကို ပြန်ကြည့်ရင် လစ်ဗျားနိုင်ငံရဲ့ ဆင်းရဲမှုပြမျဉ်းဟာ အနောက်ဥရောပက နယ်သာလန်ထက် အနည်းငယ်သာ လျော့နည်းတာကိုလည်း လေ့လာသိရှိရပါတယ်။

ကဒါဖီခေတ်နောက်ပိုင်းမှာတော့ တစ်ဦးချင်း GDP per Capita USD တစ်သောင်း အောက်မှာ လစ်ဗျားပြည်သူ သုံးပုံတစ်ပုံဟာ ဆင်းရဲမှုပြမျဉ်းအောက်မှာ ဆင်းရဲတဲ့ဘဝ ရောက်နေကြရပါပြီ။ ၁၉၆၉ ခုနှစ်မှာ အဆင်းရဲဆုံးနိုင်ငံဖြစ်ခဲ့တဲ့လစ်ဗျားဟာ ၂၀၁၁ ခုနှစ် HDI လူမှုဖွံ့ဖြိုးမှုညွှန်းကိန်းမှာတော့ အာဖရိကတိုက်ရဲ့အဖွံ့ဖြိုးဆုံးနိုင်ငံတစ်နိုင်ငံအဖြစ် ရှိခဲ့ဖူးတယ်ဆိုတဲ့အချက်ဟာ ယနေ့လစ်ဗျားအခြေအနေနဲ့ နှိုင်းယှဉ်မယ်ဆိုရင်တော့ ဒဏ္ဍာရီသဖွယ်သာဖြစ်နေပါလိမ့်မယ်။ *စာမျက်နှာ ၂၂ သို့*

*စာမျက်နှာ ၂၀ မှ*

**ညီညွတ်မှုမတည်ဆောက်နိုင်ခြင်းက အားနည်းချက်တစ်ခု**

၂၀၁၀ UNDP အစီရင်ခံချက်တစ်ခုအရ လစ်ဗျားနိုင်ငံဟာ အရှေ့အလယ်ပိုင်းဒေသနဲ့ အာဖရိကတိုက်မှာ ဖွံ့ဖြိုးအတိုးတက်ဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်ခဲ့တယ် ဆိုတာ အထင်အရှားတွေ့ရပါတယ်။ စာတတ်မြောက်မှု ၈၈ ဒသမ ၄ ရာခိုင်နှုန်း၊ လူ့သက်တမ်း ၇၄ ဒသမ ၅ နှစ်နဲ့ ကျားမတန်းတူညီမျှမှု ကဏ္ဍတွေမှာ တိုးတက်လာတဲ့အပြင် အခြားအပေါင်း လက္ခဏာဆောင်တဲ့ ကဏ္ဍတွေလည်းရှိခဲ့ပါတယ်။ သို့ပေမဲ့ အကောင်းနဲ့ အဆိုး ဒွန်တွဲနေတတ်တဲ့ အစွန်းနှစ်ဘက်ကိုလည်း လစ်ဗျားလူ့အဖွဲ့အစည်းမှာ တွေ့မြင်ခဲ့ရပါတယ်။

ကဒါဖီကိုယ်တိုင်ထိန်းချုပ်ကိုင်တွယ်ရခက်တဲ့ ဒေသဆိုင်ရာ လူမျိုးနွယ်စုပြဿနာတွေပဲ ဖြစ်ပါတယ်။ မူလဆင်းသက်လာပုံချင်း၊ ယဉ်ကျေးမှု ဓလေ့ထုံးစံချင်းမတူညီတဲ့ လူမျိုးစုပေါင်း ၁၄၀ ခန့် ရှိတဲ့ လစ်ဗျားနိုင်ငံမှာ စိန်ခေါ်မှုတွေနဲ့ ပြဿနာများစွာကို ရင်ဆိုင်ခဲ့ရခြင်းပဲ ဖြစ်ပါတယ်။ ခေါင်းဆောင်ကဒါဖီရဲ့ အမှားတစ်ခုက မတူညီမှုပေါင်းစုံနဲ့ ကွဲကွဲပြားပြား ဖြစ်နေတဲ့ လူမျိုးစုတွေကို စည်းလုံးညီညွတ်အောင် မစွမ်းဆောင်နိုင်ခဲ့ ခြင်းပဲ ဖြစ်ပါတယ်။ မတူကွဲပြားသူတွေကို စုစည်းညီညွတ်အောင် ဆောင်ကြဉ်းပေးနိုင်စွမ်းဟာ ခေါင်းဆောင်ကောင်းတို့ရဲ့ အရည်အချင်းတစ်ရပ်ဖြစ်တယ်ဆိုတာ ကဒါဖီအနေနဲ့ မေ့လျော့ခဲ့ပုံပါပဲ။

**နိုင်ငံတကာဆက်ဆံရေးမှာ အားနည်းချက်များရှိခဲ့**

နိုင်ငံတကာရေးရာမှာလည်း ဝါရှင်တန်ရဲ့ ပေါ်လစီတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်လာပြီး အရှေ့အလယ်ပိုင်း အာရပ်နိုင်ငံတွေနဲ့ ပိုပြီးနီးစပ်မှုရှိလာခဲ့တာ တွေ့ရပါတယ်။ အိမ်နီးချင်း အီဂျစ်၊ မော်ရိုကို၊ ဆီးရီးယား၊ တူနီးရှား၊ ချဒ်စတဲ့ နိုင်ငံတွေနဲ့ အတင်းအဓမ္မပူးပေါင်းဖို့ ကြိုးစားခဲ့တဲ့ ရလဒ်က စူပါပါဝါ အမေရိကန်နဲ့ ပိုဝေးကွာသွားရပြီး အာရပ် အာဖရိက နိုင်ငံတွေရဲ့ ဆန့်ကျင်မှုနဲ့ ရင်ဆိုင်ခဲ့ရခြင်းပဲဖြစ်ပါတယ်။ ကဒါဖီဟာ အမေရိကန်နဲ့ အနောက်အုပ်စုကို ဆန့်ကျင်ပြီး ပါလက်စတိုင်းအရေးတော်ပုံအပါအဝင် ပြည်ပတော်လှန်ရေး လှုပ်ရှားမှုတိုင်းကို ထောက်ခံအားပေးကူညီတဲ့ပုံစံနဲ့ နိုင်ငံတကာအရေးတွေမှာ မလိုအပ်ဘဲ ဝင်ရောက်စွက်ဖက်ခဲ့တယ်။ နောက်ဆုံး အနောက်အုပ်စုရဲ့ဒဏ်ခတ်ခြင်းနဲ့သာ ရင်ဆိုင်ရပြီး အိမ်နီးချင်းနိုင်ငံတွေနဲ့လည်း ဆက်ဆံရေး အဆင်မပြေ ဖြစ်ခဲ့ရတယ်။ နိုင်ငံတကာဆက်ဆံရေးကို ကောင်းစွာ မတည်ဆောက်နိုင်တဲ့ လစ်ဗျားခေါင်းဆောင်ရဲ့ အားနည်းချက်တွေဟာ သူကျဆုံးရခြင်းရဲ့ အကြောင်းတရားတစ်ခုအဖြစ် ပါဝင်တယ်ဆိုတာ သင်ခန်းစာယူလို့ရပါတယ်။

**ပဋိပက္ခတိုင်းမှာ ပြည်တွင်းနဲ့ ပြည်ပစွက်ဖက်မှု ရည်မှန်းချက်များမတူညီပါ**

လစ်ဗျားဆူပူအုံကြွမှုဟာ အိမ်နီးချင်း တူနီးရှားကစတင်ခဲ့တဲ့ ၂၀၁၁ ခုနှစ် လူထုဆန္ဒပြပွဲ အာရပ်နွေဦးတော်လှန်ရေးကြီး လစ်ဗျားကို ကူးစက်သွားပြီး ခေါင်းဆောင်ကဒါဖီ သတ်ဖြတ်ခံရမှုနဲ့အတူ တစ်ခန်းရပ်သွားခဲ့ပါတယ်။

> **လစ်ဗျားနိုင်ငံအခြေအနေကြည့်ရင် collapsed state မှာ ရောက်နေတယ်လို့ ဆိုနိုင်ပါတယ်။ ပြေလည်နိုင်ဖို့ကတော့ စင်ပြိုင်ပါတီတွေ၊ ဂိုဏ်းဂဏအဖွဲ့တွေကြားမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ပြန်လည်ရယူနိုင်စွမ်းရှိတဲ့ အဆုံးအဖြတ်ပေးနိုင်တဲ့ အစိုးရတစ်ရပ်တည်းအောက်မှာ ပြည်သူတွေစည်းလုံးညီညွတ်မှုရှိမှသာ ဖြစ်နိုင်ပါလိမ့်မယ်။ တိုင်းပြည်မပြိုကွဲဖို့ရန်သည် ခေါင်းဆောင်များရဲ့ အမြော်အမြင်ကြီးမားမှု၊ စီမံခန့်ခွဲနိုင်စွမ်း၊ လက်ရုံးရည်နှလုံးရည်ပြည့်ဝမှုနဲ့ စည်းရုံးဦးဆောင်နိုင်စွမ်းရှိဖို့ လိုသလို ပြည်သူတွေရဲ့ အသိဉာဏ်ပညာမြင့်မားမှု၊ စည်းလုံးညီညွတ်မှု၊ စည်းကမ်းရှိမှု၊ တွေးခေါ်ဆင်ခြင်နိုင်စွမ်းမြင့်မားမှုနဲ့ ဘေးပယောဂတွေကို နားလည်သိမြင်နိုင်စွမ်းရှိဖို့လည်း အများကြီးလိုပါတယ်။ ဒါမှသာ ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာအာဏာဟာ ကမ္ဘာတည်သရွေ့ ထာဝရတည်တံ့နိုင်မှာဖြစ်ပြီး တိုင်းပြည်လည်းမပျောက်၊ လူမျိုးလည်း မပျောက်၊ သူ့ကျွန်ဘဝလည်း မရောက်မှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်**

တူနီးရှား၊ အီဂျစ်ဆန္ဒပြပွဲတွေနဲ့ လစ်ဗျားအုံကြွမှုမတူတဲ့အချက်က လစ်ဗျားအရေးမှာ အမေရိကန်ထောက်ခံတဲ့ ဘင်ဂါဇီအခြေစိုက် အစ္စလာမ္မစ်အစွန်းရောက်တွေ အကြီးအကျယ်ပါဝင်ပတ်သက်နိုင်ခဲ့လို့ပဲ ဖြစ်ပါတယ်။ ပုန်ကန်သူတွေဟာ ဒေသတစ်ခုကို ခိုင်ခိုင်မာမာ အခြေချ ခြေကုပ်ယူထားနိုင်ခြင်း၊ သောင်းကျန်းသူတွေအပေါ် အစိုးရစစ်တပ်ရဲ့ အပြင်းအထန်ဖြိုခွင်းခြင်းများကြောင့်ပဲ ကုလလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်နဲ့အတူ R2P ဖြင့် မိမိနိုင်ငံထဲ ဝင်ရောက်ကျူးကျော်ခွင့်ကို ခွင့်ပြုလိုက်သလို ဖြစ်သွားရပါတယ်။

မိမိပြည်တွင်းရေးမှာ ပြည်ပအဖွဲ့အစည်းတွေရဲ့ စွက်ဖက်မှုကို မဟန့်တားနိုင်တဲ့ ဒီလိုလွှမ်းမိုးမှုတွေဟာ သတိထားကိုင်တွယ်ရမယ့် အချက်ဖြစ်တယ်ဆိုတာ အထင်အရှားဖြစ်ပါတယ်။ တကယ်တော့ လစ်ဗျားပြည်သူအချင်းချင်းဖြစ်ရတဲ့ ပြည်တွင်းပဋိပက္ခရဲ့ ရလဒ်ထက် ဒေသတွင်းအပြောင်းအလဲဖြစ်ဖို့သာ အမေရိကန်က ပိုအာရုံစိုက်နေခဲ့တာပါ။ လစ်ဗျားနိုင်ငံကြီး ကြီးပွားတိုးတက်ပြီး ဒေသတွင်းခေါင်းဆောင်ဖြစ်လိုတဲ့ ကဒါဖီရဲ့ အိပ်မက်ကို ချေဖျက်ကာ အရှေ့အလယ်ပိုင်းဒေသအတွင်း အမေရိကန်ဩဇာလွှမ်းမိုးပြီး ဒေသရေနံသိုက်တွေကို လက်ဝါးကြီးအုပ်လိုတဲ့၊ အရှေ့အလယ်ပိုင်းဒေသမှာ ရေရှည် မတည်မငြိမ်ဖြစ်စေမယ့် ရည်မှန်းချက်ကို မရရအောင်အကောင်အထည်ဖော်ခဲ့ခြင်းသာ ဖြစ်ပါတယ်။

**အာဏာလေဟာနယ်**

**လစ်ဗျားပဋိပက္ခမှာ ကဒါဖီကျဆုံးပြီးနောက် ၉ နှစ်တာကာလအတွင်းမှာ အချုပ်အခြာအာဏာ ပျက်သုဉ်းသွားပြီး ပြည်သူတွေရဲ့ လူမှုဘဝတွေ ဆုံးရှုံးနေခဲ့တာ ယခုထိတိုင်ပါပဲ။ ပရမ်းပတာနဲ့ ရေမျောကမ်းတင်ဘဝမှာ နိစ္စဓူဝ စိတ်ပျက်စရာအတိများနဲ့သာ ပြည့်နေပါတယ်။ ပြည်သူအတော်များများဟာ ကဒါဖီခေတ်အုပ်ချုပ်မှုထက်ဆိုးရွားတဲ့ ယနေ့ဘဝတွေကို ငြီးငွေ့နေကြပြီဖြစ်ပါတယ်။ ဗုံးကွဲတိုက်ခိုက်မှုတွေနဲ့ အစဉ်မပြတ်တဲ့ ပဋိပက္ခများကြားမှာ ပြည်သူတွေဟာ ကဒါဖီလက်ထက်က တည်ငြိမ်ခဲ့တဲ့ လူမှုစီးပွားဘဝမျိုးကိုပြန်လည်တမ်းတနေကြပြီလို့ ဆိုပါတယ်။ ယခုလို နောက်ဆက်တွဲ ဆိုးကျိုးအားလုံးဟာ အမေရိကန်ဦးဆောင်တဲ့ နေတိုးတပ်တွေကြောင့်ပဲ ဖြစ်ပါတယ်။**

လစ်ဗျားမှာ အာဏာကို ဘယ်သူချုပ်ကိုင်ထားလဲ။ ထရီပိုလီအစိုးရလို့အမည်တွင်တဲ့ တရားဝင်အမျိုးသားကွန်ဂရက်အစိုးရက ပြည့်ပြည့်ဝဝ မချုပ်ကိုင်ထားနိုင်သလို တိုဘရွတ် စစ်နယ်ရှင်ကောင်စီအစိုးရအနေနဲ့လည်း ကုလသမဂ္ဂက အသိအမှတ်ပြုထားတဲ့အစိုးရကို နိုင်အောင် မတိုက်နိုင်ပါဘူး။ အစိုးရနှစ်ရပ်ဖြစ်နေခြင်းက နိုင်ငံရေးမတည်ငြိမ်မှုကိုပြတာပါပဲ။ အစ္စလာမ္မစ်နိုင်ငံရေးသမားတွေနဲ့ လစ်ဘရယ်နိုင်ငံရေးသမားတွေကြားမှာ တိုက်ခိုက်နေမှုက နိုင်ငံစည်းလုံးရေးကို ပြိုကွဲသွားစေပါတယ်။ ဘယ်သူမှ မချုပ်ကိုင်နိုင်တဲ့ အာဏာလေဟာနယ်ကို အခွင့်အရေးယူ အစားထိုးဝင်လာတာက ISIS အစ္စလာမ္မစ်နဲ့ ဂျီဟာဒ်ဝါဒီတွေပါပဲ။ ISIS ဆိုတာကလည်း အမေရိကန်ကမွေးထားခဲ့တဲ့ အဖွဲ့တွေပါ။

**နိုင်ငံခြားတပ်များ ဝင်ရောက်သိမ်းပိုက်ပြီး ဆင်းရဲမှုများရဲ့အဓိကတရားခံ**

ဒါဟာ အမေရိကန် ဝင်သိမ်းအပြီးမှာ ဖြစ်လာတဲ့ အခြေအနေတွေပါ။ ဒုက္ခပင်လယ် ဝေနေရတာကတော့ ပြည်သူတွေပါပဲ။ ပြည်တွင်းစစ်ဒဏ်ကနေ လွတ်မြောက်ဖို့ ပြည်သူတွေ နိုင်ငံရပ်ခြားကို ထွက်ပြေးခိုလှုံနေကြရတယ်။ နယ်သစ်ပယ်သစ်ရှာတဲ့ ဒုက္ခသည်တွေအရေးဟာ ကမ္ဘာ့ပြဿနာရပ်ဖြစ်လာနေပြီး ဖြေရှင်းဖို့အဖြေ ယခုထိရှာမရသေးပါဘူး။ လှေစီးရွှေ့ပြောင်းဒုက္ခသည်တွေ လှေမှောက်လို့ ထောင်ချီသေရတဲ့ သတင်းတွေ၊ ခိုလှုံရာဆိပ်ကမ်းမှာ ကမ်းကပ်ခွင့်မရလို့ ပင်လယ်ပြင်မှာသောင်တင်နေရတဲ့ လှေစီးဒုက္ခသည်တွေရဲ့အရေးဟာ ကမ္ဘာ့သတင်းတွေမှာ နေရာယူနေဆဲဖြစ်ပါတယ်။

ယနေ့ လစ်ဗျားနိုင်ငံဟာ အာဖရိကတိုက်ရဲ့အကြီးဆုံး ရေနံသိုက်ကြီး ပိုင်ဆိုင်ထားပေမယ့် နိုင်ငံလူဦးရေရဲ့ သုံးပုံတစ်ပုံလောက်ဟာ ဆင်းရဲမွဲတေလျက်ပါပဲ။ သန့်ရှင်းတဲ့ သုံးရေသောက်ရေမရတဲ့အပြင် ရေမိလ္လာစနစ်ကလည်း ညံ့ဖျင်းလွန်းပါတယ်။ တရားခံ အကြောင်းတရားတွေထဲမှာ မပြီးဆုံးနိုင်တဲ့ ပြည်တွင်းစစ်၊ အဂတိလိုက်စားမှု ကျယ်ကျယ်ပြန့်ပြန့်ရှိနေခြင်းနဲ့ နိုင်ငံရဲ့အဓိကရင်းမြစ် ရေနံလောင်စာကို စနစ်တကျ မစီမံ မခန့်ခွဲနိုင်ခြင်းတို့က အဓိကဖြစ်ပါတယ်။ နိုင်ငံတကာထောက်ခံမှုအသီးသီးနဲ့ စင်ပြိုင်အစိုးရနှစ်ရပ်အကြားမှာ အရေးကြီးတဲ့ ဗဟိုဘဏ်လို ကိစ္စကအစ ကိုင်တွယ်ထိန်းချုပ်ရ ခက်ခဲနေသလို သောင်းကျန်းသူတွေက ရေနံတွင်းတွေနဲ့ဆက်စပ်အရင်းအမြစ်တွေကို ဖောက်ခွဲဖျက်ဆီးမီးရှို့မှုများကြောင့်လည်း အဖတ်ဆယ်မရတဲ့စီးပွားရေး ပျက်စီးဆုံးရှုံးများကို တွေ့မြင်နေရတာဖြစ်ပါတယ်။

**လစ်ဗျားနိုင်ငံအခြေအနေကြည့်ရင် collapsed state မှာ ရောက်နေတယ်လို့ ဆိုနိုင်ပါတယ်။ ပြေလည်နိုင်ဖို့ကတော့ စင်ပြိုင်ပါတီတွေ၊ ဂိုဏ်းဂဏအဖွဲ့တွေကြားမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ပြန်လည်ရယူနိုင်စွမ်းရှိတဲ့ အဆုံးအဖြတ်ပေးနိုင်တဲ့ အစိုးရတစ်ရပ်တည်းအောက်မှာ ပြည်သူတွေ စည်းလုံးညီညွတ်မှုရှိမှသာ ဖြစ်နိုင်ပါလိမ့်မယ်။ တိုင်းပြည်မပြိုကွဲဖို့ရန်သည် ခေါင်းဆောင်များရဲ့ အမြော်အမြင်ကြီးမားမှု၊ စီမံခန့်ခွဲနိုင်စွမ်း၊ လက်ရုံးရည် နှလုံးရည်ပြည့်ဝမှုနဲ့ စည်းရုံးဦးဆောင်နိုင်စွမ်းရှိဖို့လိုသလို ပြည်သူတွေရဲ့ အသိဉာဏ်ပညာမြင့်မားမှု၊ စည်းလုံးညီညွတ်မှု၊ စည်းကမ်းရှိမှု၊ တွေးခေါ်ဆင်ခြင်နိုင်စွမ်း မြင့်မားမှုနဲ့ ဘေးပယောဂတွေကို နားလည်သိမြင်နိုင်စွမ်းရှိဖို့လည်း အများကြီးလိုပါတယ်။ ဒါမှသာ ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာအာဏာဟာ ကမ္ဘာတည်သရွေ့ ထာဝရတည်တံ့နိုင်မှာဖြစ်ပြီး တိုင်းပြည်လည်း မပျောက်၊ လူမျိုးလည်း မပျောက်၊ သူ့ကျွန်ဘဝလည်း မရောက်မှာ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။** ။

---

# မန္တလေးတိုင်းဒေသကြီး၌ ပန်းခင်းစီမံချက်ဖြင့် လူဦးရေ ၃၈၀၀၀၀ ကျော်အား နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးနိုင်ရန်လျာထား

**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး အတွင်း လူဦးရေ ၃၈၀၀၀၀ ကျော်အား ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် လျာထားဆောင်ရွက်ပေးနေကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဝင်းမြင့်က ပြောကြားသည်။



ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းကို ကိုဗစ်စည်းကမ်းချက်များနှင့်အညီ မြို့နယ်၊ ကျေးရွာအလိုက် ပြည်သူများအတွက် ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၃ ရက်အထိ လူဦးရေ ၁၁၁၀၀၀ ကျော်အား နိုင်ငံသား စိစစ်ရေးကတ်ပြားထုတ်ပေးခဲ့ပြီး အိမ်ထောင်စုလူဦးရေစာရင်း ၁၀၀၀၀ ကျော်ကိုလည်း ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးရန် လျာထားသူ ၂၆၈၀၀၀ ကျော်အတွက် ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"မန္တလေးတိုင်း ဒေသကြီး အတွင်း ပန်းခင်းစီမံချက် ဆောင်ရွက်နေတဲ့အကြောင်းအရာတွေကို ပြည်သူလူထုအတွက် အသိပညာပေးလုပ်ငန်းအကြိမ်ရေ ၃၀၀၀၀ ကျော် ဆောင်ရွက်ပေးခဲ့ပါတယ်။ နိုင်ငံသားကတ်ပြားလုပ်တဲ့အခါ အသက် ၁၀ နှစ်ပြည့်ပြီးသူဖြစ်ရပါမယ်။ ပန်းခင်းစီမံချက်မှာတော့ အသက် ၁၆ နှစ်မှ ၁၈ နှစ်ကြား၊ အသက် ၁၈ နှစ်အထက်တွေကို ဦးစားပေးပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ပြုလုပ်လိုသူတွေ အနေနဲ့ အိမ်ထောင်စုလူဦးရေစာရင်းမူရင်း၊ မိတ္တူ၊ မိဘနှစ်ပါးရဲ့ နိုင်ငံသားစိစစ်ရေး ကတ်ပြားမူရင်း၊ မိတ္တူ၊ ရပ်ကွက်အတွင်း နေထိုင်ကြောင်း အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ မွေးစာရင်းလက်မှတ်မိတ္တူ၊ ကျောင်းနေအရွယ်ဆိုပါက ကျောင်းထောက်ခံချက်ပါရှိရမှာ ဖြစ်ပါတယ်။ သွေးစစ်ဆေးခြင်းနဲ့ ဓာတ်ပုံရိုက်ခြင်းကို နိုင်ငံတော်အစီအစဉ်နဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ၎င်းက ပြောသည်။

ပန်းခင်းစီမံချက်ကို တိုင်းဒေသကြီးအတွင်း ယခုနှစ် မေ ၃ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက် အထိ ၁၈ လကာလ သတ်မှတ်ပြီး ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်အုပ်စုနောက်ဆုံးပွဲစဉ်များကို ဒီဇင်ဘာ ၇ ရက်နဲ့ ၈ ရက်တို့မှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ယခုအပတ်ပွဲစဉ်တွေ မတိုင်မီ ရှုံးထွက်အဆင့်ကို အသင်းအများစု တက်ရောက်ထားနိုင်သော်လည်း နောက်တစ်ဆင့် တက်ရောက်ဖို့အတွက် အဆုံးအဖြတ်ပွဲစဉ်တွေ ပါဝင်နေတာကြောင့် စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

# ရှုံးထွက်အဆင့်တက်ရောက်ရန် ဘိုင်ယန်မြူးနစ်ကို ရေကုန်ရေခန်းယှဉ်ပြိုင်ရမယ့် ဘာစီလိုနာ



### ဂိုးအများဆုံး သွင်းထားသူများ

| အမည် | အသင်း | ဂိုး |
|---|---|---|
| လီဝမ်ဒေါစကီး | ဘိုင်ယန်မြူးနစ် | ၉ |
| ဟယ်လာ | အိုင်းယက်စ် | ၉ |
| အင်ခွန်ကူ | လိုက်ပ်ဇစ် | ၇ |
| ဆာလာ | လီဗာပူး | ၆ |
| စီရော်နယ်ဒို | မန်ယူ | ၆ |
| ဘင်ဇီမာ | ရီးရဲမက်ဒရစ် | ၅ |
| ဆာနေး | ဘိုင်ယန်မြူးနစ် | ၄ |

### ချန်ပီယံလိဂ်အုပ်စုပွဲစဉ် (၆)

| ၇-၁၂-၂၀၂၁ | အင်္ဂါနေ့ |
|---|---|
| ပီအက်စ်ဂျီ - ဘရုဂ် | နံနက် ၀၀:၁၅ |
| လိုက်ပ်ဇစ် - မန်စီးတီး | နံနက် ၀၀:၁၅ |
| အေစီမီလန် - လီဗာပူး | နံနက် ၂:၃၀ |
| ပေါ်တို - အေတီမက် | နံနက် ၂:၃၀ |
| ဒေါ့မွန် - ဘတ်ဆီးတပ် | နံနက် ၂:၃၀ |
| အိုင်းယက်စ် - လစ္စဘွန်း | နံနက် ၂:၃၀ |
| ရီးရဲမက်ဒရစ်-အင်တာမီလန် | နံနက် ၂:၃၀ |
| ရှက်တာဒိုးနက်-ရှီးရစ်ဖ် | နံနက် ၂:၃၀ |
| **၈-၁၂-၂၀၂၁** | **ဗုဒ္ဓဟူးနေ့** |
| ဂျူဗင်တပ်စ် - မယ်လ်မို | နံနက် ၀၀:၁၅ |
| ဇင်းနစ် - ချယ်ဆီး | နံနက် ၀၀:၁၅ |
| ဘိုင်ယန်မြူးနစ်-ဘာစီလိုနာ | နံနက် ၂:၃၀ |
| ဘင်ဖီကာ - ဒိုင်နမိုကိဗ် | နံနက် ၂:၃၀ |
| မန်ယူ - ယန်းဘွိုင်းစ် | နံနက် ၂:၃၀ |
| အတ္တလန္တာ - ဗီလာရီးရဲ | နံနက် ၂:၃၀ |
| ဆောလ်ဘတ် - ဆီဗီလာ | နံနက် ၂:၃၀ |
| ဝုဖ်ဘတ် - လိုင်လီ | နံနက် ၂:၃၀ |

### အုပ်စု (E) မှ အမှတ်ပေးဇယားရပ်တည်မှု

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ဘိုင်ယန်မြူးနစ် | ၅ | ၅ | ၀ | ၀ | ၁၅ |
| ဘာစီလိုနာ | ၅ | ၂ | ၁ | ၂ | ၇ |
| ဘင်ဖီကာ | ၅ | ၁ | ၂ | ၂ | ၅ |
| ဒိုင်နမိုကိဗ် | ၅ | ၀ | ၁ | ၄ | ၁ |

### ဘိုင်ယန်မြူးနစ်နဲ့ ဘာစီလိုနာတို့၏ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| ဘာစီလိုနာ | ၀ - ၃ | ဘိုင်ယန်မြူးနစ် |
| ဘာစီလိုနာ | ၂ - ၈ | ဘိုင်ယန်မြူးနစ် |
| ဘိုင်ယန်မြူးနစ် | ၃ - ၂ | ဘာစီလိုနာ |
| ဘာစီလိုနာ | ၃ - ၀ | ဘိုင်ယန်မြူးနစ် |
| ဘိုင်ယန်မြူးနစ် | ၂ - ၀ | ဘာစီလိုနာ |

## ဘိုင်ယန်မြူးနစ် VS ဘာစီလိုနာ

■ 09–12–2021 | Game Week 6 | KO 02:30

အမှတ်ပေးဇယားရပ်တည်မှုအရ ရှုံးထွက်အဆင့် တက်ရောက်ဖို့ ဘာစီလိုနာအသင်း အနေနဲ့ ယခုပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းကို မဖြစ်မနေ အနိုင်ရရှိဖို့ လိုအပ်နေပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းကို ဘာစီလိုနာအသင်း ရှုံးနိမ့်ပြီး ဘင်ဖီကာအသင်းက ဒိုင်နမိုကိဗ်ကို အသင်းကို အနိုင်ရရှိခဲ့ပါက ဘင်ဖီကာအသင်း နောက်တစ်ဆင့်တက်ရောက်မှာ ဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းနဲ့ ဘာစီလိုနာအသင်းတို့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးကြိမ်မှာ ဘိုင်ယန်မြူးနစ်အသင်းက ဂိုးပြတ်အနိုင်ရရှိထားပါတယ်။ ယခုနှစ်ရာသီမှာ ဘိုင်ယန်မြူးနစ်အသင်းက လီဝမ်ဒေါစကီး ခြေစွမ်းပြမှုနှင့်အတူ အသင်းလိုက်စွမ်းဆောင်ရည်ထက်မြက်နေပြီး ဘာစီလိုနာအသင်းက ပုံမှန်ခြေစွမ်းရဖို့ ရုန်းကန်နေရတာ ဖြစ်ပါတယ်။ ဒါကြောင့် ယခုပွဲစဉ်မှာ ဘာစီလိုနာအသင်းအနေနဲ့ ဘိုင်ယန်မြူးနစ်အသင်းကို အနိုင်ယူပြီး နောက်တစ်ဆင့် တက်ရောက်သွားမလား စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

### ဘိုင်ယန်၏ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| ဘိုင်ယန် | ၅ - ၂ | ဘင်ဖီကာ |
| ဘိုင်ယန် | ၂ - ၁ | ဖရိုင်းဘတ် |
| အော့စ်ဘတ် | ၂ - ၁ | ဘိုင်ယန် |
| ဒိုင်နမိုကိဗ် | ၁ - ၂ | ဘိုင်ယန် |
| ဘိုင်ယန် | ၁ - ၀ | ဘီရယ်ဖီးလ် |

### ဘာစီလိုနာ၏ နောက်ဆုံးငါးပွဲရလဒ်

| | | |
|---|---|---|
| ဒိုင်နမိုကိဗ် | ၀ - ၁ | ဘာစီလိုနာ |
| ဆဲလ်တာဗီဂို | ၃ - ၃ | ဘာစီလိုနာ |
| ဘာစီလိုနာ | ၁ - ၀ | အက်စပန်ညို |
| ဘာစီလိုနာ | ၀ - ၀ | ဘင်ဖီကာ |
| ဗီလာရီးရဲ | ၁ - ၃ | ဘာစီလိုနာ |

## အတ္တလန္တာ VS ဗီလာရီးရဲ

■ 09–12–2021 | Game Week 6 | KO 02:30

အုပ်စု (F) မှာ မန်ယူက ချန်ပီယံလိဂ်ရှုံးထွက်အဆင့်ကို တက်ရောက်ထားလို့ လက်ကျန် တစ်နေရာအတွက် ယခုပွဲစဉ်အနိုင်ရရှိမယ့်အသင်းက တက်ရောက်မှာ ဖြစ်တဲ့အတွက် အကြိတ်အနယ်ရှိမယ့် ပွဲကောင်းတစ်ပွဲပါ။ အတ္တလန္တာက အနိုင်ရရှိမှသာ နောက်တစ်ဆင့်တက်ရောက်မှာဖြစ်ပေမယ့် ဗီလာရီးရဲက သရေတစ်မှတ်ရရင်ပဲ နောက်တစ်ဆင့်တက်ရောက်နိုင်မှာ ဖြစ်ပါတယ်။ နိုင်ပွဲရရှိရေးကို ဦးတည်လာမှာ ဖြစ်တဲ့အတွက် ဘယ်အသင်းကရလဒ်ကောင်းပိုင်ဆိုင်သွားမလဲ စိတ်ဝင်စားဖွယ်ရာပါ။

## ဆောလ်ဘတ် VS ဆီဗီလာ

■ 09–12–2021 | Game Week 6 | KO 02:30

အုပ်စု (G) မှာတော့ ပွဲစဉ် (၅) ပြီးတဲ့အထိ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတဲ့အတွက် အသင်းအားလုံးနောက်တစ်ဆင့်တက်ရောက်ဖို့ မျှော်လင့်ချက်ရှိနေပါတယ်။ အထူးသဖြင့် ဆောလ်ဘတ်နဲ့ ဆီဗီလာအသင်းတို့အနေနဲ့ ယခုပွဲစဉ်မှာ အနိုင်ရရှိမယ့်အသင်းက နောက်တစ်ဆင့်တက်ရောက်မှာဖြစ်လို့ အနိုင်ရရှိရေး အားစိုက်ကစားလာမှာပါ။ ပထမအကျော့ ဆီဗီလာအိမ်ကွင်းမှာ တစ်ဂိုးတစ်ဂိုးစီ သရေကျထားပါတယ်။



### အက်စ်ပီလီကျူတာကို ခေါ်ယူကာ ခံစစ်အင်အားဖြည့်တင်းလိုနေသည့် ဘာစီလိုနာ

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသည် လာမည့်နှစ်တွင် အသင်းကို ပြန်လည်တည်ဆောက်ရန် အတွက် အသင်း၏ အဝယ်ကစားသမားစာရင်းတွင် ချယ်ဆီးအသင်းခေါင်းဆောင် အက်စ်ပီလီကျူတာကို ပစ်မှတ်ထားနေသည်။ အဆိုပါ စွယ်စုံရ စပိန်ခံစစ်ကစားသမားနှင့် ချယ်ဆီးတို့ ချုပ်ဆိုထားသောစာချုပ်သက်တမ်းမှာ လာမည့်နွေရာသီတွင် ကုန်ဆုံးတော့မည် ဖြစ်သည်။

ဘာစီလိုနာအသင်းသည် ညာခံစစ်တွင် အားနည်းမှုများရှိနေပြီး ဆာဂျင်နိုဒက်စ်အနေဖြင့် နည်းပြ ဇာဗီလက်ထက်၌ အဆိုပါ ညာခံစစ်နေရာတွင် ခြေစွမ်းပြသရန် ရုန်းကန်နေရသူဖြစ်သည်။ ဘာစီလိုနာ အသင်းသည် အသက် ၃၉ နှစ်အရွယ် ဒန်နီအဲဗက်စ်ကို ခေါ်ယူထားသော်လည်း အဆိုပါ ကစားသမားအနေဖြင့် ပွဲစဉ်တိုင်းကို ကစားရန် မဖြစ်နိုင်သည့်အတွက် အက်စ်ပီလီကျူတာကို ခေါ်ယူရန် ချိန်ရွယ်နေခြင်း ဖြစ်သည်။

### ဇန်နဝါရီတွင် လင်ဂတ်နှင့် တာကောစကီးတို့ကို နည်းပြ မိုယက်စ် ခေါ်ယူဖွယ်ရှိ

ဝက်စ်ဟမ်းနည်းပြ မိုယက်စ်သည် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှ တိုက်စစ်ကစားသမား ဂျက်ဆီလင်ဂတ်နှင့် ဘန်လေဗဟိုခံစစ်ကစားသမား တာကောစကီးစသည့် ကစားသမားနှစ်ဦး ခေါ်ယူသွားဖွယ်ရှိကြောင်း သတင်းများ ထွက်ပေါ်လာသည်။

ဝက်စ်ဟမ်းအသင်းသည် ယခုနှစ်ရာသီတွင် ခြေစွမ်းပြသထားနိုင်ပြီး ယူရိုပါလိဂ်ပြိုင်ပွဲတွင် နောက်တစ်ဆင့် တက်ရောက်ထားနိုင်သလို ကာရာဘောင်ဖလားပြိုင်ပွဲတွင်လည်း နောက်တစ်ဆင့်တက်ရောက်ထားနိုင်သည်။ သို့သော်လည်း ဝက်စ်ဟမ်းအသင်းသည် ပြီးခဲ့သည့် ပရီမီယာလိဂ်သုံးပွဲတွင် ဝုဖ်၊ မန်စီးတီးအသင်းတို့ကို ရှုံးနိမ့်ထားကာ ဘရိုက်တန်အသင်းကို တစ်ဖက်တစ်ဂိုးစီ သရေကျထားသည်။





### ဂိုမက်ဇ်ကို ဇန်နဝါရီတွင် ဗီလာအသင်း ခေါ်ယူသွားမည်မဟုတ်ဟုဆို

အက်စ်တွန်ဗီလာအသင်းသည် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် အသင်း၏ ကစားသမားအင်အားကို ဖြည့်တင်းသွားဖွယ်ရှိသော်လည်း လီဗာပူးအသင်း ခံစစ်ကစားသမားဂျိုးဂိုမက်ဇ်ကိုခေါ်ယူသွားမည် မဟုတ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အဆိုပါအင်္ဂလန်ကစားသမားသည် ယခုနှစ်ရာသီ လီဗာပူးအသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးနေသူ ဖြစ်သည်။

အသက် ၂၄ နှစ်အရွယ် ဂိုမက်ဇ်သည် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ချာလ်တန်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။ အက်စ်တွန်ဗီလာအသင်းသည် ပွဲစဉ် (၁၄) တွင် မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။ ဗီလာအသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၅ ရက်တွင် လက်စတာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

### နွေရာသီတွင် တီမိုဝါနာကို ခေါ်ယူရန် မန်ယူယာယီနည်းပြ ရန်းနစ်ခ် ဆန္ဒရှိနေ

မန်ယူယာယီနည်းပြ ရန်းနစ်ခ်သည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ချယ်ဆီးတိုက်စစ်ကစားသမား တီမိုဝါနာကို ခေါ်ယူရန် ဆန္ဒပြင်းပြနေသည်။ ရန်းနစ်ခ်သည် ၎င်းလိုက်ပ်ဇစ်အသင်းတွင် နည်းပြခဲ့စဉ်က စတုဂတ်အသင်းမှ တီမိုဝါနာကို အသင်းသို့ ခေါ်ယူခဲ့သူဖြစ်သည်။ တီမိုဝါနာသည် ထိုစဉ်က ရန်းနစ်ခ် လက်အောက်၌ ၃၇ ပွဲပါဝင်ကစားထားပြီး ၁၉ ဂိုးသွင်းယူပေးထားကာ ၁၃ ကြိမ် ဂိုးဖန်တီးမှုပြုလုပ်ထားနိုင်သူ ဖြစ်သည်။

တီမိုဝါနာသည် ယခုနှစ်ရာသီတွင် ချယ်ဆီးအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၂ ပွဲ ပါဝင်ကစားထားပြီး သုံးဂိုးသွင်းယူပေးထားသူ ဖြစ်သည်။ အဆိုပါ ကစားသမားကို မန်ယူအသင်းအပြင် ဘိုင်ယန်မြူးနစ်၊ ဘာစီလိုနာနှင့် ဒေါ့မွန်အသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေသည်။



## သတင်းတိုများ

- မန်ယူနှင့် ဥရုဂွေးတိုက်စစ်မှူး ကာဗာနီ (၃၄နှစ်) သည် နွေရာသီတွင် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေသည်။
- လီဗာပူးအသင်းသည် ပေါ်တိုအသင်းမှ ကိုလံဘီယာတောင်ပံကစားသမား လူးဝစ် ဒီယက်စ် (၂၄နှစ်) ကို ခေါ်ယူရန် ချိတ်ဆက်လုပ်ဆောင်နေသည်။
- မန်ယူတိုက်စစ်မှူး စီရော်နယ်ဒိုသည် ၎င်း၏ ပရော်ဖက်ရှင်နယ် ဂိုး ၈၀၀ ပြည့် ဂိုးကို မန်ယူက အာဆင်နယ်ကို အနိုင်ရရှိသည့်ပွဲစဉ်တွင် သွင်းယူရရှိခဲ့သည်။
- ဝက်စ်ဟမ်းသည် မန်စီးတီးမှ နသန် အကီ (၂၆နှစ်)ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။

■ မိုးဇက် - စုစည်းသည်

# အခွင့်အလမ်းတွေ ယူဆောင်လာပေးမယ့် ပေကျင်းဆောင်းရာသီ အိုလံပစ်



ပေကျင်းဆောင်းရာသီ အိုလံပစ်သင်္ကေတ စိုက်ထူထားသည်ကို တွေ့ရစဉ်။

ကမ္ဘာကြီးကို အတူတကွပေါင်းစည်းဖို့ ပေကျင်းဆောင်းရာသီ အိုလံပစ်ပွဲတွေဟာ အရေးကြီးတဲ့အခန်းက ပါဝင်လာတယ်လို့ ကျွမ်းကျင်သူတွေက ပြောပါတယ်။

တရုတ်နိုင်ငံရဲ့ ဆောင်းရာသီအိုလံပစ်ပွဲကို မျှဝေခြင်း၊ ပွင့်လင်းခြင်း၊ သဘာဝတရားကိုတန်ဖိုးထားခြင်း အမူအကျင့်တွေနဲ့ လက်ခံကျင်းပခြင်းဟာ ကမ္ဘာကြီးအတွက်ကတော့ တကယ့်ကို အကောင်းဆုံး နမူနာပဲ ဖြစ်ပါတယ်။ ပေကျင်းအိုလံပစ်ပွဲဟာ အခြေခံမတူတဲ့ ကမ္ဘာ့အလွှာအသီးသီးက လူမျိုးပေါင်းစုံကို တစ်နေရာတည်းမှာ အတူတကွပါဝင်ဖို့ ကူညီပေးလိုက်တဲ့နေရာတစ်ခု ဖြစ်ပါတယ်။

“မြန်ဆန်၊ မြင့်မား၊ သန်မာလို့ အတူတကွပါဝင်စို့”ဆိုသည့် အိုလံပစ်ဆောင်ပုဒ်ကို ရင်ဝယ်ပိုက်ရင်း တရုတ်နိုင်ငံဟာ ကမ္ဘာကြီးကို အပြုသဘောဆောင်တဲ့ သတင်းစကားတွေ ပေးပို့လိုက်တာပဲ ဖြစ်ပါတယ်။

အထူးသဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ၂၀၂၂ အားကစားပြိုင်ပွဲသည် ပြည်သူတွေပျော်ရွှင်ဖို့ အရင်းအမြစ်တစ်ခုဖြစ်ပါတယ်။

ပါကစ္စတန်အပါအဝင် ကမ္ဘာတစ်ဝန်းလုံးက အားကစားသမားများဟာ အခုလိုကြီးကျယ်ခမ်းနားတဲ့ အားကစားပွဲစဉ်တွေမှာ ပါဝင်ဖို့ ရင်ခုန်စိတ်လှုပ်ရှားနေကြပါပြီ။

မတူညီတဲ့ အားကစားပွဲတွေက တစ်ဆင့်၊ ယဉ်ကျေးမှု ပွဲတွေကတစ်ဆင့် ဒေသတွင်း ပေါင်းစပ်ဆက်သွယ်မှုတွေအတွက် ကူညီထောက်ပံ့ပေးပါတယ်။

ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲမှာ လူပေါင်း သန်း ၃၀၀ လောက်ပါဝင်ယှဉ်ပြိုင်ဖို့ မျှော်မှန်းထားပြီး အားကစားနဲ့ ခရီးသွားကဏ္ဍ၊ မီဒီယာကဏ္ဍအပါအဝင် တခြားကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံဖို့ တရုတ်နိုင်ငံသားများအတွက်သာမက ကမ္ဘာတစ်ဝန်းက စွန့်ဦးတီထွင်တဲ့သူတွေအတွက်ပါ အခွင့်အလမ်းတွေ ယူဆောင်လာပေးမှာဖြစ်ပါတယ်။

**လင်းခေတ်ဆန်**

# အိုလံပစ်ချန်ပီယံဟောင်း ဟယ်လီမာ ဟတ်ချလက်ဖ် တားမြစ်ဆေးအမှုဖြင့် ခြောက်နှစ်အပိတ်ခံရ

မော်ရိုကိုအပြေးသမား ဟယ်လီမာ ဟတ်ချလက်ဖ်သည် တားမြစ်ဆေးဝါးအမှုဖြင့် ခြောက်နှစ်ပိတ်ခံရကြောင်း သိရသည်။

၎င်းမှာ ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် မီတာ ၈၀၀ အပြေးပြိုင်ခဲ့သူဖြစ်ပြီး ဇန်နဝါရီလအတွင်း ရာဘတ်ရှိ ပြိုင်ပွဲတွင် စတီးရွိုက်ဟော်မုန်း သုံးစွဲထားကြောင်း စမ်းသပ်တွေ့ရှိခဲ့သည်။

အဆိုပါဆေးကို ခွင့်းချက်အနေဖြင့် ၎င်းတွင် သုံးစွဲခွင့်မရှိဟု အားကစားသမားစံသတ်မှတ်ရေးအဖွဲ့ က အဆိုပါအမှုစီရင်ချက်ချရာတွင် ပြောကြားခဲ့သည်။ အသက် ၃၃ နှစ်အရွယ် ဟယ်လီမာသည် ယခင်ကလည်း သွေးထဲတွင် တားမြစ်ဆေးတွေ့ရှိသည်ဟု စွပ်စွဲခံရသည့်အတွက် လေးနှစ်အပိတ်ခံရသည်။

ထို့နောက် ကာတာနိုင်ငံ ဒိုဟာမြို့တွင် ၂၀၁၉ ခုနှစ်က ကျင်းပသည့် ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ သို့သော်လည်း မီတာ ၈၀၀ အကြိုဗိုလ်လုပွဲနှင့်သာ ကျေနပ်ခဲ့ရသည်။

**အောင်**



မော်ရိုကိုအပြေးသမား ဟယ်လီမာ ဟတ်ချလက်ဖ်

# နောက်ဆုံးပွဲစဉ်ကို ပြန်ကစားဖို့ စိတ်ပိုင်းဆိုင်ရာ ပြင်ဆင်မှုတွေလုပ်ရဦးမယ့် ဖက်ဒဲရာ



နောက်နှစ်မှာ ပြန်ကစားဖို့မျှော်လင့်ရသော်လည်း ရော်ဂျာ ဖက်ဒဲရာ တစ်ယောက် ဘာမှသက်သေမပြနိုင်သေးပါဘူး။ အသက် ၄၀ ရှိပြီဖြစ်တဲ့ ဖက်ဒဲရာဟာ နောက်ဆုံးပွဲစဉ်ကို ကစားဖို့ စိတ်ပိုင်းဆိုင်ရာ ပြင်ဆင်မှုတွေလည်း လုပ်ဆောင်ရဦးမယ်လို့ ပြိုင်ဘက်ဟောင်း သောမက်စ် ဘားဒက်က ပြောပါတယ်။

ဆွစ်အကျော်အမော် ဖက်ဒဲရာဟာ ဇူလိုင်လမှာ ဝင်ဘယ်လ်တန် ကွာတားဖိုင်နယ်ကို ရှုံးနိမ့်သွားကတည်းက အခုချိန်ထိ ပြန်မကစားသေးတာ ဖြစ်ပါတယ်။ သူဟာ နွေရာသီမှာ တတိယအကြိမ် ဒူးခွဲစိတ်မှုလည်း ခံထားရပါတယ်။ သို့သော်လည်း သူက ၂၀၂၂ ခုနှစ် နှစ်လယ်လောက်မှာ အားကစားလောကကို ပြန်လည်ခြေချဖို့ မျှော်လင့်ထားတယ်လို့ လွန်ခဲ့တဲ့လက ပြောခဲ့ပါတယ်။

ဂရင်းဆလမ်းဆု ၂၀ ပိုင်ဆိုင်ထားတဲ့ ဖက်ဒဲရာဟာ ပြိုင်ပွဲတွေနဲ့ ဝေးနေတာကြာပါပြီ။ မကြာမီမှာ သူ့ရဲ့အနာဂတ်ဟာ ရွှေရောင်တွေ ပြန်တောက်လာဖို့ နီးကပ်နေပါပြီ။

အသက် ၃၄ နှစ်အရွယ် လွန်ခဲ့တဲ့နှစ်နှစ်ကမှ အနားယူခဲ့တဲ့ တင်းနစ်လောကမှာ အချိန်ကာလအတော်ကြာ အဆင့် ၁ မှ ၁၀ ကြားရောက်နေတဲ့ ဘားဒက်က ဖက်ဒဲရာဟာ တင်းနစ်လောကကို သူ့ရဲ့ ကိုယ်ပိုင်ဟန်နဲ့ ပြန်လာမယ်လို့ ပြောပါတယ်။

သူ တင်းနစ်ကစားကွင်းကို ပြန်လာချင် လာပါလိမ့်မယ်။ သူ့ရဲ့ နောက်ဆုံးပြိုင်ပွဲကို သူ့ရဲ့ တစ်ကမ္ဘာလုံးက ပရိသတ်တွေအတွက် ကစားကောင်းလည်း ကစားနိုင်ပါတယ်လို့ လန်ဒန်မှာ ကျင်းပတဲ့ ချန်ပီယံတင်းနစ်ပွဲတွင် ဘားဒက်က သတင်းထောက်များကို ပြောပါတယ်။ ယခုချိန်တွင် ဖက်ဒဲရာဟာ တင်းနစ်ပွဲများကို ပြန်ကစားရန် စိတ်အားထက်သန်လျက် ရှိပါတယ်။

**လင်းခေတ်ဆန်**

# NFL ကစားသမား အန်တိုနီယို ဘရောင်း ကိုဗစ်-၁၉ စည်းကမ်းချက်ချိုးဖောက်မှုဖြင့် ပွဲပယ်ပြစ်ဒဏ်ချ

NFL ကစားသမား အန်တိုနီယို ဘရောင်း အပါအဝင်အခြားသောကစားသမားနှစ်ဦးမှာ ကိုဗစ် -၁၉ စည်းကမ်းများချိုးဖောက်မှုဖြင့် သုံးပွဲ ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရသည်ဟု သိရသည်။

အကယ်၍အသင်းကသာ လက်မှတ်ရေးထိုးခဲ့ပါက ဂျွန်ဖရန်ကလင်းနှင့် မိုက်အက်ဒဝက်တို့သည်လည်း ၎င်းနှင့်အတူ သုံးပွဲပါဝင်ခွင့် ပိတ်ပင်ခံရမည်ဖြစ်သည်။ ၎င်းတို့ သုံးဦးမှာ ကာကွယ်ဆေးထိုးမှုနှင့် ပတ်သက်၍ မမှန်ကန်သည့်အထောက်အထားများ ပြသခဲ့သည်ဟု သိရသည်။ ကစားသမားများ၏ ကျန်းမာရေးနှင့်လုံခြုံရေးမှာ ဦးစားပေးအဆင့်အတန်းဖြစ်ကြောင်း NFL ကစားသမားများအသင်းက သတင်းထုတ်ပြန်သည်။ အသင်းများတွင် ကိုဗစ် –၁၉ စည်းကမ်းများနှင့်အညီ လုပ်ဆောင်ခြင်းရှိမရှိကိုလည်း ဆက်လက်အကောင်အထည်ဖော်သွားမည်ဟု အဆိုပါအသင်းက ဆက်လက်ပြောကြားခဲ့သည်။

**အောင်**

# နွေရာသီတွင် လာကာဇက်၏ နေရာကို ကားဗက်လီဝင်ဖြင့် အစားထိုးရန် အာဆင်နယ် စီစဉ်




အာဆင်နယ်အသင်းသည် လာမည့်နွေရာသီတွင် အသင်းမှ လာကာဇက်၏ နေရာကို အစားထိုးရန်အတွက် အဲဗာတန်အသင်းမှ အင်္ဂလန်တိုက်စစ်ကစားသမား ကားဗက်လီဝင်ကို ပစ်မှတ်ထားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ကားဗက်လီဝင်သည် လက်ရှိတွင် ဒဏ်ရာအနာတရဖြင့် ရုန်းကန်နေရသူဖြစ်ပြီး ယခုနှစ်ရာသီ အဲဗာတန်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် သုံးပွဲသာပါဝင်ကစားခွင့်ရရှိထားသေးပြီး သုံးဂိုးသွင်းယူပေးထားနိုင်သည်။ ကားဗက်လီဝင်နှင့် အဲဗာတန်အသင်းတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ၂၀၂၅ ခုနှစ်အထိ ချုပ်ဆိုထားသည်။

လာကာဇက်သည် ယခုနှစ်ရာသီ အာဆင်နယ်အသင်းတွင် ပုံမှန်ခြေစွမ်းရရှိရန် ရုန်းကန်နေရသည့် ကစားသမားတစ်ဦးဖြစ်ပြီး လက်ရှိအချိန်အထိ ပြိုင်ပွဲစုံ ၁၁ ပွဲတွင် သုံးဂိုးသာ သွင်းယူထားနိုင်သေးသည်။ လာကာဇက်သည် အာဆင်နယ်အသင်းနှင့် ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ရာသီကုန်တွင် ကုန်ဆုံးတော့မည်ဖြစ်သည်။ ထို့ကြောင့် လာကာဇက်အနေဖြင့် အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပါက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာဖွယ်ရှိနေသူလည်း ဖြစ်သည်။

အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်ပွဲစဉ် (၁၄) အပြီးတွင် ရမှတ် ၂၃ မှတ် ရရှိထားသည်။

**အောင်ဇော်**

# ၂၀၂၂ ဆောင်းရာသီအိုလံပစ်နဲ့ လွဲချော်ဦးမယ့် ဗြိတိန်စကိတ်မယ်

ခြေချင်းဝတ်ဒဏ်ရာခံစားနေရတဲ့ ကမ္ဘာ့ချန်ပီယံဟောင်း အီလစ်ခရစ်စတီဟာ ၂၀၂၂ ပေကျင်းဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲတွေကို လွဲချော်သွားဖွယ်ရှိနေပါတယ်။

အသက် ၃၁ နှစ်ရှိ ခရစ်စတီဟာ ယခင် ဆောင်းရာသီအိုလံပစ်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ နောက်နှစ် ပေကျင်းဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မယ်ဆိုရင်တော့ ဒါဟာ သူ့အတွက် လေးကြိမ်မြောက် ပါဝင်ယှဉ်ပြိုင်မှုဖြစ်လာမှာဖြစ်ပါတယ်။ သို့သော်လည်း ဥရောပချန်ပီယံ ၁၀ကြိမ်ဖြစ်ထားသူဟာ ခြေချင်းဝတ်ဒဏ်ရာကြောင့် ပြိုင်ပွဲဝင်ဖို့ မသေချာတော့ဘဲ လွဲချော်ခဲ့တာဖြစ်ပါတယ်။ ခြေချင်းဝတ်ဒဏ်ရာက မိမိကို ပြိုင်ပွဲနဲ့အဝေးဆုံးကို ပို့ဆောင်နေပါတယ်။ မိမိရဲ့ အသည်းတွေ ကွဲကြေကုန်ပါပြီလို့ သူက ပြောပါတယ်။ မိမိကိုထောက်ခံ အားပေးသူတွေအကုန်လုံးနဲ့ ပရိသတ်တွေကို ချစ်တယ်၊ မကြာမီမှာ ပြန်လာပါမယ်လို့ သူကပြောပါတယ်။

**လင်းခေတ်ဆန်**

# ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း

**နေပြည်တော် ဒီဇင်ဘာ ၄**

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ယနေ့တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ်၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှု၍(ယာပုံ) တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၃ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၂၆ ဦး၊ အမျိုးသမီး ၁၃၁ ဦး၊ စုစုပေါင်း ၂၅၇ ဦး၊ ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ခုနစ်ဦး၊ စုစုပေါင်း ၂၃ ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား တစ်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း သုံးဦးတို့ကို လက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၄**

ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့ အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီး ရှစ်ဦး၊ စုစုပေါင်း ၁၆ ဦးတို့ကို လက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါစောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကသာမြို့၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်

**ကသာ ဒီဇင်ဘာ ၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကသာမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတွင် နိုဝင်ဘာ ၃၀ ရက်က အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းအမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် ကသာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်က သင်တန်းသူများအနေဖြင့် သင်တန်းကျောင်းမှ သင်ကြားပေးသည့် အိမ်တွင်းမှုပညာရပ်များကို တတ်မြောက်ကျွမ်းကျင်ပြီး စက်ချုပ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်အောင် ကြိုးစားသင်ယူလေ့လာမှတ်သားကြရန် ပြောကြားသည်။

ဆက်လက်၍ အိမ်တွင်းမှုသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေခိုင်မြင့်ဝင်းက သင်တန်းကျောင်းသမိုင်းနှင့် သင်ကြားမည့်ဘာသာရပ်ဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် သင်တန်းဆင်းသွားသည့် သင်တန်းသူများ၏ လက်ရာများဖြင့် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုသည်။



အဆိုပါ စက်ချုပ်သင်တန်းကို မတ် ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းသူ စုစုပေါင်း ၅၀ ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**

# သီပေါမြို့ရှိ ဈေးများတွင်ရောင်းချသော ဈေးသည်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**သီပေါ ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် သုံးလခန့်ပိတ်ထားခဲ့သည့် မြို့မဈေးကြီးနှင့် ဝက်ဝံဈေးတို့အား ယနေ့မှစ၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများနှင့်အညီ ပြန်လည်ဖွင့်ခွင့်ပြုကြောင်း သိရသည်။



**ဈေးများဖွင့်လှစ်ပေး**

ယခုအခါ သီပေါမြို့ပေါ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုဖြစ်ပွားသူနည်းပါးလာပြီဖြစ်သည့်အတွက် ဒေသခံပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန်ရည်ရွယ်၍ ခရိုင်၊ မြို့နယ်ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီတို့၏ ဆွေးနွေးဆုံးဖြတ်ချက်များအရ မြို့မဈေးနှင့်ဝက်ဝံဈေးတို့ကို ဖွင့်လှစ်ခွင့်ပြုခဲ့သည်။

**စည်းကမ်းလိုက်နာမှုစစ်ဆေး**

ထိုသို့ ဈေးများဖွင့်လှစ်ခဲ့ခြင်းဖြင့် ဈေးရောင်းချသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်း ရှိ/မရှိနှင့် ထုတ်ပြန်ထားသော စည်းကမ်းချက် ၈ ချက်နှင့်အညီ လိုက်နာခြင်း ရှိ/မရှိကို မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စည်နှင့်ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီနှင့် ကျောက်မဲမြို့နှင့် လွိုင်လင်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရုံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၅၀ ဆူ | ၅၇၉ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၃၀. ၂၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၆။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘောလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆

## ကျန်းမာရေးဝန်ကြီးဌာန
## ကရင်ပြည်နယ်ကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်ကုသရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ မတ်လအထိ (၆)လတွင် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အောက်ဖော်ပြပါ အဆောက်အဦ ဆောက်လုပ်ရန်ရှိပါသဖြင့် လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **ဆောင်ရွက်မည့်လုပ်ငန်း**

(က) ကြာအင်းဆိပ်ကြီးမြို့နယ် ဆေးရုံ(၄)ခန်း (၄)ထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း(ဆောင်ရွက်ဆဲလုပ်ငန်း)

(ခ) ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံတိုက်နယ်ဆေးရုံ(၄)ခန်းတွဲ (၁)ထပ်ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း(ဆောင်ရွက်ဆဲလုပ်ငန်း)

(ဂ) သံတောင်ကြီးမြို့နယ် ဘောဂလိတိုက်နယ်ဆေးရုံနှင့်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း(ဆောက်လုပ်ဆဲလုပ်ငန်း)

၃။ **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၆-၁၂-၂၀၂၁ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၅-၁-၂၀၂၂ရက်၊ ညနေ၄နာရီ

**တင်ဒါတင်သွင်းရန်နေရာ** - ကရင်ပြည်နယ်ကုသရေးဦးစီးဌာန၊ ဘားအံမြို့

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ကရင်ပြည်နယ်ကုသရေးဦးစီးဌာန ဖုန်း-၀၅၈-၂၃၄၈၃၊ ၀၅၈-၂၂၇၅၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကရင်ပြည်နယ်ကုသရေးဦးစီးဌာန**

---

## ဖခင်အမည်မှန်

ကန့်ဘလူ၊ အထက(၁)၊ ဒသမတန်း (F)မှ မသူဇာစိုး၏ ဖခင်အမည်မှန်မှာ ဦးထွန်းရွှေ ၅/ကဘလ(နိုင်)၁၃၆၂၅၂ ဖြစ်ပါသည်။

**ဦးထွန်းရွှေ**

---

## အမည်မှန်

မွန်ပြည်နယ်၊ သထုံမြို့နယ်(အထက) နောက်ကုလားရှမ်းရွာ ၊ ဒသမတန်း(B)မှ ဦးမျိုးဝင်း၏သမီး မှတ်ပုံတင်အမှတ် ၁၀/သထန(နိုင်) ၂၆၁၀၇၇၏ အမည်မှန်မှာ နန်းသဲအွန်စော ဖြစ်ပါကြောင်း။

---

## ဒေါ်အင်ကြင်း(တရားလွှတ်တော်ရှေ့နေ)နှင့် ဒေါ်သူဇာနွယ် ၁၂/မရက(နိုင်)၁၂၀၂၆၅ တို့၏ အိမ်မြေအပြီးအပိုင် ငွေပေးချေဝယ်ယူထားသဖြင့် ကန့်ကွက်နိုင်ကြောင်း၊ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၃/ ၂၄/ ၂၅ရက်စွဲများဖြင့် မြန်မာ့အလင်းသတင်းစာတွင် ကြေညာသည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ကြေညာခြင်း

ဦးအင်ဒါယူးဆင်ဝါးလီ(ခ)ဆင်ဝါးလီ ၁/မကန(နိုင်)၀၂၆၂၃၀၊ အမှတ်(၃၅၀)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့နေသူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်အပ်ပါသည်-

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ အမှတ်(၂၁)၊ မြေငှားဂရန်အမည်ပေါက် ဦးအင်ဒါယူးဆင်ဝါးလီ (ခ)ဆင်ဝါးလီ(ဘ)ဦးအင်ဒါယူတူးဝါးလီ ၁/မကန(နိုင်)၀၂၆၂၃၀ ပိုင်ဆိုင်သော ဦးပိုင်အမှတ် (၃+၅)၊ အကျယ်အဝန်း ၀ ဒသမ ၂၀၁ ဧကပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း အဆိုပြုသူ ဦးခရဲန်းဇော်ခေါင် ၁၂/မဂတ(နိုင်)၀၈၇၇၈၆ ထံမှ အထက်ဖော်ပြပါ(၂)ထပ်တိုက်အိမ်အား ဒေါ်သူဇာနွယ် ၁၂/မရက(နိုင်)၁၂၀၂၆၅က အပြီးအပိုင်ငွေပေးချေဝယ်ယူထားပြီးဖြစ်ကြောင်း ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၃/၂၄/၂၅ ရက်စွဲများဖြင့် ကန့်ကွက်နိုင်ကြောင်း မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းကြေညာထားပါသည်။

အထက်ပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ မူလဂရန်အမည်ပေါက်သူ ဒေါ်နန်အောင်အမည်မှ ဦးအင်ဒါယူးဆင်ဝါးလီ(ခ)ဆင်ဝါးလီ အမည်ဖြင့် ဂရန်အမည်ပြောင်းလျှောက်ထားရာတွင် ဦးအင်ဒါယူးဆင်ဝါးလီ(ခ)ဆင်ဝါးလီက ၎င်းကိုယ်စား သက်ဆိုင်ရာရုံးဌာနများတွင် ဂရန်အမည်ပြောင်းသည့်ရုံးကိစ္စအဝဝဆောင်ရွက်နိုင်ရန် ဦးခရဲန်းဇော်ခေါင် ၁၂/မဂတ(နိုင်)၀၈၇၇၆၈ (ဘ)ဦးနော်အောင်အား မြစ်ကြီးနားမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၅-၁၀-၂၀၁၆ ရက်၌ စာအမှတ်(၃၆၁/၂၀၁၆)ဖြင့် အထူးကိုယ်စားလှယ်စာလွှဲအပ်၍ ဆောင်ရွက်စေခဲ့ပါသည်။

ဦးအင်ဒါယူးဆင်ဝါးလီ(ခ)ဆင်ဝါးလီအနေဖြင့် အထက်ပါ ဂရန်အိမ်မြေရာကွက်ကို အခြားသူများထံ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်းစသည့်ကိစ္စရပ်များအတွက် ဦးခရဲန်းဇော်ခေါင်အား အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားခြင်းမရှိကြောင်း လူကြီးမင်းတို့အား သိစေအပ်ပါသည်။ ဦးခရဲန်းဇော် ခေါင်ကို လွှဲအပ်ထားသည့် မြစ်ကြီးနားမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၆၁/၂၀၁၆)ကို ၂-၁၂-၂၀၂၁ ရက်တွင် ဦးအင်ဒါယူးဆင်ဝါးလီ(ခ)ဆင်ဝါးလီမှ ရုပ်သိမ်းကြောင်းစာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ လျှောက်ထားခဲ့ပြီးဖြစ်ပါ သည်။

မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ အမှတ်(၃၅၀)၊ ဂရန်အမှတ် ၉၆/V (၂၀၁၃-၂၀၁၄)၊ ဦးပိုင်အမှတ်(၃+၅)၊ အကျယ်အဝန်း ၀ ဒသမ ၂၀၁ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်သည် ဦးအင်ဒါယူးဆင်ဝါးလီ(ခ) ဆင်ဝါးလီ တစ်ဦးတည်းအမည်ပေါက်ပိုင်ဆိုင်ပြီး ဦးခရဲန်းဇော်ခေါင်အနေဖြင့် ယင်းမြေကွက်ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူမဟုတ်ကြောင်း သိစေအပ်ပါသည်။ ဦးအင်ဒါယူးဆင်ဝါးလီ(ခ)ဆင်ဝါးလီမသိရှိဘဲ ယခုကဲ့သို့ အိမ်မြေအရောင်းအဝယ်ပြုလုပ်ရန် ဆောင်ရွက်နေ ခြင်းမှာ ဥပဒေအရ မမှန်မကန် ပြုလုပ်နေခြင်းဖြစ်ပါသည်။

သို့ပါ၍ ကြေညာစာပါ ဂရန်အိမ်ခြံမြေကွက် အရောင်းအဝယ်ပြုလုပ်မှုအား ဆက်လက်ဆောင်ရွက်ခြင်းမပြုလုပ်ရန် ကန့်ကွက်အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-ဦးအင်ဒါယူးဆင်ဝါးလီ(ခ)ဆင်ဝါးလီ ၁/မကန(နိုင်)၀၂၆၂၃၀**

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အိအိထွေး(LL.B)(D.B.L)** | **ဦးခွန်နောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၈၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၅၃၆)** |

**အမှတ်(၂၀၅)၊ စီတာပူရပ်ကွက်၊ မြစ်ကြီးနားမြို့**

---

## ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန
## ခုတင်(၃၀၀)ဆံ့ကလေးဆေးရုံကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ ခုတင်(၃၀၀)ဆံ့ကလေးဆေးရုံကြီး၌ တက်ရောက်ကုသကြသည့် လူနာများအား ကုသမှုပေးရာတွင် လိုအပ်သည့်အောက်ဖော်ပြပါတို့အား ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) ဆေးဝါးများ (FDA)အသိအမှတ်ပြု

(ခ) သွေးရောဂါနှင့် ကင်ဆာဆေးဝါးများ

(ဂ) ဓာတ်ခွဲခန်းသုံးဓာတ်ဆေးပစ္စည်းများ

(ဃ) ဆေးရုံသုံးပစ္စည်းများ(Consumables)

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချသည့်ရက်** - ၆-၁၂-၂၀၂၁ ရက် (တနင်္လာနေ့)

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၁၂-၂၀၂၁ ရက် (ကြာသပတေးနေ့) ညနေ ၄:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေးပစ္စည်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက မန္တလေးမြို့၊ ခုတင်(၃၀၀)ဆံ့ ကလေးဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ခုတင်(၃၀၀)ဆံ့ ကလေးဆေးရုံကြီး**
**မန္တလေးမြို့**
ဖုန်း-၀၂-၂၈၄၄၆၁၂၊ ၀၂-၄၀၃၃၉၆၅

---

## "အိမ်ခြံမြေဝယ်ယူမည်"ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးသွယ် ၁၂/သဃက(နိုင်)၁၃၀၁၂၈၊ ဦးအောင်ခိုင်မိုး ၁၂/သဃက (နိုင်)၁၃၀၅၇၇သည် "ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၈ရပ်ကွက်၊ ညောင်ရမ်းပန်းခြံ၊ ညောင်ရမ်း၂လမ်း၊ မြေကွက်အမှတ် (၄၄၈/က)၊ မြေတိုင်းရပ်ကွက်(၇)ဟုခေါ်တွင်သော အကျယ်ပေ(၂၀x၆၀)ရှိ မြေချပါမစ်အမျိုးအစား မြေကွက်နှင့်ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"တို့အား စာချုပ်အဆက်ဆက်ဖြင့် တရားဝင်ပိုင်ဆိုင်သူ "ဒေါ်သင်းသင်းမော် ၇/ညလပ(နိုင်)၁၅၆၁၀၉ ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့်စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။အကယ်၍ ကန့်ကွက် မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုဝတ်ရည်ထွေး** | **ဒေါ်နီနီမြင့်(LL.B)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၄၁၉၅၈(၂၁-၆-၂၀၁၃)** | **စဉ်-၃၁၅၄၃(၄-၈-၂၀၀၉)** |
| **အမှတ်(၅၄၇-ခ)၊ ဗိုလ်ချိန်(၂)လမ်း၊** | **အမှတ်(၉၄-ခ)၊စိန်စီဂုဏ်ရောင်လမ်း၊** |
| **၈ရပ်ကွက်၊ ဗိုလ်ချိန်ပန်းခြံ၊** | **၉/၃ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊** |
| **ရွှေပြည်သာမြို့နယ်၊** | **ဖုန်း-၀၉-၄၂၀၂၃၇၂၁၆၊** |
| **ဖုန်း-၀၉-၉၆၃၅၂၉၂၁၆** | **၀၉-၆၈၅၄၃၇၄၄၃** |

---

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်းရိပ်သာ၊ (ဠ)တိုးချဲ့ရပ်ကွက်၊ သုနန္ဒာလမ်း၊ အမှတ်(၁၄၉)ဟုခေါ်တွင်သော မြေနှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် အမည်ပေါက် ဗိုလ်ချုပ်ခင်မောင်ဝင်းထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဒေါ်သန်းနွယ်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်သန်းနွယ်မှာ ၉၆ပါးသောရောဂါဖြင့် ၂၁-၃-၂၀၁၅ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သောသား ဦးညီညီနိုင် ၁၂/မရက(နိုင်)၀၇၁၀၈၅ နှင့် မြေးဖြစ်သူ မဆုမွန်ကိုကို ၁၂/မရက(နိုင်)၁၂၆၇၈၂၊ မောင်ဉာဏ်လင်းမိုး ၁၂/မရက(နိုင်)၁၂၉၈၁၉ နှင့်တကွ အရွယ်မရောက်သေးသည့် မြေး(၂)ဦးကျန်ရစ်ခဲ့ပါသည်။ အထက်ဖော်ပြပါအိမ်သည် အမွေဆိုင်ဖြစ်သည့်အတွက် ဦးညီညီနိုင်၏ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း ပြုလုပ်ခွင့်မရှိကြောင်း ၎င်းအိမ်ကိစ္စနှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးမွန်(LL.B,D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၃၃၉၄၆)(၃-၉-၂၀၁၀)**
**အမှတ်(၃/၁၆၇)၊ ကံ့ကော်လမ်း၊ (၃)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၄၃၀၀၃၈၄၆**

---

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## မန္တလေးခရိုင် တရားရုံးတော်
## ၂၀၂၁ ခုနှစ် တရားမအထွေထွေမှုအမှတ် - ၅၇

**ကွယ်လွန်သူ ဦးစိုးသန်းအောင်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

အကွက်(၃၆၇)၊ သံလျှက်မော်အနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးစိုးသန်းအောင်၏ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်း လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဇနီးဖြစ်သူ ဒေါ်ခင်မြင့်မာက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၃ ရက် (၁၃၈၃ ခုနှစ် နတ်တော်လပြည့်ကျော် ၅ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးစိုးသန်းအောင်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၁ခုနှစ် ဒီဇင်ဘာ ၂၃ ရက် (၁၃၈၃ ခုနှစ် နတ်တော်လပြည့်ကျော် ၅ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ခင်မြင့်မာ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီရိအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

---

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
## ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ (၂၈)ဖွဲ့၏ရုံးများတွင် လုံခြုံရေး CCTV ကင်မရာတပ်ဆင်ခြင်းလုပ်ငန်းအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်အား ဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါအဆိုပြုလွှာရောင်းချမည့်ရက်** - ၆-၁၂-၂၀၂၁ရက်၊(တနင်္လာနေ့)

**တင်ဒါအဆိုပြုလွှာ နောက်ဆုံး တင်သွင်းရမည့်ရက်** - ၂၀-၁၂-၂၀၂၁ရက်၊ (တနင်္လာနေ့)၊ ညနေ ၁၆:၃၀နာရီ

**တင်ဒါဖွင့်လှစ်မည့်ရက်** - ၂၃-၁၂-၂၀၂၁ရက်၊ (ကြာသပတေးနေ့)

၂။ တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

**တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ပဲခူးမြို့**
ဖုန်း-၀၅၂-၂၂၀၀၀၉၃၊ ၀၉-၅၃၀၁၀၉၄၉

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၈လမ်း(အောက်)၊ အမှတ် (၈၂)နေ (ဘ) ဦးညွန့်မောင်၏သားဖြစ်သူ ဦးရာဇာလင်းမောင် ၁၂/ကတတ(နိုင်)၀၂၇၃၀၈၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊အောင်ချမ်းသာ (၁)ရပ်ကွက်၊ ဆရာစံလမ်း၊ အကွက်အမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ မြေကွက်အမှတ် (၅၀၁)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကအကျယ်ရှိမြေမှာ ဦးရွှေမောင်အမည်ပေါက်မြေဖြစ်၍ လ/န-၃၉ရရှိပြီးမြေဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဆက်စပ်စာချုပ်စာတမ်းများဖြင့်ဝယ်ယူ၍ လက်ရောက်ရရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်ကြသည့် ၁။ ဦးကျော်မင်းစိုး(ဘ) ဦးကြင်သန်း ၁၂/မဂတ(နိုင်)၀၇၉၉၆၈နှင့် ၂။ ဒေါ်ပိုင်ဇာသင်း (ဘ)ဦးရွှေတင် ၁၂/သလန(နိုင်)၀၈၈၄၃၆တို့ထံမှ ကျွန်မတို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအားပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း၊အထောက်အထား(မူရင်း)အပြည့်အစုံဖြင့် ကျွန်မတို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အထက်ပါအရောင်းအဝယ်စာချုပ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စမ်းစိမ့်စိမ့်အေး(LL.B)** | **ဒေါ်ခိုင်သူဇာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၈၉၄၉/၂၀၁၃** | **စဉ်-၉၇၃၄/၂၀၁၄** |
| **ဖုန်း-၀၉-၄၂၀၅၃၁၁၀** | **ဖုန်း-၀၉-၄၂၀၅၃၁၀၁** |

**(ရုံးခန်း) ရန်ကုန်(တောင်ပိုင်း)ခရိုင်၊ တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါ်ရွှယ်ဆန့် ၁/မညန(နိုင်)၁၂၁၀၅၂ ၊ အမှတ်(၂၈)၊ မအူပင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ တရုတ်ကျောင်းလမ်း၊ အမှတ်(၄၉)မြေကွက်၏မြေပိုင်ရှင် ဒေါ်ကြင်မြ ပိုင်ဖြစ်သော မြေကွက်ပေါ်ရှိ (၆)ထပ်တိုက်အဆောက်အအုံ၏(၃)လွှာ၊ အကျယ်အဝန်း(၂၅ပေxပေ ၅၀)ရှိ ရေမီးစုံ တိုက်ခန်း(၁)ခန်းနှင့် ယင်းအခန်းတွင်တပ်ဆင်ထားသော ကိုယ်ပိုင်မီတာ(၁)လုံး၊ ကိုယ်ပိုင်ရေမော်တာ(၁)လုံး၊ တယ်လီဖုန်း (၅၂၃၇၈၀)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးကျော်ထွန်း ၁၄/ဖပန(နိုင်)၀၁၄၃၉၈ ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ရွှယ်ဆန့်၁/မညန(နိုင်)၁၂၁၀၅၂က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တရားဝင်ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဖြိုးသန္တာသော်(LL.B)** | **ဒေါ်အိအိဖြိုး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၂၄၄၅/၂၀၁၇)** | **(စဉ်-၅၀၂၈၅/၂၀၁၈)** |

**တိုက်အမှတ်(၁/A)၊ မြေညီ၊ ပုညဝဏ္ဏလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၅၂၂၂၃၀၉၊ ၀၉-၄၂၀၀၄၄၂၇၅**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေကွက်အမှတ်(ပ-၁၀၉၉အေ)၏ မြေချပါမစ်(စလစ်)မူရင်းပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးဌေးအောင် ၅/ဝသန(နိုင်)၀၂၉၄၅၇ (ဘ) ဦးကြည်ရှိန်မှ မြေချပါမစ်(စလစ်)မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်၃၀အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ် (စလစ်) မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## ကျောက်ဆည်ခရိုင်တရားရုံးတော်
## ၂၀၂၀ပြည့်နှစ် တရားမဇာရီမှုအမှတ်-၁၀

| | | |
|---|---|---|
| ဒေါ်လေးလေးနွယ် | **နှင့်** | ၁။ ဦးမျိုးညွန့် |
| | | ၂။ ဒေါ်ခင်ညွန့်ရီ |
| | | ၃။ ဒေါ်သီတာအောင် |
| **တရားနိုင်** | | **တရားရှုံးများ** |

စဉ့်ကိုင်မြို့၊ ရန်နိုင်ရပ်(ယခုနေရပ်လိပ်စာမသိ)ဒေါ်သီတာအောင် သိစေရမည်။

အထက်အမည်ပါ တရားနိုင်က ဤရုံးသို့ တရားရှုံးအား တရားမထောင်တွင် အကျဉ်းချထားစေလိုသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းအကြောင်းပြရန် ၂၀၂၁ခုနှစ် ဒီဇင်ဘာ ၁၃ရက်(၁၃၈၃ခုနှစ် နတ်တော်လဆန်း၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၁ခုနှစ် နိုဝင်ဘာ ၂၂ရက် တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အိအိထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ကျောက်ဆည်ခရိုင်တရားရုံး**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အထက(သကျော)၊ ဆဋ္ဌမတန်းGrade-7မှ မောင်မျိုးဇေယျာဟိန်း၏ဖခင် ဦးမျိုးမင်းသိန်း ၇/ဝမန(နိုင်)၁၀၁၀၃၇ နှင့် ဦးမျိုးဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမျိုးမင်းသိန်း(ခ)ဦးမျိုးဝင်း**

---

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အထက (သကျော) ၊ ဒသမတန်း (သင်ရိုးသစ်Grade-10)မှ မဖြူဖြူသင်းနှင့် ဒသမတန်း (သင်ရိုးဟောင်း Grade-11) မှ မခိုင်သက်၏ ဖခင်အမည်မှန်မှာ ဦးအောင်လင်းထိန် ၁၀/ကထန(နိုင်)၀၈၁၃၅၇ ဖြစ်ပါကြောင်း။

**ဦးအောင်လင်းထိန်**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/6802 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၅၆၆၆၂ ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်စိုး ၁၀/မလမ(နိုင်)၀၄၁၁၅၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၃၀၀၀၃ ယာဉ်လက်ဝယ်ရှိသူ ဦးရွှေကောင်း ၁၀/မဒန(နိုင်)၀၉၂၉၅၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

---

## ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ မုတ်စီကျေးရွာနေ ကျွန်မ မဇာနည်ထွန်း ၅/ရဦန(နိုင်)၁၁၃၅၄၈ ၏ခင်ပွန်းဖြစ်သူ ကိုချမ်းငြိမ်းဝေ (ဘ) ဦးမြင့်ဝေသည် မိသားစုစိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက်နေအိမ်မှထွက်သွား၍ အဆက်အသွယ်မပြုလုပ်သည်မှာ (၄)နှစ်ခန့်ရှိပါသဖြင့် ခင်ပွန်းအဖြစ်မှ ရာသက်ပန် မသက်ဆိုင်ပါကြောင်း ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မဇာနည်ထွန်း**
**၅/ရဦန(နိုင်)၁၁၃၅၄၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့်အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီးအမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## မင်းဘူး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစီမံကိန်းလုပ်ငန်းအားလုံး ပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၇၀ ရရှိမည်ဖြစ်၍ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိမည်



မင်းဘူးမြို့နယ်ရှိ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစီမံကိန်းကို တွေ့ရစဉ်။

မင်းဘူး ဒီဇင်ဘာ ၄

**မင်းဘူးမြို့ မင်းလှကျင်းကျေးရွာအနီးရှိ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစီမံကိန်း အပိုင်း(၁)မှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀ ထုတ်လုပ်ပေးလျက်ရှိပြီး အဆိုပါစီမံကိန်းလုပ်ငန်းများ အားလုံးပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၇၀ ရရှိနိုင်မည်ဖြစ်၍ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။**

အဆိုပါစီမံကိန်းကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်က ဂုတ်ကြီးကွင်း ကွင်းအမှတ် ၁၂၇၃ စီမံကိန်းဧရိယာ ၈၃၆ ဧကဖြင့် ဖွင့်လှစ်ဆောက်လုပ်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဇွန် ၂ ရက်တွင် ဓာတ်အား ၄၀ မဂ္ဂါဝပ်ကို စတင်ထုတ်လွှတ်နိုင်ခဲ့သည်။ အဆိုပါစီမံကိန်းတွင် ဆိုလာပြား ၁၅၉၀၀၀ ကို စီမံကိန်းအဆင့်လေးဆင့်ဖြင့် ဆောင်ရွက်လျက်ပြီး လက်ရှိတွင် စီမံကိန်းအပိုင်း(၁) ဖြင့် မဂ္ဂါဝပ် ၄၀ ထုတ်လုပ်ပြီး ရခိုင်ပြည်နယ် အမ်းမြို့ ဓာတ်အားခွဲရုံသို့ ၂၅ မဂ္ဂါဝပ်နှင့် မင်းဘူးမြို့ မန်းဓာတ်အားခွဲရုံသို့ ၁၅ မဂ္ဂါဝပ် ပို့လွှတ်ထားပြီဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❖

### ကိုဗစ်-၁၉ မျိုးကွဲအသစ်ကြောင့် ကမ္ဘာတစ်လွှား နယ်စပ်များပြန်ပိတ်

စာမျက်နှာ - ၁၄

### ပီတိဖြစ်ခဲ့ရပါသော ကုသိုလ်လေးတစ်ခု



စာမျက်နှာ - ၁၈

## ကန်ပက်လက်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ချောင်းမြောင်း ပစ်ခတ်တိုက်ခိုက်

နေပြည်တော် ဒီဇင်ဘာ ၄

NUG၊ CRPH၊ PDF အမည်ခံ အကြမ်းဖက်သမားများသည် ကျောင်းနေအရွယ် ကလေးသူငယ်များ၏ ပညာသင်ကြားခွင့်ကို အနှောင့်အယှက်ဖြစ်စေရန်နှင့် အေးချမ်းစွာနေထိုင်ကြသော ပြည်သူလူထုကို ထိခိုက်ဒဏ်ရာရရှိစေရန်ရည်ရွယ်၍ အချို့နေရာများတွင် စာသင်ကျောင်းများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ ပစ်ခတ်တိုက်ခိုက်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၃ ရက် နံနက် ၁၁ နာရီခွဲတွင် ချင်းပြည်နယ် ကန်ပက်လက်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား CDF အမည်ခံအကြမ်းဖက်အဖွဲ့မှ အင်အား ၅၀ ခန့်က ကျောင်း၏တောင်ဘက် ဘောလုံးကွင်းအနီးမှလည်းကောင်း၊ ကျောင်း၏ မြောက်ဘက်ရပ်ကွက်အတွင်းရှိ လူနေအိမ်များအတွင်းမှလည်းကောင်း

*စာမျက်နှာ ၁၂ ကော်လံ ၁* ❒

## စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တိုက်ရိုက် (Live) ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၄

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား ကျင်းပပုံများကို ဒီဇင်ဘာ ၇ ရက် နံနက် ၇ နာရီခွဲမှ စတင်၍ MWD Channel၊ MWD Variety Channel နှင့် MRTV တို့မှ တိုက်ရိုက် (Live ) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ချယ်ဆီးကိုအနိုင်ယူပြီး နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့သည့် ဝက်စ်ဟမ်း




ပရီမီယာလိဂ် ပွဲစဉ် (၁၅) ၏ အစောဆုံးပွဲစဉ်အဖြစ် ဝက်စ်ဟမ်းအသင်းနှင့် ချယ်ဆီးအသင်းတို့ ပွဲစဉ်ကို ဒီဇင်ဘာ ၄ ရက် ညပိုင်းက ဝက်စ်ဟမ်းအိမ်ကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲအပြီးတွင် ဝက်စ်ဟမ်းအသင်းက ချယ်ဆီးအသင်းကို သုံးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယခုနှစ်ရာသီတွင် ခြေစွမ်းပြသထားနိုင်သည့် ဒေးဗစ်မိုယက်စ်၏ ဝက်စ်ဟမ်းအသင်းသည်

*စာမျက်နှာ ၁၁ ကော်လံ ၁* ❍

### ၄-၁၂-၂၀၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ

| | |
|---|---|
| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် | ၃၇၄ ဦး |
| ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ | ၈ ဦး |
| ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်း | ၁.၉၂ % |
| Omicron (အိုမီခရွန်) ပျံ့နှံ့သည့်နိုင်ငံပေါင်း | ၃၈ |